# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


သင်မှီခိုရာ၊ ကျွန်းသာယာကို
မြန်စွာပြုစု ဖန်တီးလော့။
လျင်စွာ လုံးပန်း ပညာစွမ်းကို
မပန်း မမော ပြုပါလော့။
ညစ်ကြေး မှုတ်ပစ် ကိလေညစ်တို့
ကင်းလစ်သောခါ သံသရာ၌
မွေးကာ အိုရ ဤဘဝကို
ရဖို့တစ်ဖန် မရှိပြီ။

မလ ဝဂ်
အညစ်အကြေး- ၂၃၈
(မြန်မာပြန်- မင်းသုဝဏ်)


၁၃၇၈ ခုနှစ် တန်ခူးလပြည့်ကျော် ၇ ရက် သောကြာနေ့၊ 29, Friday April 2016 (၈၅၄၆)




## နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သံအမတ်ခန့်အပ်လွှာပေးအပ်

သတင်း စာမျက်နှာ - ၃



## ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်ပြောကြားသွားခဲ့သလို တိုင်းပြည်မှာငြိမ်းချမ်း ရေးအမှန်တကယ်လိုအပ်ပါတယ်။ (စောအိုင်းဇက်ဖိုး)

အင်တာဗျူး စာမျက်နှာ - ၃

# သင်္ကြန်ကာလနောက်ပိုင်း အင်းလေးဒေသသို့ ခရီးသွားဧည့်သည်ဝင်ရောက်မှု လျော့နည်း

**တောင်ကြီး ဧပြီ ၂၈**

သင်္ကြန်ကာလနှင့် နှစ်သစ်ကူးပိတ်ရက်များ ပြီးဆုံးသည့်နောက်ပိုင်းကာလတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်သို့ ပြည်တွင်း/ပြည်ပခရီးသွား ဝင်ရောက်မှု နည်းသွားကြောင်း အင်းလေးဒေသ ဟိုတယ်မန်နေဂျာတစ်ဦးက ပြောသည်။ မြန်မာနိုင်ငံမှာ အဓိကပြည်ပ ဧည့်သည်ဝင်ရောက်တဲ့ ရာသီက "ဘာ"လေး "ဘာ" လို့ဆိုတဲ့ စက်တင်ဘာ နောက်ဆုံးပတ်မှစပြီး အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် အများဆုံးဖြစ်ကြောင်း၊ ဇန်နဝါရီမှစပြီး ဧည့်သည် တဖြည်းဖြည်းကျဲသွားကြောင်း၊ မေမှ စက်တင်ဘာအထိ ဧည့်သည်အလွန်ပါးကြောင်း ဆက်လက်ပြောပြသည်။ ဧပြီနောက်ပိုင်း မေလအထိ ပြည်တွင်းခရီးသွားနည်းသွားပြီး အခန်းခများကိုလည်း ဈေးနှုန်းလျှော့ချပေးထားကြောင်း သိရသည်။

သင်္ကြန်နှင့် နှစ်သစ်ကူးပိတ်ရက်များက ဧည့်သည်နှင့်အခန်းလုံလောက်မှုမရှိကြောင်း၊ ဒီနှစ်အယ်နီညိုကြောင့် အပူမြင့်တော့ တောင်ကြီးဒေသကို ဘုရားဖူးတော်တော်များများလာပြီး ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊

**စာမျက်နှာ ၈ ကော်လံ ၅ သို့**



အင်းလေးကန်သို့ ပြည်တွင်း/ပြည်ပခရီးသွား ဝင်ရောက်မှုနည်းသွားရာ ဧည့်အဝင်နည်းသော အင်းစပ်ရှိ တည်းခိုဆောင်များကို တွေ့ရစဉ်။

## မိုးဦးကာလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် ဧပြီ ၂၈**

**၂၀၁၆ ခုနှစ်၊ မိုးဦးကာလ သတ်မှတ်ခြင်း**

၂၀၁၆ ခုနှစ် မိုးဦးကာလသည် မြန်မာနိုင်ငံအတွင်းသို့ အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်သည့်နေ့မှ ၂၀၁၆ ခုနှစ် ဇွန်လကုန်အထိဖြစ်သည်။

**၂၀၁၆ ခုနှစ် မုတ်သုံလေ ဝင်ရောက်နိုင်မှုအခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ အရပ်ရပ်သို့ အောက်ပါအတိုင်း ဝင်ရောက်ဖွယ်ရာရှိသည်။

(က) မေလ (၁၃-၁၉)ရက်အတွင်း မြန်မာနိုင်ငံ တောင်ပိုင်းဒေသများ

(ခ) မေလ (၂၀-၂၅) ရက်အတွင်း မြစ်ဝကျွန်းပေါ် ဒေသများ

(ဂ) မေလ (၂၈)ရက်မှ ဇွန်လ ၃ ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများနှင့်

(ဃ) ဇွန်လ (၄-၁၀)ရက်အတွင်း မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများ

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်တစ်ကြိမ်နှင့် ဆိုင်ကလုန်းမုန်တိုင်းတစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေ**

မိုးရွာသွန်းမှုအခြေအနေမှာ ကချင်ပြည်နယ်တွင် ရွာသွန်းမြဲထက်ပိုပြီး **စာမျက်နှာ ၉ ကော်လံ ၄ သို့**




ကြေးမုံ

# သဘာဝကို ထိန်းသိမ်းခြင်းဖြင့် လောကကို စောင့်ရှောက်စို့

သဘာဝတရားကြီးက လူတို့ကို အမျိုးမျိုးသတိပေးနေသည်။

ပူသည့်နေရာများတွင် အလွန်အမင်းပူပြင်းနေပြီး အေးသည့်ဒေသတို့တွင် ခိုက်ခိုက်တုန်။ ရေရှားပါးသည့် ဒေသများတွင် သောက်သုံးရေပင် ခက်ခက်ခဲခဲ စုဆောင်းရယူနေရပြီး အချို့သောနေရာများတွင် ရေကြီးရေလျှံသည့်ဒဏ်ကို လူးလိမ့်နေအောင် ခံနေကြရသည်။

ငလျင်ဒဏ်၊ ဆူနာမီဒဏ်၊ မြေပြိုသည့်ဒဏ်၊ မိုးခေါင်သည့်ဒဏ်၊ မိုးကြီးသည့်ဒဏ်. . .။

အမှန်တော့ ဤသည်ကိုပဲ သဘာဝတရားကြီးက လူတို့ကို သတိပေးနေပြီဟု တင်စားဖွဲ့နွဲ့ပြောဆိုနေကြခြင်းဖြစ်သည်။ ယင်းဖော်ပြပါ သဘာဝဘေးအန္တရာယ်ဆိုသည်တို့ အားလုံး ဖြစ်ပေါ်လာရခြင်းမှာ သဘာဝက ရင်းမြစ်များကို လူတို့ မဆင်မခြင်သုံးစွဲမှုကြောင့် ဖြစ်ရသည်ဟု သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာရှင်များက ပြောဆိုရှင်းပြနေကြပြီ။ မြေပေါ်မြေအောက် သဘာဝသယံဇာတများကို လူတို့ ထုတ်ချင်သလိုထုတ်၊ သုံးချင်သလိုသုံးခဲ့ကြခြင်း၏နောက်မှာ သဘာဝပျက်စီးမှုများနှင့် သဘာဝဘေးအန္တရာယ်များက လိုက်လာခြင်းဖြစ်သည်။

ယခုတလော မြန်မာနိုင်ငံတွင်းရှိ နေရာဒေသ အများအပြားတွင် ရာသီဥတုပူပြင်းခြင်းကို ညည်းတွားပြောဆိုနေကြသည်။ အခါလွန်လာသည်အထိ သင်္ကြန်လက်ဆေးမိုးလည်း မရွာ၊ အခါလွန်မိုးလည်း မလာ။ ပိတောက်ပန်းတို့ပင် မပွင့်နိုင်။ အဖူးဘဝနှင့်ကြွေခဲ့ရသည့် ပိတောက်ပင်တို့က နေရာတော်တော်များများမှာ ရှိနေသည်။

သည်လိုအချိန်မှာ မိုးသီးများကြွေ၍ အထိတ်တလန့်ဖြစ်ရသည့် သတင်းများ၊ ပြိုပျက်ဆုံးရှုံးမှုသတင်းများ ထွက်ပေါ်လာပြန်ပါသည်။ သီးနှံစိုက်ခင်းအချို့လည်း ပျက်စီးကြသည်ဟု သိရသည်။ သဘာဝအနေအထားများ ပျက်ယွင်းလာသည့်အခါ သဘာဝ၏ တုံ့ပြန်မှုများကလည်း မူမှန်မဟုတ်။

ယင်းတို့နှင့်အတူ သတိတရရှိဖို့ကောင်းသည်က-

မြန်မာနိုင်ငံ တစ်နံတစ်လျားက စိမ်းညို့အုံ့ဆိုင်းနေသော သစ်ပင် သစ်တောကြီးတို့ ပျောက်ဆုံးသွားခဲ့သည်များ. . .။

တိုင်းပြည်၏ ပင်မ အသက်သွေးကြောများသဖွယ် ဖြစ်သည့် မြစ်ကြီးများ ကောကုန်ခြင်း၊ တိမ်ကုန်ခြင်း၊ သောင်များထွန်း၍ လမ်းကြောင်းပြောင်းကုန်ခြင်းများ. . .။

မျိုးစေ့ကြဲချလိုက်ရုံနှင့် အပြိုင်းအရိုင်း ကြီးထွားစည်ဝေလာသော သီးပင်စိုက်ပင်တို့ ပေါ်ထွန်းရာ မြေဆီမြေလွှာတို့မှာ ဓာတုစွန့်ပစ်ပစ္စည်းတို့ ဖုံးလွှမ်းလာမှုကြောင့် ခြောက်သယောင်းလာခြင်း၊ သိမ်လှီသည့် အပင်များကိုသာ မွေးဖွားနိုင်တော့ခြင်းများ. . .။

သဘာဝကို အတတ်နိုင်ဆုံး ထိန်းသိမ်းကြဖို့လိုပြီ။

နိုင်ငံသားတစ်ဦးချင်းစီ၌ သဘာဝပတ်ဝန်းကျင်ကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြဖို့လိုသည်ဟူသည့် အသိရှိကြဖို့လိုပြီ။

အတိတ်က ဆင်ခြင်ဉာဏ်ကင်းမဲ့သူတို့၏ လုပ်ရပ်တို့ကို ခါးသီးသော သင်ခန်းစာများအဖြစ် မှတ်ယူကာ-

သစ်ပင်သစ်တောများ ပြန်လည်စိုက်ပျိုးကြပါစို့။

မြစ်ချောင်းအင်းအိုင်တို့ကို ထိန်းသိမ်းကာကွယ်ကြပါစို့။

သဘာဝ တောကောင် ကျေးငှက်တိရစ္ဆာန်များကို ဝိုင်းဝန်းစောင့်ရှောက်ကြပါစို့။

မိမိတစ်ကိုယ်ကောင်း စည်းစိမ်ချမ်းသာအတွက် သဘာဝတရားကြီးနှင့် လူသားအားလုံးကို စတေးရမည့် အကုသိုလ်ကို ရှောင်ရှားကာ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်သည့်နည်းဖြင့် ကုသိုလ်ပွားများနိုင်ကြပါစေ။ ။

# မဲခေါင်စာပေဆုအတွက် ဖိတ်ခေါ်

**ရန်ကုန် ဧပြီ ၂၈**

ဗီယက်နမ်၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ မြန်မာနှင့် တရုတ်နိုင်ငံ(ယူနန်ပြည်နယ်) တို့ပါဝင်သည့် မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများအတွက် ချီးမြှင့်မည့် (၇)ကြိမ်မြောက် မဲခေါင်စာပေဆုချီးမြှင့်ပွဲကို ၂၀၁၆ ခုနှစ် ဇွန်လ ဒုတိယပတ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်၌ ကျင်းပမည်ဖြစ်ရာ အဆိုပါစာပေဆုအတွက် မြန်မာစာရေးဆရာများ ရေးသားဖန်တီးသည့်စာပေလက်ရာများ တင်သွင်းနိုင်ကြောင်း သိရသည်။

ထိုသို့တင်သွင်းရာတွင် မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ထုတ်ဝေထားသောစာပေလက်ရာများဖြစ်ရမည်ဖြစ်ပြီး ၂၀၁၅ ခုနှစ်အတွင်း ပုံနှိပ်ထုတ်ဝေပြီး စာအုပ်ဖြစ်ရမည်ဖြစ်ကာ စာရေးဆရာသည် သက်ရှိထင်ရှားရှိနေရမည်ဖြစ်သည်။

ထို့ပြင် ကဗျာနှင့်ရသစာပေဟူ၍ နှစ်မျိုးရှိရာ ဝတ္ထုတိုအက်ဆေးဖြစ်ပါက (၂)ပုဒ်၊ ဝတ္ထုရှည်ဖြစ်ပါက ဝတ္ထုရှည်ထဲမှ အခန်း(၂)ခန်း၊ ကဗျာဖြစ်ပါက (၅)ပုဒ်ကို တင်သွင်းရန်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်စာပေလက်ရာများကို မဲခေါင်စာပေဆုအတွက် မြန်မာနိုင်ငံအတွင်း ပဏာမစာပေဆုရွေးချယ်ရေးအဖွဲ့က စိစစ်ဖတ်ရှုပြီး ရွေးချယ်၍အဖွဲ့ဝင်(၆)နိုင်ငံပါဝင်သော မဲခေါင်စာပေဆု ရွေးချယ်ရေးကော်မတီသို့ ဆက်လက်ပေးပို့ကာ ရွေးချယ်အတည်ပြုမည်ဖြစ်ကြောင်း၊ ထိုကော်မတီမှ ရွေးချယ်အတည်ပြုသည့် စာပေလက်ရာတစ်ခုလျှင် အမေရိကန်ဒေါ်လာ ၅၀၀ မှ ၁၀၀၀ ကြား ဆုကြေးငွေချီးမြှင့်မည်ဖြစ်ပြီး ဆုပေးပွဲကျင်းပသည့်နိုင်ငံသို့ သွားရောက်လက်ခံရယူရမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်လိုသူများအနေဖြင့် မေလ ၆ ရက်နောက်ဆုံးထားကာ ကိုယ်တိုင်ရေးပြိုင်ပွဲဝင်လျှောက်လွှာနှင့်အတူ (ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းနှင့် ဓာတ်ပုံ ၁ လက်မခွဲ×နှစ်လက်မ)နှစ်ပုံပူးတွဲ၍ (အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ပြိုင်ပွဲဝင်စာပေမိတ္တူနှစ်စုံနှင့် မူရင်းစာအုပ်များအား) ပဏာမမဲခေါင်စာပေဆု ရွေးချယ်ရေးကော်မတီ မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ်(၁၇၃/၁၇၅) (၇ လွှာနှင့် ၈ လွှာ) ပန်းဆိုးတန်း(အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၅၂၇၃၊ ၀၁-၂၅၂၄၁၇ သို့ပေးပို့ကြရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစာရေးဆရာအသင်းမှ သိရသည်။

**(သတင်းစဉ်)**

# အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် လာမည့်မိုးစပါးအတွက် ကြိုတင်ပြင်ဆင်မှုများလုပ်ဆောင်သင့်

**မန္တလေး ဧပြီ ၂၈**

အယ်နီညိုဖြစ်စဉ်ကြောင့် ကြုံတွေ့လာရမည့်ရာသီဥတုဖောက်ပြန်မှုများသည် လာမည့်မိုးစပါးစိုက်ပျိုးရာတွင် ထိခိုက်မှုများရှိလာနိုင်သဖြင့် ပြည်သူ့အစိုးရနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းဆွေးနွေး၍ ကြိုတင်ပြင်ဆင်သည့် လုပ်ငန်းများဆောင်ရွက်ထားသင့်ကြောင်း မန္တလေးဆန်စပါးအသင်းဥက္ကဋ္ဌ ဦးသိန်းဇော်က အကြံပြုပြောကြားသည်။

"အယ်နီညိုကြောင့် ရာသီဥတုဆိုးရွားမှုတွေစတင်နေပေမယ့် ယခုဧပြီလမှာ ထွက်တဲ့နွေစပါးကို ထိခိုက်မှုမရှိခဲ့ဘူး။ ဒါပေမယ့် မိုးစပါးစိုက်ပျိုးတဲ့ကာလမှာတော့ ထိခိုက်လာနိုင်တယ်။ ဥပမာမိုးခေါင်လို့ ရေပြတ်လပ်တာတွေ၊ မိုးကြီးတာတွေ၊ လေပြင်းတိုက်တာတွေစသဖြင့်ပေါ့။ဒါတွေဖြစ်လာခဲ့ရင် ဘယ်လိုဖြေရှင်းကြမလဲဆိုတာကို ဒီ၂ ဖွဲ့တွေ့ဆုံပြီး ကြိုတင်ဆွေးနွေးပြင်ဆင်ထားဖို့လိုအပ်တယ်လို့ထင်ပါတယ်။ဒါမှပြည်တွင်းစားသုံးမှုဖူလုံဖို့နဲ့ ဈေးနှုန်းကြီးမြင့်မှုတွေကိုကာကွယ်နိုင်မှာဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

သင်္ကြန်ပြီးကာလ မန္တလေးဆန်ဈေးကွက်အခြေအနေမှာ သင်္ကြန်တွင်းရက်ရှည်ပိတ်ရက်များအပြင် ပူပြင်းသောအပူချိန်ကြောင့် လုပ်အားကျဆင်းမှုများနှင့်အတူ ကုန်စည်စီးဆင်းမှုနှောင့်နှေးခြင်းတို့ ဖြစ်ပေါ်ခဲ့သော်လည်း တရုတ်နိုင်ငံသို့တင်ပို့မှုနည်းပါးသွားသည့်အတွက် ဈေးနှုန်းသိသာစွာ မြင့်တက်သွားခြင်းမျိုးမရှိကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

"ဆန်အိတ်တွေက ရေဝတီဆိပ်ကမ်းမှာရောက်နေပေမယ့် သင်္ကြန်ပိတ်ရက်ကြောင့် လုပ်သားကမစုံဘူး။ ဒါ့အပြင် နေကတအားပူတော့ အလုပ်လုပ်နိုင်တဲ့နှုန်းက ကျသွားတယ်။ ဒါကြောင့် ကုန်တွေရောက်နေပေမယ့် သင်္ဘောပေါ်ကချဖို့ရက်ရှည်စောင့်ရတယ်။ ဒါကြောင့် ဆန်တစ်ပိုင်းကို ငွေကျပ် ၈၀၀ ကနေ ကျပ် ၁၀၀၀ လောက်တက်သွားတာပါ။လက်ရှိမှာ တရုတ်နိုင်ငံကငွေဈေးကျပြီးအဖမ်းအဆီးများနေတာကြောင့် မြန်မာကုန်သည်တွေဈေးမကိုက်တဲ့အတွက် တင်ပို့မှုနည်းသွားတယ်"ဟု၎င်းက ဆိုသည်။

လက်ရှိမန္တလေးဆန်ဈေးကွက်တွင် ရွှေဘိုပေါ်ဆန်း(အသစ်) တစ်အိတ်လျှင် ငွေကျပ်၄၁၀၀၀-၄၁၅၀၀ နှုန်း၊အဟောင်းတစ်အိတ်လျှင် ငွေကျပ် ၄၈၀၀၀ နှုန်း၊ ရန်ကုန်ပေါ်ဆန်းတစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀-၃၅၀၀၀နှုန်း၊မဂျမ်းတောမှာ ငွေကျပ် ၄၁၀၀၀-၄၂၀၀၀နှုန်း၊ ရေမင်း (မုံရွာ)မှာ ငွေကျပ် ၃၈၀၀၀-၃၉၀၀၀နှုန်း၊နွေစပါး(ဇီယာ) ငွေကျပ် ၂၂၀၀၀-၂၃၅၀၀နှုန်း၊ ဆင်းသုခမှာ ငွေကျပ် ၂၆၀၀၀-၂၇၀၀၀နှုန်းရှိနေပြီး လက်ရှိတွင် နွေစပါး(ဇီယာ)မှာဈေးနှုန်းသင့်သဖြင့် အရောင်းသွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**




ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

The Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သံအမတ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မေ ၂၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ မွန်ဂိုလီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် သံအမတ်ကြီး မစ္စတာ တက်စ်ဘီလ်ဂူအန်း တူမာကူလာဒ်သည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ယနေ့ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ မွန်ဂိုလီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာ တက်စ် ဘီလ်ဂူအန်း တူမာကူလာဒ် သံအမတ်ခန့်အပ်လွှာပေးအပ်စဉ်။ (သတင်းစဉ်)

## အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း

ပြည်သူများသိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

**အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၇၈ ခုနှစ်၊ လ ရက်**

**(၂၀၁၆ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ အရေးပေါ်စီမံမှုအက်ဥပဒေ(၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၁၇) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

## ဝန်ထမ်းအဖွဲ့ အစည်းအကြီးအမှူး အစမ်းခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလွင်အား မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## သောက်သုံးရေ ဖြန့်ဝေ

**ရန်ကုန် မေ ၂၈**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်အတွင်းရှိ ငါးပြေမကျေးရွာသို့ မေ ၈ ရက်တွင် သောက်ရေသန့် ၂၆၅ ဂါလန်နှင့် ကုလားဝဲကျေးရွာ(ရွာမဘုန်းကြီးကျောင်း)သို့ မေ ၁၃ ရက်တွင် သောက်ရေသန့် ဂါလန် ၄၀၀ အား ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထောက်ပံ့သော စက်သုံးဆီများဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှလှူဒါန်းသော ရေကားများအသုံးပြု၍ သောက်ရေသန့်များ သွားရောက်ဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ငြိမ်းချမ်းရေးဆိုတာ အစိုးရတစ်ဖွဲ့တည်းရဲ့ လုပ်ငန်းစဉ်မဟုတ်ပါဘူး နိုင်ငံတော်ရဲ့လုပ်ငန်းစဉ်ပါ

## ဦးကိုကိုကြီး (အရပ်သားကိုယ်စားလှယ်)

နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များခိုင်မာအားကောင်းစေရန်အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U)တို့သည် မေ ၂၇ ရက်တွင် နေပြည်တော်၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် (JMC-U)အဖွဲ့ဝင်များ၏ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုနှင့် စပ်လျဉ်းသည့်သဘောထားအမြင်များကို ဖော်ပြအပ်ပါသည် -

**(JMC-U)ဒုတိယဥက္ကဋ္ဌ(၁) စောအိုင်းဇက်ဖိုး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကိုယ်စားလှယ်**

လောလောဆယ်မှာ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားသွားခဲ့သလို တိုင်းပြည်မှာ ငြိမ်းချမ်းရေးအမှန်တကယ်လိုအပ်ပါတယ်။ ငြိမ်းချမ်းရေး အမှန်တကယ်ရရှိလာဖို့အတွက်လည်း အကောင်အထည်ဖော်သွားပါမယ်။

အခုလောလောဆယ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement – NCA)ကို လက်မှတ်ထိုးထားတဲ့ အဖွဲ့ ရှစ်ဖွဲ့ရှိပါတယ်။ ဒီအဖွဲ့ရှစ်ဖွဲ့နဲ့လည်း မပြီးသေးပါဘူး။ ဒါပေမယ့် အခုရှိပြီးသားနဲ့ ဆက်လုပ်သွားမယ်။ အဲဒီကနေပြီး အောင်မြင်မှုတွေရလာရင် အခြားအဖွဲ့အစည်းတွေအနေနဲ့လည်း သူတို့အတွက် အာမခံချက်တွေရှိတယ်။ ဒါတွေကို မြင်လာမယ်ဆိုရင် အခြားအဖွဲ့အစည်းတွေလည်း ပါဝင်လာနိုင်မှာပါ။ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး တစ်နေရာတည်း၊ တစ်ထောင့်တည်းမှာ ငြိမ်းချမ်းရေး ရလို့လည်းမပြီးပါဘူး။ နေရာတစ်နေရာမှာ အပစ်အခတ်တွေရှိနေသေးမယ်ဆိုရင် ဒါငြိမ်းချမ်းရေး တစ်ပြည်လုံးမှာရတယ်လို့ မပြောနိုင်ပါဘူး။

အခုပဲလက်မှတ်ထိုး၊ အခုပဲပျက်သွားတာမျိုး မဖြစ်ဖို့၊ အဲဒါကိုခိုင်မာအောင် ဆက်လက်ပြီး တည်ဆောက်သွားဖို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ထပ်လောင်းပြောကြားသွားပါတယ်။ ကျွန်တော်တို့အချင်းချင်း အောက်ခြေမှာပဲဖြစ်ဖြစ်၊ အပေါ်မှာပဲဖြစ်ဖြစ် အချင်းချင်းရဲ့ ဆက်ဆံမှုများလာမယ်။ နားလည်မှုတွေ တည်ဆောက်မှုများလာမယ်။ နောက်ပြီး ယုံကြည်မှုတည်ဆောက်ဖို့ဆိုတာကလည်း အဲဒီကနေပဲလာမှာပါ။ အဲဒီကနေတစ်ဆင့် ခိုင်မာသထက် ခိုင်မာအောင် လုပ်ဆောင်နိုင်မှာပါ။ အဓိကကတော့ ယုံကြည်မှုပါပဲ။ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ယုံကြည်မှုကအဓိကပါ။



ဦးကိုကိုကြီး



ဒေါက်တာရွှေခါး



စောအိုင်းဇက်ဖိုး

**(JMC-U)အတွင်းရေးမှူး ဒေါက်တာရွှေခါး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကိုယ်စားလှယ်**

မကြာမီမှာ ငြိမ်းချမ်းရေးညီလာခံလုပ်နိုင်ဖို့အတွက် ပြင်ဆင်မှုတွေ လုပ်ချင်တယ်ဆိုပြီး ပြောပါတယ်။ ပြောတာက ၂၁ ရာစုပင်လုံညီလာခံဆိုတဲ့ ပုံစံမျိုးနဲ့ လုပ်ချင်တယ်။ အရင်တုန်းကအစိုးရကို နည်းပညာဆိုင်ရာအရ အထောက်အကူပေးနေတာက MPC ဖြစ်တယ်။ ဒါကိုသူက ငြိမ်းချမ်းရေးတစ်ခုတည်းအတွက် မဟုတ်ဘဲနဲ့ အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးကိုလည်း ဖြစ်စေချင်တယ်။ အဲဒါကြောင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးစင်တာဆိုတဲ့ ပုံစံလုပ်ချင်တယ်လို့ ဆိုပါတယ်။

MPC ကိုနာမည်ကအစ ဘယ်လိုပေးရမလဲဆိုတာပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံပဲခေါ်ခေါ်၊ ၂၁ ရာစုပင်လုံညီလာခံပဲခေါ်ခေါ် ဒါတွေကျင်းပဖို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မေ ၁၀ ရက်လောက်မှာ အစိုးရဘက်ရော၊ JMC ဘက်ရော၊ UPDJC အပါအဝင် အစည်းအဝေးထိုင်ဖို့ အကြမ်းဖျင်းက လူ ၁၀ ယောက်၊ ၁၅ ယောက်လောက်နဲ့ သဘောတူခဲ့ပါတယ်။

တစ်ဖက်ကလည်း အားလုံးပါဝင်နိုင်ရေးကို အာရုံစိုက်ပြီးပြောပါတယ်။ ဒါပေမယ့် ပါဝင်သင့်ပါဝင်ထိုက်တဲ့ ပုဂ္ဂိုလ်တွေပါဖို့က အရေးကြီးသလို သူတို့မပါတဲ့အတွက်ကြောင့် ငြိမ်းချမ်းရေးမလုပ်ရဘူးဆိုတာလည်း မဖြစ်သင့်ပါဘူး။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က သူကိုယ်တိုင်ဦးဆောင်ဖို့ ပြောပါတယ်။ ဆက်သွယ်ရေး၊ ဆက်ဆံရေးဆိုတာလည်း လုပ်ဖို့လိုပါတယ်။

**(JMC-U)အဖွဲ့ဝင် ဦးကိုကိုကြီး အရပ်သားကိုယ်စားလှယ်**

ငြိမ်းချမ်းရေးဟာ မြန်မာနိုင်ငံရဲ့ အခြေခံကျတဲ့ ပြဿနာအကြောင်းအရင်းတစ်ခု ဖြစ်တဲ့အတွက် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် တာဝန်ယူပြီးဆောင်ရွက်တဲ့အခါမှာ ဒေါက်တာတင်မျိုးဝင်းကို ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ ဖြစ်စဉ်တွေမှာ ဆက်သွယ်ရေးပုဂ္ဂိုလ်အဖြစ် သတ်မှတ်ပြီး ဆောင်ရွက်သွားဖို့ရှိပါတယ်။ အဓိကက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ငြိမ်းချမ်းရေးကိစ္စနဲ့ပတ်သက်တဲ့ တွေ့ဆုံဆွေးနွေးဖို့ လိုအပ်လာတဲ့ကိစ္စတွေကို သူကနေတစ်ဆင့် ဆောင်ရွက်သွားဖို့ ဆက်သွယ်ရမယ့် ပုဂ္ဂိုလ်အဖြစ် ကျွန်တော်တို့ကို မိတ်ဆက်ပေးသွားပါတယ်။

ကျန်တာက ငြိမ်းချမ်းရေးစင်တာကို ပြန်လည်ဖွဲ့စည်းဖို့နဲ့ ငြိမ်းချမ်းရေးညီလာခံကျင်းပဖို့ ကိစ္စတွေကို ဆက်ပြီး ဆောင်ရွက်သွားဖို့ရှိပါတယ်။ ငြိမ်းချမ်းရေးညီလာခံကျင်းပဖို့ ကျွန်တော်တို့ အချိန်ကာလ မသတ်မှတ်ရသေးပါဘူး။ အဲဒီအတွက် လိုအပ်တဲ့ ပြင်ဆင်ဆွေးနွေးမှုတွေ လုပ်သွားမယ်လို့ သိရပါတယ်။

JMC ရဲ့ သဘာဝက အထူးသဖြင့် စစ်ဘက်ဆိုင်ရာကိစ္စတွေကို ပိုပြီးအာရုံစိုက်ပါတယ်။ အပစ်အခတ်ရပ်စဲရေးကို စောင့်ကြည့်ဖို့ဖြစ်တဲ့အတွက် နှစ်ဖက်တပ်တွေရဲ့ တည်နေရာတွေ ချိုးဖောက်မှုရှိ၊ မရှိကို စစ်ဆေးဖို့ဖြစ်ပါတယ်။ နိုင်ငံရေးဆွေးနွေးမှုအတွက် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်မှုပူးတွဲကော်မတီ (UPDJC)ရှိပါတယ်။ UPDJC က နိုင်ငံရေးဆွေးနွေးပွဲတွေ ဆက်လုပ်တဲ့အခါမှာ JMC က လက်မှတ်မထိုးနိုင်သေးတဲ့ အဖွဲ့တွေပါဝင်လာဖို့အတွက်ကို ကျွန်တော်တို့တတ်နိုင်တဲ့နည်းနဲ့ အစွမ်းကုန် ကြိုးစားသွားမယ်လို့ ကျွန်တော်တို့အားလုံးက ဆန္ဒပြုပါတယ်။

ငြိမ်းချမ်းရေးဆိုတာ အစိုးရတစ်ဖွဲ့တည်းရဲ့ လုပ်ငန်းစဉ်မဟုတ်ပါဘူး နိုင်ငံတော်ရဲ့လုပ်ငန်းစဉ်ပါ။ ဆိုလိုတာက အစိုးရပြောင်းသွားလဲ ငြိမ်းချမ်းရေး အောင်မြင်ဖြစ်ထွန်းသည်အထိ ဆက်ပြီးသယ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ အရင်အစိုးရလက်ထက်က အစပျိုးနိုင်ခဲ့တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ယခုအစိုးရက ဆက်လက်သယ်ဆောင်သွားဖို့ ဖြစ်ပါတယ်။

awGkat ref- refmbwifp0ft zG
"mwfyk-a&Tudv; ukdbp;fhe&Y

# ဆီးရီးယားနိုင်ငံ အလက်ပိုမြို့ဆေးရုံတစ်ရုံ ဗုံးဆန်ထိမှန်၊ အနည်းဆုံးလူ ၂၇ ဦးသေဆုံး



**အလက်ပို ဧပြီ ၂၈**
ဆီးရီးယားနိုင်ငံ အလက်ပိုမြို့တွင် လေကြောင်းတိုက်ခိုက်မှုများ ယနေ့ဖြစ်ပွားခဲ့ရာ အိုင်အက်စ်စစ်သွေးကြွများ သိမ်းပိုက်ထားသောဒေသရှိ ဆေးရုံတစ်ရုံအား ဗုံးဆန်များထိမှန်ခဲ့ပြီး ကလေးငယ်သုံးဦးအပါအဝင် အနည်းဆုံး လူ ၂၇ ဦး သေဆုံးခဲ့ကြောင်း ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့က ဧပြီ ၂၈ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါဆေးရုံပေါ်သို့ လေကြောင်းမှ ဗုံးဆန်တိုက်ရိုက် ကျရောက်ခဲ့ခြင်းဖြစ်ပြီး ဆရာဝန်သုံးဦးထက်မနည်းသေဆုံးခဲ့ကြောင်း သိရသည်။

ထို့ပြင် အလက်ပိုမြို့ အိုင်အက်စ်စစ်သွေးကြွများသိမ်းပိုက်ထားသော ဒေသများကို ဦးတည်ပြီး လေကြောင်းတိုက်ခိုက်ရေးဆင်နွှဲမှုများကြောင့် အရပ်သား ၃၀ ထက်မနည်း သေဆုံးခဲ့ကြောင်း ကယ်ဆယ်ရေးလုပ်သား တစ်ဦးကဆိုသည်။ လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့က သေဆုံးသူ ၂၀ ထက်မနည်းရှိခဲ့ကြောင်း သတင်းထုတ်ပြန်ထားသည်။

အစိုးရထိန်းချုပ်ထားသော ဒေသများတွင်လည်း စစ်သွေးကြွများက စက်သေနတ်များဖြင့် ဦးတည်ရာမဲ့ ပစ်ခတ်ခဲ့ရာ အနည်းဆုံး လူ ၁၄ ဦးသေဆုံးခဲ့ကြောင်း ဗြိတိန်အခြေစိုက်စောင့်ကြည့်လေ့လာရေးအဖွဲ့နှင့် ဆီးရီးယားသတင်းဌာန(အက်စ်အေအင်န်အေ)ကဆိုသည်။

ပိုမိုပြင်းထန်လာသည့် အလက်ပိုမြို့တွင်း စစ်ပွဲများကြောင့် ဒေသခံပြည်သူများသည် စစ်ဘေးဒဏ်ကို ခါးသီးစွာရင်ဆိုင်နေရကြောင်း နိုင်ငံတကာကြက်ခြေနီအဖွဲ့က ဂျီနီဗာမြို့တွင် ပြောကြားခဲ့သည်။

"ဆီးရီးယားနိုင်ငံရဲ့ နေရာတိုင်းမှာ သေနတ်သံတွေနဲ့ ကောင်းကင်ယံက လေယာဉ်ပျံသန်းသံတွေကြားနေရတယ်" ဟု နိုင်ငံတကာ ကြက်ခြေနီအဖွဲ့အကြီးအကဲ ဘော့တာဂရို့စ်၏ ပြောကြားချက်ကို ကိုးကားပြီး နိုင်ငံတကာကြက်ခြေနီအဖွဲ့၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ထည့်သွင်းထားသည်။

အလက်ပိုမြို့တွင်း အိုင်အက်စ်တို့သိမ်းပိုက်ထားသည့်ဒေသများတွင် လေကြောင်းတိုက်ခိုက်မှုများကြောင့် လွန်ခဲ့သော ခြောက်ရက်အတွင်း အရပ်သား ၉၁ ဦးသေဆုံးခဲ့ပြီး အိုင်အက်စ်တို့၏စက်သေနတ်ပစ်ခတ်မှုများကြောင့် အရပ်သား ၄၉ ဦးသေဆုံးခဲ့ရကြောင်း စောင့်ကြည့်လေ့လာရေးအဖွဲ့ကဆိုသည်။

**ရိုက်တာ။**



# ရုရှားအာကာသယာဉ်လွှတ်တင်ရေးစခန်းသစ်မှ ဒုံးပျံယာဉ်လွှတ်တင်မှု ပထမဆုံးပြုလုပ်

**မော်စကို ဧပြီ ၂၈**
ရုရှားနိုင်ငံ၌ အသစ်တည်ဆောက်ထားသော အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ပထမဆုံးသော ဒုံးပျံယာဉ်ကို ဧပြီ ၂၈ ရက်တွင် လွှတ်တင်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့် ဒုံးပျံယာဉ်လွှတ်တင်မှု တစ်ရက်ကြာ နှောင့်နှေးကြန့်ကြာခဲ့ရပြီးနောက် ဒုတိယအကြိမ် ကြိုးပမ်းမှုအဖြစ် အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့သည်။

လူလိုက်ပါခြင်းမရှိသော ဆိုယုဇ်-၂/၁-အေ အမျိုးအစား ဒုံးပျံယာဉ်သည် ဂြိုဟ်တုသုံးလုံးကို တင်ဆောင်လျက် မော်စကို စံတော်ချိန် ၅ နာရီ ၀၁ မိနစ်တွင် တရုတ်နယ်စပ်ဒေသအနီး အမ်မူးဒေသရှိ ဗော့စတိုချာနီ အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ပျံတက်သွားကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။

ဒုံးပျံယာဉ် စတင်ပျံသန်းချိန် ကိုးမိနစ်ခန့်အကြာတွင် တတိယအဆင့် ပေါက်ကွဲမှုနှင့်အတူ ဂြိုဟ်တုများကို သီးခြားခွဲထုတ်ခဲ့ရာ သတ်မှတ်ထားသော ကမ္ဘာပတ်လမ်းကြောင်းများအတိုင်း ပို့ဆောင်နိုင်ခဲ့ကြောင်း ရုရှားအာကာသအေဂျင်စီတာဝန်ရှိသူများအား ကိုးကားလျက် ရုရှားသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဒုံးပျံယာဉ်လွှတ်တင်မှုကို ကနဦးအနေဖြင့် ဧပြီ ၂၇ ရက်တွင် ပြုလုပ်ရန် စီစဉ်ခဲ့သည်။ အာကာသယာဉ် လွှတ်တင်ရေးစခန်းသစ်မှ ပထမဆုံးအကြိမ် ဒုံးပျံယာဉ်လွှတ်တင်မည့် အစီအစဉ်ဖြစ်သဖြင့် ရုရှားနိုင်ငံ၏အာကာသဆိုင်ရာသမိုင်းဝင်ဖြစ်စဉ်ကို မျက်မြင်စောင့်စားကြည့်ရှုရန် သမ္မတ ဗလာဒီမာပူတင်သည် ယင်းစခန်းသို့ ရောက်ရှိရန် လေယာဉ်ဖြင့် ခရီးနှင်ခဲ့သည်။ သို့ရာတွင် ဒုံးပျံယာဉ်ကို လွှတ်တင်မည့်အချိန်မတိုင်မီ နှစ်မိနစ်အလိုတွင် လွှတ်တင်မှုကို ပြန်လည်ဖျက်သိမ်းခဲ့ရသည်။

ဧပြီ ၂၈ ရက်တွင် ဒုံးပျံယာဉ်ကို အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ပြီး ဒုံးပျံယာဉ်လွှတ်တင်မှုကို သမ္မတပူတင် လေ့လာစောင့်ကြည့်ခဲ့သည်။

**ရိုက်တာ။**

# တောင်တရုတ်ပင်လယ်အတွင်း ကင်းလှည့်စောင့်ကြပ်မှုများ အမေရိကန်လေတပ် စတင်

**မနီလာ ဧပြီ ၂၈**
တောင်တရုတ်ပင်လယ်အငြင်းပွားနယ်မြေအတွင်း မြေဖို့ခြင်းလုပ်ငန်းဆောင်ရွက်ရန် တရုတ်နိုင်ငံက စီစဉ်လျက်ရှိသည့်အတွက် စိုးရိမ်ပူပန်မှုများ မြင့်တက်နေစဉ်ကာလအတွင်း အမေရိကန်လေတပ်က ဖိလစ်ပိုင်နိုင်ငံရှိ လေတပ်အခြေစိုက်စခန်းတစ်ခုက တောင်တရုတ်ပင်လယ်အတွင်း ကင်းလှည့်မှုများ စတင်လိုက်ပြီဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

HH-60 ရဟတ်ယာဉ်များနှင့် A-10 တိုက်လေယာဉ်များသည် ဧပြီ ၁၉ ရက်က ဖိလစ်ပိုင်နိုင်ငံ ကလပ်ခ်လေတပ်အခြေစိုက်စခန်းမှ ၎င်းတို့၏ပထမဆုံးသော ပျံသန်းရေးမစ်ရှင်ကို လုပ်ဆောင်ခဲ့ကြောင်း အမေရိကန်လေတပ်က ပြောကြားသည်။ တိုက်လေယာဉ်များသည် လူဇုံကျွန်းအနောက်ဘက် ကီလိုမီတာ ၂၀၀ ခန့်အကွာရှိ စကားဘရော့သောင်စွယ်အနီးရှိ နိုင်ငံတကာလေပိုင်နက်အတွင်းမှ ပျံသန်းခဲ့ခြင်းဖြစ်ကြောင်း၊ ကင်းလှည့်ရေး မစ်ရှင်ကို ရက်သတ္တပတ်ပေါင်းများစွာကြာသည့်တိုင်ပြုလုပ်ရန် စီစဉ်ထားကြောင်း အမေရိကန်လေတပ်က ဆိုသည်။ အဆိုပါသောင်စွယ်ဝန်းကျင်၌ ဆန်းစစ်လေ့လာရေးလုပ်ငန်းများ လုပ်ဆောင်နေပုံပေါ်သော တရုတ်ရေယာဉ်များနှင့်ပတ်သက်၍ အလွန်ပင်စိုးရိမ်ကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားလိုက်သည်။

တရုတ်နိုင်ငံက တောင်တရုတ်ပင်လယ်အတွင်း မြေပြုပြင်ရေးလုပ်ငန်း စတင်နိုင်သည့် အခြေအနေရှိသောကြောင့် အမေရိကန်ပြည်ထောင်စုက မျက်ခြည်မပြတ်စောင့်ကြည့်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

စကားဘရော့သောင်စွယ်မှာ ဖိလစ်ပိုင်နိုင်ငံ၏ အထူးသီးသန့်စီးပွားရေးဇုန်အတွင်း တည်ရှိပြီး ရှေးယခင်ကတည်းက ဖိလစ်ပိုင်တံငါသည်များအတွက် ငါးဖမ်းဆီးရာ နယ်မြေတစ်ခု ဖြစ်ခဲ့သည်။ သို့သော်လည်း ယင်းသောင်စွယ်မှာ ဖိလစ်ပိုင်အာဏာပိုင်များက တရုတ်ငါးဖမ်းလှေများကို ဖမ်းဆီးကာ ကင်းလှည့်ရေယာဉ်များဖြင့် ကင်းလှည့်မှုများ စတင်ခဲ့သော ၂၀၁၂ ခုနှစ်ကစပြီး တရုတ်နိုင်ငံ၏ ထိန်းချုပ်မှုအောက် ရောက်ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ။**



# အစိုးရမဟုတ်သောအဖွဲ့အစည်းများဆိုင်ရာဥပဒေ တရုတ်နိုင်ငံ၌ အတည်ပြုပြဋ္ဌာန်း

**ပေကျင်း ဧပြီ ၂၈**
နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများဆိုင်ရာဥပဒေကို တရုတ်နိုင်ငံရှိ ဥပဒေပြုလွှတ်တော်က အတည်ပြုပေးလိုက်ကြောင်း နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနက ဧပြီ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ကွန်ပျူတာကွန်ရက်လုံခြုံရေးဥပဒေတို့အပါအဝင် ဥပဒေအများအပြားကို ဥပဒေပြုလွှတ်တော်က ဆွေးနွေးခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ ဥပဒေနှင့်ပတ်သက်၍ အငြင်းပွားဖွယ်ရာ ပြောဆိုချက်များ ပေါ်ထွက်ခဲ့သည်။ ပြည်ပအစိုးရအဖွဲ့များနှင့် အရပ်ဘက်အဖွဲ့အစည်းများက ဝေဖန်ထောက်ပြသော စည်းမျဉ်းအချို့ကို ပြင်ဆင်ပြောင်းလဲခဲ့ပြီးနောက် ယင်းဥပဒေကို ဥပဒေပြုအမတ်များက မဲပေးကာ အတည်ပြုခဲ့ခြင်းဖြစ်သည်။

ဥပဒေ၏ မည်သည့်စည်းမျဉ်းများကို မည်ကဲ့သို့ ပြင်ဆင်ထားသည်ကို အသေးစိတ်မသိရပေ။

**ရိုက်တာ။**

# ကိုယ်စားလှယ်များ ကျင့်ဝတ်၊ စည်းကမ်းများနှင့်အညီ ကိုယ့်ဂုဏ်ကိုယ့်သိက္ခာဖြင့် နေထိုင်ကြရန်လို

**နေပြည်တော် မေ ၂၈**

နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်၍သွားနေကြောင်း၊ ရေရှည်အကျိုးကိုကြည့်၍ အပြန်အလှန်နားလည်မှု၊ သည်းခံမှု၊ လေးစားယုံကြည်မှုများဖြင့် အားလုံးညီနိုင်းပေါင်းစပ်ဆောင်ရွက်ကြစေလိုကြောင်း၊ ငြိမ်းချမ်းပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အချင်းချင်း ညီညီညွတ်ညွတ် လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ယနေ့နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော်အဆောက်အအုံ၌ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ဆိုင်ရာ အတွေ့အကြုံများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အသွေးမြှင့်တင်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အဂတိတရားကင်းရှင်းရေး၊ အုပ်ချုပ်ရေးနှင့် လွှတ်တော်များပူးပေါင်း၍ ဆောင်ရွက်နိုင်သည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းမှုများအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသည်။



ထို့ပြင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့သည် ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည့်အတွက် ပြည်သူများ၏ အခက်အခဲများကို ဖြေရှင်းပေးရမည့် တာဝန်မှာ မိမိတို့အလုပ်ဖြစ်ကြောင်း၊ မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒ၊ လိုအပ်ချက်များကို လွှတ်တော်သို့ တင်ပြပေးရမည်ဖြစ်ပြီး လွှတ်တော်အတွေ့အကြုံများကို ပြည်သူသိရှိရန် ရှင်းပြပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့၏မဲဆန္ဒနယ်များကို ကွင်းဆင်း၍ ပြည်သူများ၏ လိုအပ်ချက်၊ လိုလားချက်များကို ထဲထဲဝင်ဝင်သိရှိအောင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

လုပ်ငန်းများဆောင်ရွက်ရာတွင် အုပ်ချုပ်ရေးကို ဝင်ရောက်စွက်ဖက်သည့် အနေအထားမျိုးမဖြစ်အောင် သတိပြုရမည်ဖြစ်ပြီး ညှိနှိုင်းပေါင်းစပ်သည့် သဘောဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အပြန်အလှန်ထိန်းကျောင်းခြင်းနှင့် ဝင်ရောက်စွက်ဖက်ခြင်းအကြားတွင် သတိထားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ပြည်သူများအကျိုးအတွက် ဆောင်ရွက်ပေးရာတွင်လည်း ပြည်သူများကို ခြိမ်းခြောက်ခြင်း၊ အကျပ်ရိုက်စေခြင်းမျိုးမဖြစ်အောင် အထူးသတိပြုရမည်ဖြစ်ကြောင်း၊ မိမိတို့၏ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ပိုင်ခွင့်များကို အသုံးပြုရာတွင်လည်း အလွဲသုံးစားပြုသည့် သဘောမဖြစ်အောင် သတိပြုရမည်ဖြစ်ကြောင်း၊ ပြည်သူသာအမိ၊ ပြည်သူသာအဖ စိတ်မွေးမြူ၍ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးကဲ့သို့ ဆက်ဆံကြစေလိုကြောင်း၊ ကိုယ်စားလှယ်များအနေဖြင့် ကျင့်ဝတ်၊ စည်းကမ်းများနှင့်အညီ ကိုယ့်ဂုဏ်ကိုယ့်သိက္ခာဖြင့် နေထိုင်ကြရန် လိုကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များသည် လွှတ်တော်လုပ်ငန်းစဉ်ကို ဟန့်တားနှောင့်ယှက်သည့်သဘောမဖြစ်စေရန် သတိပြုရမည်ဖြစ်ကြောင်း၊ မတူကွဲပြားသည့် အယူအဆများကို သဘောထားကြီးကြီးဖြင့် စိတ်ရှည်သည်းခံကာ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရမည်ဖြစ်ပြီး တည်ဆဲဥပဒေများနှင့်အညီသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ဥပဒေများပြုရာတွင်လည်း အဂတိတရားကင်းစင်သည့် လူ့အသိုင်းအဝိုင်း ပေါ်ပေါက်လာရေးနှင့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကို အထောက်အပံ့ဖြစ်သည့် ဥပဒေများဖြစ်ရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံကို ကမ္ဘာ့အလယ်တွင် ပွဲလယ်တင့်အောင် လွှတ်တော်ကိုယ်စားလှယ်များက အခြေပြု၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

# နှစ်(၇၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ (၁၁)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် မေ ၂၈**

၂၀၁၆ ခုနှစ် မေ ၅ ရက်တွင် ကျရောက်မည့် နှစ်(၇၀)ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြပြီး နေပြည်တော် ခုတင် (၁၀၀၀) အထွေထွေရောဂါကုဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။

နံနက် ၇ နာရီတွင် မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်အင်အား ၃၀၀ ကျော်သည် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်နှင့် စေတီတော်ရင်ပြင်တွင် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ စေတီတော်ပရိဝုဏ်အတွင်း၌ ပေါင်းမြက်များရှင်းလင်းခြင်းနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို တပျော်တပါး စုပေါင်းဆောင်ရွက်ကြသည်။

ထို့နောက် နေပြည်တော် ခုတင်(၁၀၀၀) အထွေထွေရောဂါကုဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းခြင်း အခမ်းအနားကို ဆက်လက်ဆောင်ရွက်ရာ မီးသတ်တပ်ဖွဲ့ဝင် အင်အား ၅၀ ကျော် တက်ရောက်၍ စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။ ယခုလှူဒါန်းမှုသည် နေပြည်တော် မီးသတ်တပ်ဖွဲ့ဝင်များ၏ (၁၁) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်တပ်ဖွဲ့ကို ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ပစ္စည်းများ၊ နိုင်ငံတော်အတွင်းရှိ ကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ်အပါအဝင် အခြားသောဘေးအန္တရာယ်များ ကျရောက်သည့်အခါ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဆိုသည့် ရည်မှန်းချက် တာဝန်(၄)ရပ် ချမှတ်၍ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။




ပထမဆုံးအကြိမ် ဗမာနိုင်ငံလုံးဆိုင်ရာ စေတနာ့ဝန်ထမ်း မီးသတ်အစည်းအရုံးညီလာခံကို ၁၉၄၆ ခုနှစ် မေ ၅ ရက်က ရန်ကုန်မြို့ ကန်တော်ကလေးတွင် ကျင်းပခဲ့ပြီး အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း တက်ရောက်မိန့်ခွန်း ပြောကြားခဲ့သည်။ အဆိုပါ မေ ၅ ရက်အား မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အဖြစ်သတ်မှတ်ပြီး ပြည်သူလူထုအတွင်း မီးဘေးအန္တရာယ်ကင်းဝေးစေရန် သတိပေးလှုံ့ဆော်မှု အထိမ်းအမှတ်အခမ်းအနားကို တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ကျင်းပခဲ့သည်မှာ ၂၀၁၆ ခုနှစ် မေ ၅ ရက်တွင် နှစ်(၇၀) တိုင်ခဲ့ပြီဖြစ်သည်။

**(သတင်းစဉ်)**



# သောက်သုံးရေ ရှားပါးပြတ်လပ်ခဲ့သော အောင်းကြီးကျေးရွာသို့ သောက်သုံးရေများ သွားရောက်လှူဒါန်း

**ညောင်လေးပင် မေ ၂၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် လှည်းဆိပ်ကျေးရွာအုပ်စု အောင်းကြီးကျေးရွာတွင် သောက်သုံးရေ ရှားပါးပြတ်လပ်မှုဖြစ်ပေါ်လျက်ရှိသည်။ အောင်းကြီးကျေးရွာတွင် အိမ်ခြေ ၅၂၀၊ လူဦးရေ ၂၇၀၀ ရှိပြီး ကျေးရွာတွင် ပေ ၃၈၀ စက်ရေတွင်းတစ်တွင်း၊ မြေသားရေကန်နှစ်ကန်၊ ရေတွင်း ၁၀ တွင်း၊ လက်နှိပ်ရေတုံကင်များ အသုံးပြုကြကြောင်းသိရပြီး တွင်းများအားလုံးနှင့် ရေကန်များမှ ရေများသည် ရေငန်ခြင်း၊ အဝါရောင်သန်းပြီး သောက်သုံးရန် မသင့်ဘဲ သုံးရေအဖြစ်သာ သင့်တော်ခြင်း၊ ရေကန်နှစ်ကန်မှ ရေများမှာလည်း ခန်းခြောက်လာခြင်းတို့ကြောင့် ကျေးရွာသူ ကျေးရွာသားများ သောက်ရေရှားပါးပြတ်လပ်မှုဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။ အဆိုပါ အောင်းကြီးကျေးရွာသို့ မေ ၂၅ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းလွင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းထိုက်တို့အဖွဲ့သည် ရေသယ်ယာဉ်ဖြင့် သောက်သုံးရေဂါလန် ၆၄၀၀အား သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# သောက်သုံးရေများဖြန့်ဝေ

**ကျောက်တန်း မေ ၂၈**

နိုင်ငံတစ်ဝန်းတွင် သောက်သုံးရေ ရှားပါးပြတ်လပ်မှုများ ဖြစ်ပေါ်လျက်ရှိသည့်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး သောက်သုံးရေရှားပါးပြတ်လပ်သည့် သနပ္ပင်ချင်းကျေးရွာသို့ သောက်သုံးရေများ လိုက်လံပို့ဆောင်ပေးခဲ့သည်။ မေ ၂၇ ရက် နံနက်ပိုင်းက ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများက ကျောက်တန်းမြို့နယ် သနပ္ပင်ချင်းကျေးရွာရှိ အိမ်ခြေ ၁၀၂ အိမ်၊ လူဦးရေ ၅၅၆ ဦးအတွက် ရေဂါလန် ၃၀၀၀ ကို ဖြန့်ဝေပေးခဲ့သည်။

**စန်းစန်း(ကျောက်တန်း)**

# အမျိုးသားစာဆို ဆရာကြီး မင်းသုဝဏ်၏ အမျိုးသားရေး ကဗျာများ

**မြင့်ဆွေဦး**

အမျိုးသားစာဆိုတော် ဆရာကြီးမင်းသုဝဏ်သည် အမျိုးသားရေးကဗျာများ ရေးဖွဲ့ခဲ့သည်ကို တွေ့ရသည်။ စစ်ကြိုခေတ် သူ့ကျွန်ဘဝတွင် ဆရာကြီးမင်းသုဝဏ်သည် အမျိုးသားရေးကဗျာများကို ရေးဖွဲ့ခဲ့သည်။

ဆရာကြီးမင်းသုဝဏ်သည် ဦးဥတ္တမ၊ ဦးချစ်လှိုင်၊ ဦးဘဖေ၊ ဦးပု၊ ဦးထွန်းရှိန် စသော မျိုးချစ်ပုဂ္ဂိုလ်များ၏ ဝံသာနုရက္ခိတတရား ထွန်းကားချိန်တွင် လူဖြစ်လာသူဟု ဆိုပါသည်။ ထိုခေတ်ထိုအခါက တချို့သော မြန်မာအမျိုးသား၊ အမျိုးသမီးတို့မှာ ဘိုဆန်လာကြသည်။ မြန်မာအမိ၊ မြန်မာအဖကိုပင် မြန်မာစကားဖြင့် မခေါ်ကြ၊ မာမီ၊ ဒယ်ဒီဟု ခေါ်ကြသည်။ ဘကြီး၊ ဘထွေး၊ ဒေါ်လေး၊ ဒေါ်ကြီးတို့ကိုလည်း အန်ကယ်၊ အန်တီဟု ခေါ်ကြသည်။ ထိုအမူအရာများကိုတွေ့ရသည့် ဆရာကြီးမင်းသုဝဏ်အနေဖြင့် ဝမ်းနည်းမိသည်။ ထို့ကြောင့် ၁၉၂၇ ခုနှစ် ဒဂုန်မဂ္ဂဇင်းတွင် ဝံသာနုတရားဟောသည့် ကဗျာတစ်ပုဒ်ရေးခဲ့လေသည်။ ထိုကဗျာမှာ (မြန်မာ မျိုးကွဲလေးချိုး)ဖြစ်သည်။ ထိုစဉ်က ဆရာကြီး မင်းသုဝဏ်မှာ အသက်(၁၈)နှစ်သာ ရှိသေးသည်။ ဝံသာနုတရားပါသော ထိုကဗျာမှ စာပိုဒ်မှာ အောက်ပါအတိုင်းဖြစ်သည်။

**ပျိုလေးခင်**

မြို့သွေးတစ်ခါဝင်လို့
ဘာမကြင်တောမူကို မမုန်းလိုက်ပါနှင့်
စန်းသာယာ ကွမ်းရွာတန်းဆီက
ယောထဘီ ပင်နီသုံးပါလို့
အရင်က အသင်းထိုထိုမှာ
ပရမတ္ထ သင်္ဂြိုဟ်နှင့်ပြိုးခဲ့တာကြောင့်
မမ်မီ အန်တီ ဟန်ချီတုံ အလုံးတွေနှင့်
မုန်းနှမ တသာကီရယ် ထင်ရာမဆိုထိုက်ပါဘူး
အဆုံးကျတော့ ကျုပ်တို့မှာ မြန်မာပြည်က
မြန်မာအမျိုး. . .။

**(၈၊ မေ၊ ၁၉၂၇)**

၁၉၂၉ ခုနှစ်တွင် ဆယ်တန်းစာမေးပွဲတွင် ပထဝီဘာသာဂုဏ်ထူးနှင့်အတူ သာဘာရပ်တိုင်း အမှတ် ညီညီညွတ်ညွတ် အဆင့်ကောင်းရသဖြင့် “အထူးကျောင်းသား” အဖြစ် တက္ကသိုလ်ကျောင်းတိုက်သို့ ဝင်ခွင့်ရခဲ့လေသည်။

၁၉၃၀ ပြည့်နှစ်လောက်တွင် မြို့မကျောင်းမှ ဆရာတင့်၊ ဆရာဟိန်း၊ တက္ကသိုလ်မှ ကိုနု၊ ကိုခန့်၊ သခင်ဘသောင်း၊ သခင်လေးမောင်၊ သခင်ဗစိန်တို့ ဦးဆောင်သည့် “မြန်မာပြည်လုံးဆိုင်ရာ လူငယ်များ အသင်းကြီး” ဟူ၍ ပေါ်ပေါက်လာလေသည်။ အသင်းတံဆိပ်တွင် ထင်ရှားသော ဆောင်ပုဒ်တစ်ခုမှာ တိုင်းရင်းဖြစ်အထည်များကို သုံးတော်မူကြရန်ဟူ၍ ဖြစ်သည်။ ကြားရသမျှ၊ မြင်ရသမျှတို့မှာ အမျိုးသားရေးကို အခြေခံလေသည်။ ထိုအခါ ဆရာကြီးမင်းသုဝဏ်သည် သူသန်ရာကဏ္ဍမှ အမျိုးသားရေးကို ပံ့ပိုးရန်ကြိုးပမ်းလေသည်။

ထိုခေတ်က တက္ကသိုလ်ကျောင်းသားများ၏ ဝတ်စားဆင်ယင်ပုံမှာ ဘန်ကောက်ပိုးပုဆိုး တရွှမ်းရွှမ်းနှင့် စတစ်ကော်လာဝတ်ရာတွင်လည်း တတ်နိုင်သည့်အလျောက် စိန်၊ ရွှေ၊ ရွှေရည်စိမ် ကြယ်သီးများကို တပ်ကြသည်။ လက်ကြယ်သီးကိုလည်း စိန်၊ မဟူရာ၊ ကျောက်စိမ်း၊ ရွှေတို့ဖြင့် ပြုလုပ်ဝတ်ဆင်ကြသည်။ အပေါ်အင်္ကျီ တိုက်ပုံဝတ်ရာတွင်လည်း ပိုးဖျင်၊ တာဖက်တာ၊ သက္ကလတ်တို့ကို ချုပ်လုပ်ဝတ်ဆင်ကြသည်။ မိဘများမှာ ကမ္ဘာ့စီးပွားပျက်ကပ်ကြီးနှင့် ရင်ဆိုင်နေရချိန်တွင် တက္ကသိုလ်ရောက် သားများက သုံးဖြုန်းနေသည်ကို သတိပြုစေလိုသည့် စေတနာဖြင့် “မောင်တို့ခင်” ကဗျာကို ရေးသားခဲ့သည်။

**မောင်တို့ခင်**

သိုးမွေးချည် အထည်ချွတ်ပါလို့
အညာဆီ ပင်နီ ဝတ်ရင်ဖြင့်
ခွင့်လွှတ်မှာလား မောင်တို့ခင်။
အမြင်ဆိုးတယ်လို့
ခင်ငြိုရင် သည်မောင် သေရချည့်
တို့ချစ်မေ ရွှေနှုတ်ဖျားမှာလ
လွတ်ရေးဆို ထိုတရားဟာ နားလေတဲ့အင်။
ရှူးမောင်ဇာ ဘိုင်စကုတ်တွေနဲ့
မူးမော်ကာ စတိုင်ထုတ်လိုဘု
ခပ်ကုပ်ကုပ် လွတ်လမ်းထွင်
ကျွတ်တမ်းဝင်ရန်ဖို့ အတွင်ခဲ။
မောင်တို့ခင်
ကျွန်တွင်းမှာ မပျော်ချင်နဲ့
အတူယှဉ် မောင်နှင့် ရှန်းကာပ
သဘော်ချည် ဝတ်ထည်မုန်းလို့ရယ်
သုံးစို့ ဖျင်ကျဲ။

**(၂၁၊ ဇန်နဝါရီ၊ ၁၉၃၁)**

တက္ကသိုလ်ကျောင်းသားများ၊ ဘန်ကောက်ပုဆိုး တရွှမ်းရွှမ်း၊ ရှူးဖိနပ်တပြောင်ပြောင်နှင့် ကြော့မော့နေချိန်တွင် တက္ကသိုလ်ကျောင်းသူများကလည်း ရေမှုတ်ဆံထုံးကြီးတွင် စိန်ဆံထိုးထိုး၊ စိန်ဘီးစိုက်ကြသည်။ နားတွင်လည်း စိန်တစ်လုံးနားကပ်ကြီးများ တဝင်းဝင်းနှင့် စိန်လက်ကောက်၊ စိန်ကြယ်သီးများနှင့် တလက်လက်ရှိကြသည်။ ဆရာကြီးမင်းသုဝဏ်သည် ကျောင်းသားများကို နားချသလို တက္ကသိုလ်ကျောင်းသူများအားလည်း နားချလိုသဖြင့် “မယ်တို့တာ” ကဗျာကို ရေးဖွဲ့ခဲ့လေသည်။

**မယ်တို့တာ**

မောင်ရင်ကြီးနဲ့ မောင်ရင်ငယ်
ပြည်ကြီးဝန်း အားသွန်ကြိုး
ပိုးပါပေ့ါကွယ်။
အစ်မကြီးတဲ့ ငွေစံပယ်
ညီမငယ်တဲ့ ရွှေစကား။
မယ်တို့တာ မဟာရအောင်
ကြိုးကြစို့လား။

**(၁၄၊ ၂၊ ၃၁)**

ထိုသက္ကရာဇ်တစ်ဝိုက်တွင် ဝံသာနုစိတ်သည်(ဝါ) လွတ်လပ်ရေးရလိုသည့်စိတ်သည် ကျောင်းသား ကျောင်းသူများ ရင်ထဲတွင် တဖွားဖွားပေါ်ပေါက်လျက်ရှိပါသည်။ အမျိုးသားအောင်ပွဲနေ့ရောက်လာလျှင် ကျောင်းမတက်ကြတော့ဘဲ မြို့ထဲသို့ချီတက်ကာ ဆန္ဒပြကြပါသည်။

၁၉၃၄ ခုနှစ် အမျိုးသားအောင်ပွဲနေ့အကြောင်းကို ဆရာကြီးမင်းသုဝဏ်က သူ့မှတ်တမ်းစာအုပ်တွင် အောက်ပါအတိုင်း ရေးမှတ်ခဲ့လေသည်။

(၃၀၊ ၁၁၊ ၃၄) တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်။ အမျိုးသားအောင်ပွဲနေ့။ နံနက် ၈ နာရီလောက် ရွှေတိဂုံဘုရားသို့သွားရောက်ဖူးမြော်သည်။ ယခုနှစ်တွင် တက္ကသိုလ်ကျောင်းတိုက်နှင့် အခြားကျောင်းတိုက်များကိုလည်း ပိတ်ပေးသည်။ အောင်ပွဲနေ့တွင် မိတ်ဆွေချင်း မင်္ဂလာနှုတ်ခွန်းဆက်ရန်အတွက် ကဗျာတစ်ပုဒ်ရေးပေးရန် ဦးသိန်းက ပြောလာသဖြင့် အောက်ပါကဗျာကို ပေးလိုက်သည်။ ၎င်းကဗျာနှင့် ဒေါင်းအလံအား အရိုအသေပြုနေသော မိန်းကလေးပုံကိုပါ ပုံနှိပ်၍ အချင်းချင်း နှုတ်ခွန်းဆက်ကြသည်ကိုတွေ့ရသည်။

**မင်္ဂလာခွန်းဆက်**

အိုးဝေတဲ့ ညံ့ညံ့။
ရွှေဒေါင်းပျို တောင်ညိုဦးမှာ
ကျူးရင့်အောင်သံ။
အောင်ပွဲရယ်ခံ
နိုင်ငံတဲ့ သာရေး။
မင်္ဂလာစည်တော်ရွှမ်းချိန်မို့
ခွန်းချီဆက်တေး။

**(၃၀၊ နိုဝင်ဘာ၊ ၁၉၃၄)**

၁၉၃၆ စက်တင်ဘာလတွင် ပညာသင်ဆုရ၍ အင်္ဂလန်ပြည် အောက်စ်ဖို့ဒ်တက္ကသိုလ်တွင် သက္ကတ၊ ပါဠိ၊ တိဗက်နှင့် အထွေထွေသာဘာရပ်များကို သင်ယူသည်။ ၁၉၃၇ ခုနှစ် ဒီဇင်ဘာကျောင်းပိတ်ရက်တွင် ငယ်စဉ်က စိန့်ဂျွန်းကျောင်းအုပ်ဆရာကြီး ဗလင်တိုက် အကြံပြုသဖြင့် စိန့်ဒိုင်းနီယဲ စာကြည့်တိုက်တွင် ဆောင်းခိုရင်း စာကြည့်သည်။ ၁၉၃၈ ခုနှစ် အောက်စ်ဖို့ဒ်သို့ မပြန်မီ တစ်ရက်အလို ဇန်နဝါရီ ၄ ရက်နေ့တွင် “သပြေညို” ကဗျာကို ရေးဖွဲ့ခဲ့သည်။ ထိုကဗျာ၏ ထူးခြားချက်မှာ ၄၊ ၁၊ ၃၈ ခုနှစ်က သပြေညို ကဗျာရေးသားခဲ့ပြီး ၄၊ ၁၊ ၄၈ ခုနှစ်တွင် မြန်မာနိုင်ငံသည် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်လာခဲ့လေသည်။

**သပြေညို**

သူ့ခေါင်းမှာတဲ့ သပြေညို
ငါ့ခေါင်းမှာတဲ့ သပြေညို
တို့ပြည်မှာ တို့မေတမ်းပါတဲ့
သပြေညို ရွှေဘိုပန်းဟာက
လန်းလျက်ပါကို။ ။
ဘာမလျှော့လေနဲ့
လာတော့မကွဲ့ ရွှေပဟိုရ်
လေချိုက အသွေး။
လင်းကြက်အဆော်
ကွင်းထက်မှာ တူပျော်ပျော်နဲ့
စည်တော်ကို ရည်မျှော်မှန်းကာပ
ရောင်နီမှာ အောင်စည်ရွှမ်းရအောင်
သပြေညို ရွှေဘို ပန်းရယ်နဲ့
လှမ်းကြစို့လေး။ ။

**(၄၊ ၁၊ ၁၉၃၈)**

၁၃၀၀ ပြည့် (၁၉၃၈) ရေနံမြေအရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့သည်။

ထိုအရေးတော်ပုံကြီးအား တို့ဗမာအစည်းအရုံးမှ တပ်ဗိုလ်များလွှတ်၍ ရေနံမြေသပိတ်တပ်ကြီး အောင်မြင်စွာ ချီတက်နိုင်စေရန်ကူညီဆောင်ရွက်စေခဲ့သည်။ ထို့အတူ ကျောင်းသားသမဂ္ဂမှ ခေါင်းဆောင်များလည်း ရေနံမြေသပိတ်တပ်ကြီးရှိရာ ရောက်ရှိသွားပြီး ထောက်ခံအားပေး စကားဟောပြောခဲ့ကြသည်။ ထိုသို့ ဟောပြောခဲ့ကြသော တို့ဗမာအစည်းအရုံးမှ တပ်ဗိုလ်များနှင့် ကျောင်းသားခေါင်းဆောင်များကို နယ်ချဲ့အစိုးရက ဖမ်းဆီးခဲ့သည်။ ထို့ကြောင့် တက္ကသိုလ်ကျောင်းသားများ သမဂ္ဂတို့က ကျောင်းသားခေါင်းဆောင်များကို လွှတ်ပေးရန် ဆန္ဒပြကြသည်။ ဒီဇင်ဘာ ၂၀ ရက်နေ့တွင် ကျောင်းသားတို့က အတွင်းဝန်ရုံး လေးဖက်လေးတန်တို့မှ ပိတ်ဆို့၍ သပိတ်တားကြလေသည်။ နေ့လယ်ခင်းသို့ရောက်လာသောအခါ နံနက်စာစားချိန်လွန်ခဲ့သဖြင့် ဤမျှသပိတ်တားပြီး လှည့်၍ပြန်ကြရန် စီမံခဲ့လေသည်။ သပိတ်တားကျောင်းသားစုက စပတ်လမ်းမှ ဒါလဟိုဇီလမ်းဘက်မှ လှည့်ပြန်ရန်စီစဉ်နေစဉ် မြင်းစီးပုလိပ်တို့သည် ကျောင်းသားထုအား ဝင်ရောက်ရိုက်နှက်ခဲ့ကြသည်။ ဤသို့နှင့် ဂျပ်ဆင်ကျောင်းသား ကိုအောင်ကျော်သည် ရိုက်နှက်ခံရသည့်ဒဏ်ရာဖြင့် ကွယ်လွန်ခဲ့လေသည်။

ထို့နောက် ကိုအောင်ကျော်အား ဂုဏ်ပြုသောအားဖြင့် “ဗိုလ်အောင်ကျော်”ဟု ဂုဏ်ပြုမှည့်ခေါ်ခဲ့လေသည်။ တက္ကသိုလ်ကျောင်းသားများသမဂ္ဂက ဗိုလ်အောင်ကျော်ရုပ်တုကိုထုလုပ်ပြီး ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂနေ့တွင် စိုက်ထူခဲ့လေသည်။ ဆရာကြီးမင်းသုဝဏ်လည်း “ဗိုလ်အောင်ကျော် နတ်သံ” ကို ရေးဖွဲ့ခဲ့လေသည်။

**ဗိုလ်အောင်ကျော်နတ်သံ**

စာအုပ်ကယ်မှ ကလောင်လေ
သိပ္ပံအပေါင်း ဝိဇ္ဇာအောင်းသည့်
ကျောင်းများ ခေါင်က
ဗိုလ်အောင်ငယ်မှ မည်တင့်
ကျော်တစ်ဆင့်နှင့် မင်းမင့်နောင်ညီ
ငါ. . . ဇာနည်ကိုလာပြီ ကြိုကြ
သပြေပန်းနှင့် ရေချမ်းဆောင်ကာ
အောင်စည် စလော့။
နှမငယ်ဖြူဖြူ
ပညာစီးပွား စွမ်းအင်အားနှင့်
အင်လျားသူတို့
ငါမူအစ ရှေးဘဝက
နှမတို့နှယ်
ပျော်ပျော်ပါးပါး ဟိုသည်သွားလို့
ကြွားခဲ့တယ်။
နောင်ဝယ်သောအခါ
ငါ့မိငါ့ဖ၊ ကျွန်ဘဝကို
မြင်ရမပျော်၊ စိတ်မပျော်၍
ရဲဘော်အများ သစ္စာကားနှင့်
ကြိုးစားရာတွင်၊ ကြမ္မာငါ့ကံ
တစ်လှူဘဝ၊ ရှုမလှအောင်
ငါ့ကိုယ်ခံ၍၊ ရန်သူလက်နက်
ဆံတိုဆံတောင်း၊ ဘာမဆောင်းသည့်
ငါ့ခေါင်းထက်မှာ ဆက်ကာ ဆက်ကာ
ဝင်းဝင်းလျှံတောက်၊ မူးမော်နောက်အောင်
ကျရောက်လာသော်၊ ငါ့မှာ မခို
ဘုရားကယ်ပါ၊ အော်မြည်ပါလည်း
ကွာ သတိနှင့်၊ ငါ့မိရင်ခွင်
ဤမြေပြင်တွင်၊ ငါလျှင်လဲ၍
အောင်ပွဲခံသည်၊ နိုင်ငံသာကြောင်း၊
ငါ ဆုတောင်းမည်၊ သောင်းသိန်းသန်းကျော်
တို့ ရဲဘော်တို့။ ။

**(၁၉၄၀)**

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသည် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံဖြစ်လာသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးတိုက်ပွဲတွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများ သမဂ္ဂမှ ကျောင်းသားများ ဦးဆောင်ခဲ့သည်။ ထိုကျောင်းသားများကို ဂုဏ်ပြုသောအားဖြင့် ဆရာကြီးမင်းသုဝဏ်သည် “သာခုသံ ကဗျာ” တစ်ပုဒ်ကို ရေးသားခဲ့လေသည်။

**သာခုသံ**

ဒေါင်းပျိုးထိုးဆွပ်၊ ဘယ်ညာခွပ်၍
လွတ်လပ်ရလေ၊ တို့တစ်တွေသည်
အိုးဝေ ကျေးဇူးပါတကား။ ။
အိုးဝေ ကျေးဇူး၊ မထိမ်မြူးဘဲ
ခါဦးကောဇာ၊ ဤခါတွင်
သာခု ခေါ်ကြပါကုန်လော့။ ။
သာခုသံတွင်၊ သောတဆင်၍
အသင် ဒေါင်းငယ်၊ မြန်မိငယ်ကို
ဆက်နှယ် စောင့်ရှောက်နိုင်စေသော်ဝ်။

**(၁၉၄၈)**

ယခုတင်ပြခဲ့သည့် ကဗျာများမှာ ဆရာကြီးမင်းသုဝဏ် အမျိုးသားရေးနှင့်ပတ်သက်၍ ဖွဲ့ဆိုခဲ့သည့် ကဗျာများဖြစ်ပြီး စစ်အာဏာရှင်များ စိုးမိုးခဲ့စဉ်က ဆရာကြီးမင်းသုဝဏ်၏ ကဗျာများကို ပြန်လည်ဖော်ထုတ်ခွင့်မရခဲ့ပေ။ ထို့ကြောင့် ယခုလို စုစည်းတင်ပြလိုက်ရခြင်းဖြစ်ပေသည်။ ။



# ပြည်သူလူထုအား ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိပြီး တပ်မတော်နှင့်ပြည်သူ တစ်သားတည်းရှိရမည်

**နေပြည်တော် မေ ၂၈**

တပ်မတော်၏ အဓိကတာဝန်မှာ တိုင်းပြည်ကိုကာကွယ်ရန်၊ ပြည်သူလူထုကို စောင့်ရှောက်ရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ရန် ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင် ခေါင်းဆောင်များ၏ မှန်ကန်သောဦးဆောင်မှု၊ ညီညွတ်မှုတသော အုပ်ချုပ်မှုအောက်တွင် လက်အောက်မှလည်းတရားနည်းလမ်းကျစွာ တိုက်တွန်းမှာကြားချက်များကို အလေးထားလိုက်နာရမည်ဖြစ်ကြောင်း၊ လက်ရှိတာဝန်ထမ်းဆောင်နေသည့် ကာလတွင် မိမိတို့အားလုံး ထိုက်ထိုက်တန်တန်ကြိုးစားလုပ်ဆောင်ရန်တိုက်တွန်းလိုကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပျဉ်ပုံကြီးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။




တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ပျဉ်ပုံကြီးတပ်နယ်သို့ရောက်ရှိစဉ် မျိုးကောင်းမျိုးသန့် သီးနှံမျိုးစေ့များ၊ အသားတိုးဝက်၊ ဥစားကြက်နှင့် နို့စားနွား မျိုးကောင်းမျိုးသန့် ထုတ်လုပ်ဖြန့်ဖြူးမှု အခြေအနေများ တင်ပြချက်အပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆေးနိမ့်စစ်သည်များကို ထိုက်တန်သောနေရာချထားမှုနှင့်အတူ ၎င်းတို့၏ လုပ်အားများဖြင့် လုပ်ငန်းများအောင်မြင်အောင်ဆောင်ရွက်သွားရန်၊ အသားတိုးဝက်၊ ဥစားကြက်နှင့် နို့စားနွားများကို စစ်သည်မိသားစုများသာမက ရန်ကုန်မြို့နှင့် ပဲခူးမြို့တို့ကိုပါ ဖြန့်ဖြူးရောင်းချနိုင်သည်အထိ တိုးချဲ့ဆောင်ရွက်ရန်၊ လုပ်ငန်းကျွမ်းကျင်မှုရှိစေရေး စိုက်ပျိုးမွေးမြူရေးသင်တန်းများပေးရန်၊ ထုတ်လုပ်သည့် သီးနှံမျိုးစေ့များ၏ အထွက်နှုန်းကိုပြန်လည်စိစစ်၍ မျိုးကောင်းမျိုးသန့် ဖြစ်စေရေးထိန်းသိမ်းကြပ်မတ်ရန်၊ စိုက်ပျိုးရေးအတွက်လိုအပ်ပါက Green House များ စနစ်တကျ ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် တပ်နယ်ခန်းမတွင် ပျဉ်ပုံကြီးတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများကို တွေ့ဆုံသည်။ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို အပြည့်အဝ ထမ်းဆောင်နိုင်ရေးအတွက် တပ်များ စွမ်းဆောင်ရည်မြင့်မားစေရန် အလေးထားလုပ်ဆောင်ခဲ့ကြောင်း၊ လေ့ကျင့်ရေးနှင့်ပတ်သက်၍ တပ်မတော်သင်တန်းကျောင်းများအား အဆင့်မြှင့်တင်ခြင်း၊ ဖွဲ့စည်းပုံ ပြင်ဆင်ခြင်း၊ အရည်အချင်းပြည့်ဝသည့် နည်းပြများဖြည့်တင်းခြင်း၊ ပြည်တွင်း ပြည်ပ အဆင့်မြင့် သင်ထောက်ကူပစ္စည်းများ အသုံးပြုခြင်း၊ သင်ရိုးညွှန်းတမ်းများ၊ သင်တန်းကာလများပြင်ဆင်ရေးဆွဲခြင်း စသည့် လေ့ကျင့်ရေးနယ်ပယ် မြှင့်တင်ခြင်းများကို လုပ်ဆောင်ပေးခဲ့ကြောင်း၊ အုပ်ချုပ်ရေးနှင့် ပတ်သက်၍ စားသောက်၊ နေထိုင်ရေး၊ သွားလာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စအဝဝတွင် ပိုမိုတိုးတက်ကောင်းမွန်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း။

ပညာရေးနှင့်ပတ်သက်၍ အကြောင်းအမျိုးမျိုးကြောင့် ပညာရေးအားနည်းသည့် စစ်သည်များအား ပညာရည်မြှင့်တင်ရေးအလေးပေးလုပ်ဆောင်နေကြောင်း၊ Standard Army တည်ဆောက်ရာတွင်လည်း အတန်းပညာသည် အခြေခံဖြစ်ခြင်းကြောင့် တပ်မတော်တစ်ရပ်လုံး ပညာရည်မြှင့်တင်ရေးလုပ်ဆောင်နေသကဲ့သို့ မိသားစုဝင်များ၏ ပညာရည်မြှင့်တင်မှုလုပ်ငန်းများကိုပါ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရည် ထူးချွန်သူများကိုလည်း ထိုက်တန်စွာဆုချီးမြှင့်ခြင်း၊ ပညာသင်စရိတ်ချီးမြှင့်ခြင်းများ လုပ်ဆောင်ပေးနေကြောင်း၊ ၎င်းအပြင် စာဖတ်အား ကောင်းမွန်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာကြည့်တိုက်များ စနစ်တကျရှိရေးကြပ်မတ်ဆောင်ရွက်ပေးနေကြောင်း၊ စစ်သည်မိသားစုများ၊ မိဘများကလည်း သားသမီးများ ပညာရေးတိုးတက်မြင့်မားစေရန် တိုက်တွန်းအားပေး၍ ပညာရေးကို အလေးထားကြိုးစားကြရန်တိုက်တွန်းလိုကြောင်း။

တပ်မတော်သားများ တာဝန်ထမ်းဆောင်ရာတွင် နောက်ဆံမငင်ရစေရန်အတွက် စစ်မှုထမ်းဟောင်းများနှင့်ပတ်သက်၍ ကျဆုံးသွားသည့် တပ်မတော်သားများ၏ မိသားစုဝင်များ၊ စစ်မှုထမ်းဆောင်စဉ် မသန်စွမ်းဖြစ်သွားသူများ၊ သက်ပြည့်တာဝန်ထမ်းဆောင်သူ အငြိမ်းစားတပ်မတော်သားများ၊ အကြောင်းအမျိုးမျိုးကြောင့် နုတ်ထွက်ခွင့်ပြုလိုက်သည့် စစ်မှုထမ်းဟောင်းများ စသည်ဖြင့် သတ်မှတ်ထားသည့် အမျိုးအစားအလိုက် စစ်မှုထမ်းဟောင်းအိမ်ရာ၊ တန်ဖိုးနည်းအိမ်ရာ၊ ဘိုးဘွားရိပ်သာများဆောက်လုပ်ပေးနေမှုအခြေအနေများ၊ စစ်မှုထမ်းဆောင်စဉ် ကိုယ်လက်အင်္ဂါစွန့်လွှတ်ခဲ့ရပြီး မသန်စွမ်းဖြစ်သွားသူ တပ်မတော်သားများအတွက် အင်အားဖြည့်တင်းရေးနှင့် ပြန်လည်နေရာချထားရေး တပ်များတွင် နေထိုင်ရေးအပြင် အလုပ်အကိုင်အတွက် ထည့်သွင်းစဉ်းစား လုပ်ဆောင်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပျဉ်ပုံကြီးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် ဘုရားဆင်းတုတော်များနှင့် သုတ၊ ရသစာအုပ်၊ စာစောင်များကို ပေးအပ်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှက တပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်သည်။

ယင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်က စားသောက်ဖွယ်ရာများကို လည်းကောင်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက အားကစားပစ္စည်းများကို လည်းကောင်း အသီးသီးပေးအပ်ကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အင်းတိုင်တပ်နယ်ရှိ ရန်ငြိမ်းအေးခန်းမတွင် နယ်မြေခံတပ်မဌာနချုပ်နှင့် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မဌာနချုပ်၏ ကာလရှည်ကြာစွာ စစ်ဆင်ရေးတာဝန်ထမ်းဆောင်မှုကို ဂုဏ်ယူအသိအမှတ်ပြုပါကြောင်း၊ စစ်၏သဘောတရားတွင် ဉာဏ်ကိုသုံးပြီး စစ်နည်းဗျူဟာမြောက် တိုက်ပွဲဝင်နိုင်ပါက အောင်မြင်မည်ဖြစ်ကြောင်း၊ အောင်မြင်မှုများရရှိသကဲ့သို့ ဆုံးရှုံးမှုများလည်းရှိနိုင်သဖြင့် ပေါ့ဆ၍မရကြောင်း၊ ဆောင်ရွက်ခဲ့သည်များကို ပြန်လည်သုံးသပ်ပြီး နောင်တွင်ပိုမိုအောင်မြင်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လေ့ကျင့်ရေးများကို စနစ်တကျဆောင်ရွက်ပြီး လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့်လုပ်ငန်းစဉ်များအတိုင်း လက်တွေ့နယ်ပယ်တွင် ထိရောက်စွာအသုံးချရန်လိုကြောင်း။

ပြည်သူလူထုအား ညီအစ်ကိုမောင်နှမစိတ်၊ မိသားစုစိတ်မွေး၍ လုံခြုံစွာ ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိပြီး တပ်မတော်နှင့် ပြည်သူ တစ်သားတည်းရှိရမည်ဖြစ်ကြောင်း၊ ကိုယ့်မိသားစုလုံခြုံစေသကဲ့သို့ မိမိနှင့် ဆက်စပ်နေသည့် ပြည်သူ့ဘဝ လုံခြုံအောင်ကာကွယ်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ၊ သဘာဝဘေးဒဏ်ကျရောက်ချိန်များတွင်လည်း တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီခေတ်တွင် တာဝန်ထမ်းဆောင်ရာ၌ ဥပဒေနှင့်အညီဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင် ကိစ္စများတွင်လည်း ချမှတ်ထားသည့် မူဝါဒနှင့်အညီ ပြေလည်အောင် ပူးပေါင်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ မိမိတို့ တပ်မတော်သားများအနေဖြင့် နိုင်ငံတော်ကာကွယ်ရေး၊ စောင့်ရှောက်ရေးနှင့် ထူထောင်ရေးလုပ်ငန်းများတွင် တာဝန်ကျေပွန်အောင် ကြိုးပမ်းလုပ်ဆောင်ကြရန်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အင်းတိုင်တပ်နယ်မှ အရာရှိစစ်သည်၊ မိသားစုများအတွက် သုတ၊ ရသစာအုပ်၊ စာစောင်များကို ပေးအပ်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်သည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးတင်အောင်စန်းက စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးညိုစောက အားကစားပစ္စည်းများကိုလည်းကောင်း အသီးသီးပေးအပ်ကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။**(မြဝတီ)**



## ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က သောက်သုံးရေလုံလောက်မှုမရှိသော ဒလမြို့နယ် ကျွန်စစ်သားရပ်ကွက်နှင့် သပြေကုန်းကျေးရွာများသို့ သောက်ရေသန့်နှင့်သုံးရေများ သွားရောက်လှူဒါန်း

**ရန်ကုန် မေ ၂၈**

ယခုနှစ်တွင် အယ်နီညိုရာသီဥတုကျရောက်ပြီး ပူပြင်းခြောက်သွေ့သဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အချို့မြို့နယ်များတွင် ရေလုံလောက်မှုမရှိခြင်းကြောင့် နယ်မြေခံပြည်သူများမှာ သောက်ရေ၊ သုံးရေ အခက်အခဲများဖြစ်ပေါ်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် ရေကန်များမှ ရေခန်းခြောက်လာသဖြင့် သောက်သုံးရေလုံလောက်မှုမရှိခြင်းကြောင့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ်ဝင်းနိုင် ဦးဆောင်သောရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ရေအခက်အခဲများဖြစ်ပေါ်လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ဒလမြို့နယ်ရှိ ကျွန်စစ်သားရပ်ကွက် သပြေကုန်းကျေးရွာနှင့် ဒလမြို့မရဲစခန်းသို့ မေ ၂၈ ရက် နံနက် ၈ နာရီက သောက်ရေသန့်နှင့် သုံးရေများ သွားရောက်လှူဒါန်းခဲ့သည်။

ထိုသို့သွားရောက်လှူဒါန်းရာတွင် သောက်ရေအတွက် ရေသန့်ဘူးကြီး ၅ လီတာဝင်ရေသန့်ဘူး ၂၀၀၀နှင့် သုံးရေအတွက် ဂါလန် ၁၂၀၀ ဆံ့ ရေသယ်ယာဉ် လေးစီးတို့ဖြင့် အဆိုပါနေရာများရှိ ဒေသခံပြည်သူများနှင့် ဒလမြို့နယ်ရဲတပ်ဖွဲ့ဝင်မိသားစုများကို ဝေငှလှူဒါန်းပေးခဲ့ခြင်းကြောင့် ဒေသခံပြည်သူများက ဝမ်းသာလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဘင်္ဂလီများအပေါ် "ရိုဟင်ဂျာလူမှုအသိုက်အဝန်း"ဟု သုံးစွဲခဲ့ခြင်းနှင့်ပတ်သက်၍ အမေရိကန်သံရုံးရှေ့၌ ဆန္ဒထုတ်ဖော်

**ရန်ကုန် မေ ၂၈**
အမေရိကန်သံရုံးမှထုတ်ပြန်ခဲ့သည့် ကြေညာချက်တွင် ဘင်္ဂလီများအပေါ် "ရိုဟင်ဂျာ လူမှုအသိုက်အဝန်း" ဟု သုံးစွဲခဲ့ခြင်းနှင့်ပတ်သက်၍ အမျိုးသားရေးတက်ကြွလှုပ်ရှားသူများက ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးရှေ့၌ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

အဆိုပါ ဆန္ဒထုတ်ဖော်မှုကို မြန်မာ့အမျိုးသားရေးကွန်ရက်မှ ဦးဆောင်၍ ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်တက္ကသိုလ်ရှေ့မှစတင်ကာ ကြွေးကြော်သံများဖြင့် တက္ကသိုလ်ရိပ်သာလမ်းအတိုင်း အမေရိကန်သံရုံးရှေ့ထိ လမ်းလျှောက်ခဲ့ပြီး အမေရိကန်သံရုံးရှေ့၌ ဆန္ဒထုတ်ဖော်ခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့အနေနဲ့ ဥပဒေနဲ့အညီ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်တာပါ။ အသုံးပြုမယ့် ဗီနိုင်းနဲ့ကြွေးကြော်သံတွေကိုလည်း သက်ဆိုင်ရာကို တင်ပြထားတဲ့အတိုင်းပဲ လုပ်ဆောင်တာပါ။ အမေရိကန်သံရုံးရဲ့ ရိုဟင်ဂျာလို့ ကြေညာချက်ကို ချက်ချင်းပယ်ဖျက်ပေးဖို့လိုပါတယ်။ တိုင်းရင်းသား ၁၃၅ မျိုးထက် ပိုတိုးလာမယ့်ကိစ္စကို လက်မခံနိုင်ပါဘူး"ဟု မြန်မာ့အမျိုးသားရေး ကွန်ရက်ဥက္ကဋ္ဌ ဦးဝင်းကိုကိုလတ်က ပြောသည်။

မြန်မာနိုင်ငံတွင် ရိုဟင်ဂျာဟူသော တိုင်းရင်းသားလူမျိုးလုံးဝမရှိကြောင်း အစိုးရနှင့် လွှတ်တော်မှ တရားဝင်ပြောကြားထားသောကြောင့် အမေရိကန်နိုင်ငံအနေဖြင့် ရိုဟင်ဂျာအမည်ကို သုံးစွဲခြင်းမပြုရန် မြန်မာ့အမျိုးသားရေးကွန်ရက်မှ ကြေညာချက်ထုတ်ပြန်ထားကြောင်းလည်း သိရသည်။

ထိုသို့ဆန္ဒထုတ်ဖော်စဉ် အမျိုးသားရေးတက်ကြွလှုပ်ရှားသူများက အမေရိကန်သံရုံးထံ အိတ်ဖွင့်ပေးစာ ပေးပို့ခဲ့ရာ အဆိုပါသံရုံးမှ လုံခြုံရေးအရာရှိချုပ်က လက်ခံခဲ့ပြီး ၎င်းတို့၏ အစိုးရထံရောက်အောင်ပေးပို့မည်ဖြစ်ကြောင်း၊ ထို့ပြင် ရိုဟင်ဂျာဆိုသည့် ကြေညာချက်ကို ဖျက်ပေးရန်လည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဦးဝင်းကိုကိုလတ်၏ပြောကြားချက်အရ သိရသည်။

လူဦးရေ ၃၀၀ ခန့် ပါဝင်သည့် အဆိုပါဆန္ဒထုတ်ဖော်ပွဲကို ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ကွင်းတွင် ပြုလုပ်ရန် သက်ဆိုင်ရာက ခွင့်ပြုခဲ့သော်လည်း အမေရိကန်သံရုံးရှေ့၌ ပြုလုပ်ခဲ့သည့်အပေါ် ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ထွဋ်က "သူတို့ကိုခွင့်ပြုတဲ့နေရာက ဒီနေရာမဟုတ်ဘူး။ ခွင့်ပြုနေရာမှာ မလုပ်ဘဲ ဒီနေရာမှာ လုပ်တဲ့အတွက် ခွင့်ပြုမိန့် လျှောက်ထားသူအပါအဝင် ဖော်ထုတ်လို့ရတဲ့သူအားလုံးကို ဥပဒေအတိုင်း ပုဒ်မ - ၁၉ နဲ့ အရေးယူသွားမယ်"ဟု ပြောသည်။



ရခိုင်ပြည်နယ် စစ်တွေမြို့နယ် သဲချောင်းအနီးတွင် မေ ၁၉ ရက်က စက်လှေနစ်မြုပ်၍ သေဆုံးသွားသူများအတွက် မေ ၂၀ ရက်က အမေရိကန်သံရုံး (ရန်ကုန်)၏ ဝမ်းနည်းကြောင်း ထုတ်ပြန်ချက်တွင် ဘင်္ဂလီများအား "ရိုဟင်ဂျာ လူမှုအသိုက်အဝန်း"ဟု သုံးစွဲခဲ့သည့်အတွက် အမျိုးသားရေးတက်ကြွလှုပ်ရှားသူများက ဆန္ဒထုတ်ဖော်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **ဇော်ကြီး(ပဏီတ)**

# လေးရက်အတွင်း ဘုရင့်နောင်ပွဲရုံသို့ အာလူးပိဿာချိန် ခြောက်သိန်းနီးပါး ဝင်ရောက် ဝယ်လိုအားနည်း၍ ကားတစ်စီးလျှင် ယခုရက်ပိုင်း ကျပ်သိန်း ၂၀ ခန့် ရှုံးနေ

**ရန်ကုန် မေ ၂၈**
ဘုရင့်နောင်ပွဲရုံသို့ မေ ၂၃ ရက်တွင် အာလူးကားအစီး ၃၀၊ မေ ၂၅ ရက်တွင် ၁၈ စီး၊ မေ ၂၆ ရက်တွင် ၂၆ စီး၊ မေ ၂၇ ရက်တို့တွင် အစီး ၂၀ တို့ ဝင်ရောက်လာခဲ့သည်။ လေးရက်အတွင်း အာလူးဝင်ရောက်မှုမှာ ပိဿာချိန် ၅၆၄၀၀၀ ရှိသည်ဟု ကုန်စည်ဒိုင်နေ့စဉ် ဈေးနှုန်းစာရင်း ဖော်ပြချက်များအရ သိရသည်။



သင်္ကြန်ပိတ်ရက်အလွန် ကုန်စည်ဒိုင်စတင်ဖွင့်သည့် မေ ၂၁ ရက်တွင် အာလူးကား ၁၈ စီးဝင်ရောက်ခဲ့သည်။ ယင်းနေ့တွင် ဟဲဟိုးအာလူးတစ်ပိဿာ လက်ကားဈေး ၄၀၀ ကျပ်မှ ၈၈၀ ကျပ်အတွင်းရှိခဲ့သည်။ အာလူးအဝင်များသော်လည်း ဝယ်လိုအားမြင့်တက်မှုမရှိ၍ နေ့စဉ်ဈေးနှုန်းကျဆင်းလာသည်။ မေ ၂၇ ရက်တွင် အောင်ပန်း(မြေနီ) တစ်ပိဿာ ၃၀၀ မှ ၅၀၀ ကျပ်အတွင်း၊ ဟဲဟိုးအာလူး ၃၅၀ မှ ၆၀၀ ကျပ်အတွင်း ကုန်စည်ဒိုင်ဈေးနှုန်းဖွင့်ထားသည်။ သို့သော်ဈေးကွက်တွင် ရောင်းသူ၊ ဝယ်သူနှစ်ဦးသဘောတူဈေးအရ ဒိုင်ဖွင့်ဈေးအောက် ရောင်းဝယ်နေကြသည်ကို မြင်တွေ့ရသည်။

အာလူးနယ်ဈေးမှာ အရွယ်အစားစုံတစ်ပိဿာ ၆၀၀ ကျပ်ခန့်ရှိပြီး ရန်ကုန်သို့ကားခမှာ အမြန်ဈေးတစ်ပိဿာ ၅၀ ကျပ်၊ ပုံမှန်ဈေး ၄၀ ကျပ်ရှိပြီး ရန်ကုန်ပွဲရုံ အကျိုးဆောင်ပွဲခ ငွေတစ်ရာလျှင် ငါးကျပ်နှုန်းရှိသဖြင့် ၁၂ ဘီးကားတစ်စီးလျှင် ယခုရက်ပိုင်း အာလူးကုန်သည်များအနေဖြင့် ကျပ်သိန်း ၂၀ ခန့်အရှုံးရှိလာသည်ဟု အာလူးရောင်းချသည့် ပွဲရုံများမှ သိရသည်။

ယခုလပိုင်းသည် စာသင်ကျောင်းများ ဖွင့်လှစ်ခြင်းမရှိသေး၍ အာလူးကြော်လုပ်ငန်းရှင်များအနေဖြင့် ဝယ်လိုအားမှာ ပုံမှန်သာရှိနေဆဲဖြစ်သည်။ အပူဒဏ်ကြောင့် အာလူးအိတ်အများအပြားတွင် အပုပ်များပါဝင်ရာ ပွဲရုံများတွင် အိတ်ဖွင့်သွန်ချသန့်စင်မှုများ ပြုလုပ်ခဲ့သည်။

စက်မှု/ကုန်သည်အသင်းချုပ်UMFCCI ၏ ညီနောင်အသင်းအဖွဲ့များအနေဖြင့် အလုပ်အမှုဆောင်အသစ်ဖွဲ့စည်းတိုင်း သင်းလုံးကျွတ်အစည်းအဝေးခေါ်ယူပြီး ယင်းအစည်းအဝေး၏ အတည်ပြုချက်ရယူရသည်။

သို့သော် ဘုရင့်နောင်ပွဲရုံဝင်းအတွင်းရှိ UMFCCI ၏ ညီနောင်အသင်းများဖြစ်သော ဘုရင့်နောင်ကုန်စည်ဒိုင်နှင့် ဆီအသင်းတို့သာ သင်းလုံးကျွတ်အစည်းအဝေးခေါ်ယူ၍ ရွေးချယ်တင်မြှောက်သော အမှုဆောင်အသစ်များကို အတည်ပြုခဲ့သည်။ အဝေးပြေးကုန်စည်အသင်းမှာမူ သင်းလုံးကျွတ်အစည်းအဝေးခေါ်ယူပြီး အသိအမှတ်ပြုခြင်းမရှိခဲ့ဟုသိရသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အဝေးပြေးကုန်စည်အသင်းတာဝန်ရှိသူများအနေဖြင့် ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ၂၀၁၅ အောက်တိုဘာ ၃ ရက်တွင် ပြုလုပ်သော အဝေးပြေးကုန်စည်အသင်းရွေးချယ်ပွဲပြုလုပ်ချိန်တွင် ရန်ကုန်တွင်ရှိနေသည်။ သို့သော် ဘုရင့်နောင်ပွဲရုံဝင်း ရန်ကုန်တိုင်းဒေသကြီးအတွက် ရွေးချယ်ပွဲပြုလုပ်သည်ဆို၍ ယင်းပွဲသို့ တက်ရောက်ခဲ့ခြင်းမရှိပါ။ သို့သော် ရွေးချယ်ပွဲပြီးချိန် မြန်မာနိုင်ငံအဆင့်ဟု သုံးနှုန်းလာရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အဝေးပြေးကုန်စည်အသင်းများက သဘောမတူ ကန့်ကွက်ခဲ့သည်။ ပြည်ထောင်စုအစိုးရအဖွဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများထံကန့်ကွက်သည့် အကြောင်းကြားစာများပေးပို့ခဲ့သည်ဟု စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှ အဝေးပြေးကုန်စည်အသင်း တာဝန်ရှိသူများက ထုပ်ဖော်ပြောကြားသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ စက်မှု/ကုန်သည်အသင်းချုပ်သို့ တင်ပြမှုများရှိလာရာ နှစ်ဦးနှစ်ဖက်တင်ပြမှုများအပေါ် ကြားနာပြီး အသင်းချုပ်တာဝန်ရှိသူကလမ်းညွှန်မှုပေးခဲ့သည်။ လက်ရှိသင်းဖွဲ့စည်းမျဉ်းစည်းကမ်းတွင် ပိုမိုခိုင်မာပြည့်စုံသော အချက်အလက်များထည့်သွင်းရေးဆွဲရန် လုပ်ထုံးလုပ်နည်းနှင့်အညီ ရွေးချယ်ပွဲ ကော်မရှင်ဖွဲ့ရန်၊ ရွေးချယ်ပွဲပြီးလျှင် သင်းလုံးကျွတ်အစည်းအဝေးခေါ်ယူ၍ အတည်ပြုချက်ရယူရန် လမ်းညွှန်မှုပေးခဲ့သည်ဟု မေ ၂၄ ရက် တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သော ဘုရင့်နောင်ကုန်ကားဂိတ်ပိုင်ရှင် ဦးအောင်ဇော်သက်က ပြောသည်။

အစိုးရသစ်လက်ထက် အသစ်ပြန်လည်ဖွဲ့စည်းမည့် မြန်မာနိုင်ငံ အဝေးပြေးကုန်စည်အသင်း ပြန်လည်ဖွဲ့စည်းခြင်းကို ရန်ကုန်မြို့ရှိ အသင်းဝင်ကားဂိတ် ၃၀၀ကျော်က စိတ်ဝင်စားစွာ စောင့်ကြည့်နေကြသည်။ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း၊ မော်တော်ယာဉ်ကုန်ကားများနှင့် ပတ်သက်သော လိုအပ်ချက်အကြံပြုချက်များကိုပါ အသင်းဝင်ကားဂိတ်လုပ်ငန်းရှင်များက ပေးပို့စေလိုသည်ဟု ဥက္ကဋ္ဌ ဦးလှဦးက ဆိုသည်။

အဝေးပြေးကုန်ကားဂိတ်လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို ဘုရင့်နောင်ပွဲရုံဝင်းအတွင်းသာ ခွင့်ပြုသည်ဆိုသော်လည်း ယနေ့ ရန်ကုန်မြို့တွင် ဆက်လက်ကြုံတွေ့နေရဆဲဖြစ်သည့် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်စေသည့် အကြောင်းရင်းများတွင် ရန်ကုန်မြို့တွင်း၊ မြို့လယ်လမ်းဘေးများ၊ သင်္ဘောဆိပ်ကမ်းများ၊ ပင်လယ်ကူးဆိပ်ကမ်းရှေ့များတွင် အဝေးပြေးကားဂိတ်လုပ်ငန်းများ လုပ်ကိုင်နေသည်ကို မြင်တွေ့နေရဆဲဖြစ်သည်ဟု လမ်းအသုံးပြုသူများက ဆိုသည်။ **(မောင်စေအောင်)**

**✱ ကျောဖုံးမှ**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာယူ-၁၉ အသင်းကို ကစားသမား ၄၃ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး မေလဆန်းပိုင်းတွင် လူရွေးပွဲများကျင်းပကာ ကစားသမားများ လျှော့ချသွားမည်ဖြစ်သည်။ ယခုရွေးချယ်ခဲ့သည့် ပဏာမလူစာရင်းတွင် ၂၀၁၅ ခုနှစ်အတွင်းက ဖွဲ့စည်းခဲ့သော အာရှယူ-၁၉ ခြေစစ်ပွဲဝင် မြန်မာယူ-၁၉ အသင်းမှ ကစားသမားများ ပြန်လည်ပါဝင်လာသည်။ ပဏာမရွေးချယ်ခဲ့သည့် လူစာရင်းတွင် ယူ-၁၈ အသင်းမှ ကစားသမားများအပါအဝင် လက်ရှိ MNL လူငယ်အမှတ်ပေးပြိုင်ပွဲတွင် ခြေစွမ်းပြနေသည့် ကစားသမားများကို ရွေးချယ်ထားခြင်းဖြစ်သည်။ လူရွေးပွဲအပြီးတွင် ကစားသမား ၂၅ ဦးသို့ လျှော့ချသွားမည်ဖြစ်ပြီး မေလဒုတိယပတ်တွင် စခန်းဝင်လေ့ကျင့်မှုများပြုလုပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယခုနောက်ပိုင်းနှစ်များတွင် ပြည်တွင်းနည်းပြများကို နေရာပေးလာခဲ့ပြီး မြန်မာယူ-၁၉ အသင်းနည်းပြချုပ်အဖြစ် နေပြည်တော်အသင်းနည်းပြချုပ် ဦးမျိုးလှိုင်ဝင်းကို ခန့်အပ်ခဲ့သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဦးမျိုးလှိုင်ဝင်းကို မေ ၂၈ ရက်က အပြီးသတ်စာချုပ်ချုပ်ဆိုခဲ့ပြီး စာချုပ်သက်တမ်းမှာ တစ်နှစ်ရှိမည်ဖြစ်သည်။

ဦးမျိုးလှိုင်ဝင်းကိုင်တွယ်မည့် မြန်မာယူ-၁၉ အသင်းမှာ ပထမဆုံးနိုင်ငံတကာပြိုင်ပွဲအဖြစ် အာဆီယံယူ-၁၉ ပြိုင်ပွဲကို ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အုပ်စုခွဲဝေထားမှုအရ ထိုင်း၊ ဩစတြေးလျတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေရာ ခက်ခက်ခဲခဲ ရှုန်းကန်ရဖွယ်ရှိနေသည်။ Air Bagan၊ ရန်ကုန်၊ နေပြည်တော်အသင်းတို့ကို ကိုင်တွယ်ဖူးသည့် ဦးမျိုးလှိုင်ဝင်းအနေဖြင့် မြန်မာယူ-၁၉ အသင်းကို အောင်မြင်မှုများရယူနိုင်ခြင်း ရှိ၊ မရှိ စောင့်ကြည့်ရမည်ဖြစ်သည်။

**❍ ရှေ့ဖုံးမှ**

ဧည့်ရိပ်သာ၊ ဘုန်းတော်ကြီးကျောင်းတွေမှာလည်း ဧည့်သည်ပြည့်ကြောင်း သိရသည်။ အဆိုပါကာလတွင် တည်းခိုခန်းအမျိုးအစားအလိုက် ကျပ်နှစ်သိန်းမှ ငါးသောင်းအထိ အခန်းခဈေးနှုန်းများမြင့်တက်ခဲ့သော်လည်း ယခုရက်ပိုင်းတွင် တစ်သိန်းမှ နှစ်သောင်းအထိ ပြန်လည်ကျဆင်းသွားပြီဖြစ်သည်။ ၎င်းအပြင် အင်းလေးစက်လှေခမှာလည်း ညောင်ရွှေမှ ဖောင်တော်ဦးဘုရား၊ နမ့်ပန်အလိုတော်ပေါက်ဘုရား၊ ရေခြင်ငါးဖယ်ချောင်းရှေးဟောင်းကျောင်း၊ ရက်ကန်းရုံခရီးစဉ်အတွက် ကျပ်ငါးသောင်းမှ ခုနစ်သောင်းငါးထောင်အထိ ဈေးမြင့်တက်ခဲ့သော်လည်း ယခုရက်ပိုင်းတွင် ပုံမှန်ကျပ်နှစ်သောင်းခွဲမှ သုံးသောင်းဝန်းကျင်သာရှိတော့ကြောင်း သိရသည်။ အင်းလေးကန်ရေလျော့နည်းမှုရှိသော်လည်း စက်လှေလမ်းကြောင်းများ ကောင်းမွန်သဖြင့် ဘုရားဖူးဧည့်သည်များ တဖွဲဖွဲလာရောက်လျက်ရှိကြောင်း သိရသည်။ **နိုင်ထွန်း(TGI)**

# The Strand Yangon ဟိုတယ်အား အရှေ့တောင်အာရှ ထိပ်တန်းဖြစ်ရန် ခြောက်လကြာ ပြင်ဆင်မွမ်းမံမှုပြုလုပ်မည်

**ရန်ကုန် ဧပြီ ၂၈**

ရန်ကုန်မြို့ရှိ အထင်ကရဟိုတယ်တစ်ခုဖြစ်ပြီး ရာစုနှစ်တစ်ခုကျော်ကြာ တည်ရှိခဲ့သည့် ကမ်းနားလမ်းရှိ The Strand Hotel ကို အရှေ့တောင်အာရှနိုင်ငံများရှိ ဇိမ်ခံဟိုတယ် ဝန်ဆောင်မှုနယ်ပယ်တွင် ထိပ်တန်းဟိုတယ်အဖြစ် ပြန်လည်အတည်ပြု သတ်မှတ်သွားရန် ခြောက်လခန့်ကြာ ပြန်လည်ပြင်ဆင် မွမ်းမံမှုများကို ပြုလုပ်သွားမည်ဟု သိရသည်။

ရန်ကုန်မြို့၏ ရှေးဟောင်းအဆောက်အအုံစာရင်းဝင် The Strand Hotel ကို ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် ယခုနှစ် မေ ၁ ရက်မှ နိုဝင်ဘာအထိ ပိတ်ထားမည်ဖြစ်ကြောင်း ဧပြီ ၂၈ ရက်က အဆိုပါဟိုတယ်တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ကာ ဟိုတယ်ပိတ်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

"The Strand ဆိုတဲ့ အမည်က အရှေ့တောင်အာရှမှာ ၁၉၀၁ ခုနှစ်ကစပြီး ခမ်းနားတဲ့ ဧည့်ဝတ်ကျေပွန်မှုတွေနဲ့အတူ ယှဉ်တွဲနေပြီးတော့ အခုပြုပြင်သွားမယ့် မွမ်းမံမှုတွေက သမိုင်းစာမျက်နှာသစ် ဖွင့်လှစ်လိုက်တာပဲ ဖြစ်ပါတယ်။ ဒီလို ပြန်လည်ဆန်းသစ်မှုဟာ ပုဂံနဲ့ မန္တလေးကို ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ရေကြောင်းခရီးနဲ့ သွားလာနိုင်တဲ့ အခန်း ၂၈ ခန်းပါ The Strand Cruise ကို အောင်အောင်မြင်မြင် မိတ်ဆက်ပြီး လအနည်းငယ်အတွင်း အကောင်အထည်ဖော်တာဖြစ်ပါတယ်။ The Strand ကို ဈေးကွက်မှာ ဦးဆောင်မယ့် ဟိုတယ်တစ်ခုအနေနဲ့ ထပ်မံအားဖြည့်ပေးသွားနိုင်မှာဖြစ်ပါတယ်"ဟု Vice President of The Strand Hotel & Cruise , Mr. Olivier Trinquand က ပြောသည်။

ဟိုတယ်အား ဘက်စုံအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်သွားရာတွင် ခေတ်သစ်အပြင်အဆင်များအပြင် ကိုလိုနီခေတ် အသွင်အပြင်များကို ဆက်လက်ထိန်းသိမ်းသွားမည်ဟု သိရသည်။ ယင်းသို့ ပြင်ဆင်နေစဉ်ကာလအတွင်း ဟိုတယ်ဝန်ထမ်းများကို အထူးကြပ်မတ်ထားသော ဝန်ဆောင်မှု သင်တန်းများနှင့် ဘာသာစကားသင်ကြားမှုများ ထောက်ပံ့ပေးသွားမည်ဟု သိရသည်။

The Strand Yangon သည် ၁၈၉၂ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ကာ ၁၉၀၁ ခုနှစ်မှစ၍ ရန်ကုန်မြို့၏ အထိမ်းအမှတ်အဖြစ်တည်ရှိခဲ့ပြီး ကိုလိုနီခေတ် ဟိုတယ်များဖြစ်သည့် စင်ကာပူရှိ Raffles၊ ပီနန်ရှိ Eastern & Oriental တို့အား တာဝန်ယူလုပ်ဆောင်ခဲ့သည့် ဟိုတယ်ပိုင်ရှင်များဖြစ်သော Aviet နှင့် Tigran Sarkies တို့က ဖန်တီးဆောက်လုပ်ခဲ့သည့် Strand ဟိုတယ်သည် နှစ်ပေါင်း ၁၁၄ နှစ်ကျော်ကြာ ရပ်တည်ခဲ့သည့်ဟိုတယ်ဖြစ်သည်။ ယင်းသို့ ထိပ်တန်းဟိုတယ်တစ်ခုအဖြစ် ပြန်လည်ပြင်ဆင်ကာ လာမည့် နိုဝင်ဘာလတွင် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်သည်။

**ဆုနှင်းလဲ့**





# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ယူနန်ပြည်နယ် ဗုဒ္ဓဘာသာအသင်း ဒုတိယဥက္ကဋ္ဌဆရာတော် ကြွရောက်

**ရန်ကုန် ဧပြီ ၂၈**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဇဇမဟာရဋ္ဌဂုရု အဘိဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာကုမာရာဘိဝံသ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၏ ဘာသာရေးနှင့် သာသနာရေးလုပ်ငန်းများကို လေ့လာရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဗုဒ္ဓဘာသာအသင်း ဒုတိယဥက္ကဋ္ဌ ယူနန်ပြည်နယ် တာ့လေမြို့ ချောင်ချင့်ဘုရားကျောင်း၏ ပဓာနနာယကဆရာတော် မစ္စတာချောင်ဟွားနှင့်အဖွဲ့သည် ဧပြီ ၂၈ ရက် ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ကြွရောက်လာရာ သာသနာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းညွှန့်နှင့် မင်္ဂလာမဂ္ဂဇင်း(မြန်မာပြည်ရုံးခွဲတာဝန်ခံ) MENG FEI တို့က ကြိုဆိုပင့်ဆောင်ကြကြောင်း သိရသည်။

**(ကြေးမုံ)**

### မိုးဦးကာလမှ

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်ရွာနိုင်သည်။

အနောက်တောင်မုတ်သုံလေသည် စတင်ဝင်ရောက်ချိန်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း၊ မိုးသက်လေပြင်းကျရောက်ခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်တတ်သည်။ မုတ်သုံလေဝင်ရောက်ပြီး တစ်ပတ်ခန့်ကြာမြင့်ပြီးနောက် ထစ်ချုန်းခြင်းနှင့် မိုးသက်လေပြင်း ကျရောက်ခြင်းဖြစ်စဉ်များ လျော့နည်းသွားတတ်သည်။

**မြစ်ရေအခြေအနေ**

မိုးဦးကာလ မေလနှင့် ဇွန်လတို့တွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်နှင့် ငဝန်မြစ် တစ်လျှောက်ရှိ မြို့များတွင် မြစ်ရေများသည် လက်ရှိရေမှတ်များ၏ အထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်နိုင်ဖွယ်မရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

**(ကြေးမုံ)**

# သောက်သုံးရေရရှိရန် အနက်ပေ ၁၈၀၀ ထိ တူးဖော်နိုင်သော ခေတ်မီရေတွင်းတူးစက်ကြီးဖြင့် တူးဖော်ပေးမည်

**ရန်ကုန် ဧပြီ ၂၈**

ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် လူမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သောက်သုံးရေရှားပါးခက်ခဲမှုနှင့် ကြုံတွေ့နေရသော မြန်မာနိုင်ငံအတွင်း နေရာဒေသအနှံ့အပြားရှိ ပြည်သူများအတွက် သန့်ရှင်းသော သောက်သုံးရေ ပြည့်စုံဖူလုံစွာ ရရှိသုံးစွဲနိုင်စေရန် ရည်ရွယ်၍ Water Supply Project ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် ၂၀၁၄ ခုနှစ် မတ် ၁၁ ရက်မှ စတင်၍ ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာနမှ ခေတ်မီရေတွင်းတူးစက်ကြီး ခြောက်စီးဖြင့် ဘော်ဆိုင်း၊ ဟဲဟိုး၊ ကလော၊ အောင်ပန်း၊ ပင်းတယ၊ တောင်ကြီး၊ ဟိုပုံး၊ နမ့်စန်စသော မြို့နယ်များနှင့် မန္တလေးတိုင်းဒေသကြီး မြောက်ဦးခရိုင် စက်စက်ယိုကျေးရွာ၊ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ကျောက်တန်းကျေးရွာတို့တွင် စက်ရေတွင်း စုစုပေါင်း ၁၀၉ တွင်းကို တူးဖော်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ယခုအခါတွင် အမေရိကန်ဒေါ်လာ တစ်သန်းကျော်တန် အင်္ဂလန်နိုင်ငံ DANDO ကုမ္ပဏီထုတ် ခေတ်မီရေတွင်းတူးစက်သစ်ကြီးကို ဝယ်ယူခဲ့ရာ ယနေ့ဆိုလျှင် ဘော်ဆိုင်းဒေသကို ရောက်ရှိနေပြီဖြစ်ပြီး ဧပြီ ၂၉ ရက်မှ စတင်ကာ ဘော်ဆိုင်းဒေသတွင် သန့်ရှင်းသောသောက်သုံးရေ ရရှိရန်အတွက် အဝီစိတွင်းများကို DANDO ကုမ္ပဏီမှ ပညာရှင်တစ်ဦးဖြစ်သော Mr.Stanley Kirby ဦးဆောင်၍ တူးဖော်သွားမည်ဖြစ်သည်။ ယခင် ရေတွင်းတူးစက်ကြီးများသည် အနက်ပေ ၁၀၀၀ အထိသာ တူးဖော်နိုင်သော်လည်း ယခုရောက်ရှိလာသော အင်္ဂလန်နိုင်ငံမှ ခေတ်မီရေတွင်းတူးစက်သည် အနက်ပေ ၁၈၀၀ အထိ တူးဖော်နိုင်မည်ဟု သိရသည်။

**(ကြေးမုံ)**




# လျှပ်စစ်မီးပြတ်တောက်မှုအခြေအနေများကို မေးမြန်းနိုင်ရန် Call Center တစ်ခု ဆောင်ရွက်ပေးမည်

**မန္တလေး ဧပြီ ၂၈**

မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်မီးပြတ်တောက်မှုအခြေအနေများကို ပြည်သူလူထု သိရှိနိုင်ရန်အတွက် လူထုနှင့် ပြေပြစ်စွာဆက်ဆံနိုင်မည့် Call Center တစ်ခုလုပ်ဆောင်ကာ ဖြေကြားပေးနိုင်ရန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးလျှပ်စစ်စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်က ပြောကြားခဲ့သည်။

အဆိုပါ Call Center တွင် လျှပ်စစ်မီးပျက်သည့် တည်နေရာ၊ ပြင်ဆင်နေမှုများနှင့် ဓာတ်အားပြန်လွှတ်မည့်ခန့်မှန်းအချိန်တို့ကို ဖြေကြားခြင်းနှင့် တောင်းပန်ခြင်းတို့ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

"ဓာတ်အားပြတ်တောက်ရင် လူထုကို လေးလေးစားစားနဲ့ ဆက်ဆံအသိပေးဖြေကြားဖို့ ကြိုးစားနေတယ်။ မြန်မာနိုင်ငံမှာ လျှပ်စစ်ဓာတ်အားမလုံလောက်ဘူး။ ဆက်သွယ်မှုလိုင်းစနစ်တွေ အားနည်းကြောင်းလူထုက သိရှိပြီးဖြစ်ပေမယ့် ဌာနက လေးစားစွာ ဆက်ဆံတတ်အောင်သင်ပေးမယ်"ဟု ၎င်းကပြောသည်။

မီးပျက်ရသည့် အကြောင်းသုံးမျိုးမှာ သဘာဝဘေးနှင့် လူ့ပယောဂကြောင့် ဓာတ်တိုင်နှင့် မီးကြိုးများ ပျက်စီးခြင်း၊ ဓာတ်အားမလုံလောက်ခြင်းနှင့် ဆက်သွယ်တည်ဆောက်သည့်နည်းပညာအားနည်းခြင်းတို့ဖြစ်ပြီး ဓာတ်အားမလုံလောက်သည့်အချက်မှာ ကျော်လွှန်ခဲ့ပြီးဖြစ်ကာ မလိုအပ်သည့် သစ်ကိုင်းများ ရှင်းလင်းခြင်း၊ ကြွေသီးများ အသစ်လဲလှယ်ခြင်းတို့ လုပ်ဆောင်ရာတွင် ဓာတ်အားလိုင်း ခေတ္တပြတ်တောက်မှုများရှိသော်လည်း ထိုသို့ ပြတ်တောက်မည်ကို သတင်းစာတွင် ကြိုတင်အသိပေးကြေညာကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကြက်နှင့်ငါးတွဲဖက်မွေးမြူခြင်းဖြင့် စားဝတ်နေရေးအတွက်ခိုင်မာစွာရပ်တည်နိုင်

**မန္တလေး ဧပြီ ၂၈**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်အတွင်း ကျေးရွာများတွင် ငါးမွေးမြူသူများအနေဖြင့် ငါးနှင့်အတူ ကြက်မွေးမြူရေးကိုပါတွဲဖက်၍ မွေးမြူခြင်းဖြင့် မိသားစုစားဝတ်နေရေးအတွက် ခိုင်မာစွာရပ်တည်နိုင်ကြောင်း သိရသည်။

အဆိုပါမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ငါးကန်များအတွင်း ကြက်ခြံများဆောက်လုပ်၍ ကြက်၊ ငါးမွေးမြူရေးစနစ်နှင့် တွဲဖက်မွေးမြူခြင်းဖြင့် ကြက်မွေးမြူရန်အတွက် မြေနေရာလည်း သီးသန့်မလိုအပ်တော့သည့်အပြင် ကြက်များမှစွန့်ပစ်သည့် ကြက်ချေးများသည်လည်း ငါးအစာအဖြစ် အသုံးပြု၍ရကြောင်း ပုသိမ်ကြီးမြို့နယ် နန္ဒာမြောက်ရွာမှ ကြက်၊ ငါးမွေးမြူသူ ဦးဝင်းမြင့်က ပြောသည်။

"ကျွန်တော်တို့ဒေသတွေမှာတော့ ငါးကန်တွေထဲမှာ ကြက်ခြံဆောက်လုပ်ပြီး ကြက်၊ ငါးမွေးမြူရေးစနစ်ကို အများဆုံးမွေးမြူကြပါတယ်။ အောက်အရပ်မှာတော့ စပါးခင်းထဲမှာမြောင်းဖော်ပြီး စပါး၊ ငါးစနစ်နဲ့ အများဆုံးမွေးမြူကြတယ်။ ကြက်ချေးကငါးအတွက်အစာပါပဲ။ အထူးသဖြင့် ငါးတန်က ကြက်ချေးကိုအလွန်ကြိုက်ပါတယ်။ ဒါကြောင့် ငါးအတွက်အစာကုန်ကျမှုကိုလည်း သက်သာစေပါတယ်" ဟု ၎င်းကပြောသည်။

ထို့ပြင် ကြက်၊ ငါး တွဲဖက်မွေးမြူခြင်းသည် မိသားစုဘဝရပ်တည်မှုကိုပေးနိုင်သည့်အပြင် ကြက်မွေးမြူရေး၏ ဆုံးရှုံးမှုများကိုလည်း အထောက်အပံ့ပေးနိုင်ကြောင်း သိရသည်။

"ငါးမွေးလို့ အရှုံးဆိုတာ အင်မတန်နည်းပါတယ်။ ကြက်ကတော့ ရောဂါကြောင့်ဖြစ်စေ၊ ရာသီဥတုကြောင့်ဖြစ်စေ၊ ဈေးနှုန်းမတည်ငြိမ်လို့ပဲဖြစ်စေ တစ်ခါတစ်ရံ ဆုံးရှုံးမှုတွေကြုံရတယ်။ ဒါပေမယ့် ငါးမွေးမြူရေးရဲ့ အကျိုးကြောင့် ကြက်ရဲ့အရှုံးကိုလည်း အထိုက်အလျောက် ထိန်းထားနိုင်ပါတယ်"ဟု ၎င်းကဆိုသည်။

ငါးမွေးမြူရန်အတွက် တစ်ဧကမှ ၁၀ဧက အကျယ်ရှိကန်များတူးဖော်၍ တစ်ဧကလျှင် ငါးကြင်း ၃၀၀၀ ၊ငါးတန် ၃၀၀၀နှင့် အခြားငါး၂၀၀၀ စုစုပေါင်းငါးကောင်ရေ ၈၀၀၀ အထိကန်ကျပ်စနစ်ဖြင့် မွေးမြူကြပြီး ငါးစာအဖြစ် ကြက်ချေးအပြင် ဖွဲနှင့်ပဲပုပ်ဖတ်ကိုရောစပ်ကျွေးကာ ကန်သန့်ရှင်း၍ အောက်ဆီဂျင်ဝင်ရောက်မှုကောင်းမွန်စေရေးနှင့် ငါးမှိုရောဂါကျရောက်ခြင်းမရှိစေရေးတို့အတွက် ရေဖြည့်ခြင်း၊ ကာကွယ်ဆေးထည့်ပေးခြင်းများကို ပြုလုပ်ပေးရကြောင်း သိရသည်။

ငါးမွေးမြူရေးလုပ်ငန်းသည် စတင်မွေးမြူသည့် ငါးပေါက်အပေါ်မူတည်၍ ၁၀ လအတွင်း ငါးတန်တစ်ကောင်လျှင် ၅၀ကျပ်သားမှ တစ်ပိဿာကျော်အထိ၊ ငါးကြင်းတစ်ကောင်လျှင် ၂၅ကျပ်သားမှ ၅၀ကျပ်သားအထိနှင့် အခြားငါးအမျိုးအစားများမှာလည်း တစ်ပိဿာပတ်ဝန်းကျင်ရှိ အကောင်များဖြင့် ရောက်ရှိ၍ ငါးကန်တစ်ဧကလျှင်ပိဿာချိန်၂၅၀၀မှ ၃၀၀၀အတွင်း ထွက်ရှိနိုင်သည်။ ငါးတန်တစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀ နှုန်း၊ ငါးကြင်းလေးကောင်ပေါင်း တစ်ပိဿာလျှင် ငွေကျပ် ၂၄၀၀ နှုန်းဖြင့် မန္တလေးဈေးကွက် ငါးဒိုင်များမှ ငါးကန်များအထိ လာရောက်ဝယ်ယူလေ့ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



ဘက်စုံပညာထူးချွန်ကျောင်းသားကျောင်းသူများ ငွေဆောင်ကမ်းခြေ အပန်းဖြေစခန်းသို့ရောက်ရှိ

**ပုသိမ် ဧပြီ ၂၈**

ဘက်စုံထူးချွန် အပန်းဖြေစခန်း (ငွေဆောင်)သို့ သွားရောက်မည့် ရန်ကုန်မြို့သို့ရောက်ရှိနေသော မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ဒသမတန်း ဘက်စုံပညာထူးချွန်လူငယ်များသည် အုပ်ချုပ်သူနည်းပြဆရာဆရာမများလိုက်ပါ၍ ဧပြီ ၂၇ ရက် နံနက် ၅ နာရီခွဲတွင် စုရပ်ဖြစ်သော ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ အထက(၁) လမ်းမတော်မှ ခရီးစတင်ထွက်ခွာပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် နံနက် ၆ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ငွေဆောင်ကမ်းခြေအပန်းဖြေစခန်းသို့ ဆက်လက်ထွက်ခွာရာ မွန်းတည့် ၁၂ နာရီတွင် ပုသိမ်မြို့သို့ရောက်ရှိပြီး ပုသိမ်ဟိုတယ်၌ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမန်းဂျော်နီနှင့် အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အခမ်းအနားဖြင့် ကြိုဆိုကြသည်။

အခမ်းအနားတွင် ၂၀၁၆ ခုနှစ် ဘက်စုံပညာထူးချွန် အပန်းဖြေစခန်း(ငွေဆောင်) စခန်းမှူး၊ ဧရာဝတီတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးဝင်းမောင်က ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့အား ထူးချွန်မောင်မယ်များနှင့် မိတ်ဆက်စကားပြောကြားသည်။

ထို့နောက် ဒသမတန်းဘက်စုံထူးချွန်မောင်မယ်များအား နေ့လယ်စာဖြင့် ကျွေးမွေးဧည့်ခံပြီး ခရီးဆက်လက်ထွက်ခွာရာ ညနေ ၃ နာရီခန့်တွင် ငွေဆောင်အပန်းဖြေစခန်းသို့ ရောက်ရှိသည်။

ယခုနှစ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ဘက်စုံပညာထူးချွန်ဒသမတန်းကျောင်းသား ကျောင်းသူများအား ငွေဆောင်ကမ်းခြေရှိ ပုလဲငွေဆောင်ဟိုတယ်နှင့် ယုဇနဟိုတယ်များတွင် တည်းခိုနေထိုင်ရန်စီစဉ်ပေးထားကြောင်း သိရသည်။

ဧပြီ ၂၇ ရက်မှ မေ ၂ ရက်အထိဖွင့်လှစ်မည့် အဆိုပါစခန်းတွင် ဘက်စုံပညာထူးချွန် ဒသမတန်းကျောင်းသားကျောင်းသူစုစုပေါင်း ၁၇၆ ဦးအား အခြေခံစစ်ရေးပြသင်တန်း၊ ကင်းထောက်သင်တန်းများ ပို့ချပေးသွားမည်ဖြစ်ပြီး ခရီးစဉ်အတွင်း ပြည်သူ့ဘဝလေ့လာရေး၊ ဖျော်ဖြေရေးအစီအစဉ်များလည်း စီစဉ်ထားကြောင်း သိရသည်။

**(သတင်း-သီသီမင်း၊ ဓာတ်ပုံ -ဖြိုး)**

# မြင်းခြံမြို့နယ်မှ ရေလုပ်သားများ အင်းများ ဘုံးစားအင်းအဖြစ် သတ်မှတ်ရေး ဆန္ဒထုတ်ဖော်

**မန္တလေး ဧပြီ ၂၈**

မြင်းခြံမြို့နယ် ရှင်ဒေါင်းမအင်း၊ မြစ်ဒေါင့်ကွေးအင်း၊ ၁၅လံအင်း၊ ညောင်ပင်ဝိုင်းအင်းများတွင် လုပ်ကိုင်နေသော ရေလုပ်သားများသည် အင်းများဘုံးစားအင်းအဖြစ် သတ်မှတ်ရေး မန္တလေးမြို့ မနော်ရမ္မံ လူထုဆန္ဒဖော်ထုတ်ကွင်းတွင် ဧပြီ ၂၇ရက် နံနက်ပိုင်းက ခွင့်ပြုချက်ရယူကာ ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

ဆန္ဒဖော်ထုတ်သည့် ရေလုပ်သားများသည် ဦးပွဦးဆောင်ကာ ၆၂ လမ်း၊ ၃၇ လမ်းထောင့်တွင် စုဝေးကာ ၆၂ လမ်းအတိုင်း "ရှင်ဒေါင်းမအင်း၊ ဒေါင်းအင်း၊ဘုံးစားအင်းအဖြစ် ပြန်လည်ရရှိရေး၊ မြစ်ဒေါင့်ကွေးအင်း ဘုံးစားအင်းအဖြစ် ပြန်လည်ရရှိရေး၊ ၁၅လံအင်း ဘုံးစားအင်းအဖြစ်ရရှိရေး၊ ညောင်ပင်ဝိုင်းမြစ်ကျိုးဒေါင့်အင်း ဘုံးစားအင်းအဖြစ် ပြန်လည်ရရှိရေး"ဟူသည့် ကြွေးကြော်သံများကို ကြွေးကြော်ပြီး "ရှင်ဒေါင်းမအင်း၊ ဒေါင်းအင်း၊ မြစ်ဒေါင့်ကွေးအင်း၊ ၁၅လံအင်း၊ ညောင်ပင်ဝိုင်းမြစ်ကျိုးဒေါင့်အင်းတို့ကို ဘုံးစားအင်းအဖြစ် သတ်မှတ်ပေးရန်၊ တိုင်းပြည်သယံဇာတ တစ်ဦးတစ်ယောက်တည်း စားသုံးခြင်းရပ်ဆိုင်းပေးရန်၊ ဒေသခံပြည်သူများ မျှတဝင်ငွေရရှိရေးအတွက် တွေ့ဆုံဆွေးနွေးပေးပါရန် ကျေးရွာပြည်သူများက ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်နေသည်ဟူသော ဆောင်ပုဒ်များ ပါဝင်သည့် ဗီနိုင်းပိုစတာများကိုင်ပြီး လမ်းလျှောက်ကာ မနော်ရမ္မံ ဆန္ဒဖော်ထုတ်ကွင်းသို့ ဝင်ရောက်ကာ ဆန္ဒဖော်ထုတ်ခဲ့သည်။ **(ထွန်းထွန်းနိုင်)**

# ဒိန်းမတ်နိုင်ငံသံရုံးအတွင်းဝန် ကျွန်းစုမြို့နယ်အတွင်းရှိ ရေလုပ်သားများ၏လူမှုဘဝ မြင့်မားရေးစီမံကိန်းပုံဖော်ဆောင်ရွက်ရန် လာရောက်လေ့လာ

**ကျွန်းစု ဧပြီ ၂၈**

ကျွန်းစုမြို့နယ်သည် ပင်လယ်အပိုင်း၊ ဥယျာဉ်အပိုင်းနှင့် လယ်တောအပိုင်းဟူ၍ အပိုင်း(၃)ပိုင်းဖြင့် အများကခေါ်ဆိုသတ်မှတ်ကြလျက်ရှိရာ အများစုသော လူဦးရေသည် ပင်လယ်ဒေသကျေးရွာများတွင် ရေလုပ်ငန်းများကို အဓိကစီးပွားရေးတစ်ခုအဖြစ် လုပ်ကိုင်ဆောင်ရွက်ကာ အသက်မွေးဝမ်းကျောင်းပြုလျက်ရှိကြသည်။

အဆိုပါရေလုပ်ငန်းများကို အဓိကထားလုပ်ကိုင်ဆောင်ရွက်လျက်ရှိကြသော ကျွန်းစုမြို့နယ်အတွင်းရှိ ရေလုပ်သားများ၏ လူမှုဘဝမြင့်မားရေး စီမံကိန်းပုံဖော်ဆောင်ရွက်ရေးအနေဖြင့် ဒိန်းမတ်နိုင်ငံသံရုံးမှ အတွင်းဝန် ဒိန်းမတ်နိုင်ငံသား MR. LARS JOKER သည် အကြံပေးအရာရှိ ဒေါ်အိအိခင်နှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးစံမွှေး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနေမင်းအောင်တို့လိုက်ပါလျက် ဧပြီ ၂၇ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် စခန်းသစ်ကျေးရွာရှိ ရေလုပ်သား ၃၀ ခန့်နှင့် တွေ့ဆုံကာ ရေလုပ်သားများ၏ လူနေမှုဘဝမြင့်မားရေး စီမံကိန်းပုံဖော်ဆောင်ရွက်နိုင်ရန် သိရှိလိုသည့်အချက်များအား မေးမြန်းခဲ့ကြသည်။ ယင်းအပြင် ရေလုပ်သားများ၏ဖြေဆိုချက်များအပေါ် အခြေခံ၍ အကြံပေးမှုများ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ **(ရန်နိုင်)**



ဘက်စုံပညာထူးချွန်ကျောင်းသား ကျောင်းသူများ အင်းလေးအပန်းဖြေစခန်းသို့ ရောက်ရှိ

**ညောင်ရွှေ ဧပြီ ၂၈**

အင်းလေးခေါင်တိုင် ဘက်စုံပညာထူးချွန်လူငယ်အပန်းဖြေစခန်းတွင် ဒေသန္တရလေ့လာရေးနှင့် အပန်းဖြေအနားယူရန် နဝမတန်းဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူ ၁၇၆ဦးသည် ရှမ်းပြည်နယ် ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးမြင့်အောင် ကြီးကြပ်လျက် ဆရာ ဆရာမ ၁၈ ဦးနှင့်အတူ ဧပြီ ၂၇ ရက် ညနေ ၄ နာရီက ညောင်ရွှေမြို့နယ်ရှိ အင်းလေးခေါင်တိုင် အပန်းဖြေစခန်းသို့ ရောက်ရှိကြောင်း သိရသည်။

ဘက်စုံပညာထူးချွန်လူငယ် ကျောင်းသား ကျောင်းသူများကို ရှမ်းပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဒေါက်တာထွန်းလှိုင်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးနှင့် ဌာနဆိုင်ရာများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများက ပန်းစည်းပန်းကုံးများ ကမ်း၍လည်းကောင်း၊ အိုးစည်ဗုံမောင်းများတီးခတ်၍လည်းကောင်း လမ်းဘေးဝဲယာ တစ်လျှောက် သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**(နေမျိုးသူရိန်)**



# Yangon Water Boom ပြန်လည်ဖွင့်လှစ်


ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

**ရန်ကုန် ဧပြီ ၂၈**

ရန်ကုန်မြို့ သာကေတမြို့နယ် ယခင် ရွှေခင်းသာကစားကွင်း နေရာ၌ဖွင့်လှစ်ခဲ့သော Yangon Water Boom ကို နည်းပညာပိုင်းဆိုင်ရာနှင့် လုပ်ငန်းပိုင်းဆိုင်ရာများ ပြန်လည် ပြင်ဆင်ပြီးနောက် ဧပြီ ၂၇ ရက်က ပြန်လည်ဖွင့်လှစ်လိုက် ပြီဖြစ်သည်။

ပြီးခဲ့သည့် မတ်လဆန်းပိုင်းက စတင်ဖွင့်လှစ်ခဲ့သည့် အဆိုပါ ကစားကွင်းသည် တစ်ရက်သာဖွင့်လှစ်ခဲ့ပြီး နည်း ပညာပိုင်းဆိုင်ရာ အားနည်းချက်များရှိခဲ့သည့်အတွက် ယာယီပိတ်ထားခဲ့ကာ ယခု ပြန်လည်ဖွင့်လှစ်လိုက်ခြင်းဖြစ် သည်။ ဧပြီ ၂၇ ရက်မှစတင်၍ နံနက် ၁၀ နာရီမှ ည ၇ နာရီအထိ ဖွင့်လှစ်မည်ဖြစ်ပြီး ဖွင့်ပွဲအထိမ်းအမှတ်အနေဖြင့် ဝင်ကြေး ၂၀ ရာခိုင်နှုန်း Discount ပေးမည်ဟု သတင်း ထုတ်ပြန်ခဲ့သည်။

Yangon Water Boom တွင် ရေပြင်၌ ဆော့ ကစားနိုင်သည့် ကစားနည်း ၂၀ ခန့်ရှိကာ သတ်မှတ် ဝင်ကြေးပေး၍ ကစားကွင်းအတွင်းရှိ ကစားနည်းများကို တစ်နေကုန်ဆော့ကစားနိုင်မည်ဟု သိရသည်။

မဖွင့်လှစ်မီကပင် စိတ်ဝင်စားမှုရှိခဲ့သော အဆိုပါ ကစားကွင်းကို ယာယီပိတ်ထားခဲ့ပြီး ပြင်ဆင်မှုများ ဆောင်ရွက်ကာ ပြန်လည်ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်။ ဝင်ကြေးအနေဖြင့် ကျပ်နှစ်သောင်းခွဲဖြစ်ပြီး ရုံးဖွင့်ရက် များတွင် ကျပ် နှစ်သောင်းသတ်မှတ်ထားကြောင်း သိရသည်။ ကလေးများအတွက် (လေးပေအောက်) ကို ကျပ် နှစ် သောင်းနှင့် ကြားရက်များတွင် ကျပ် တစ်သောင်းခွဲဖြစ် သည်ဟု သိရသည်။ လက်ရှိတွင် ဝင်ကြေး ၂၀ ရာခိုင်နှုန်း လျှော့ချပေးသွားမည်ဟု သိရသည်။

(၀၀၁)

# ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများ ပုဂံ-ညောင်ဦးဒေသသို့ လေ့လာရေးခရီးရောက်ရှိ

**ညောင်ဦး ဧပြီ ၂၈**

၂၀၁၆ ခုနှစ် အဋ္ဌမတန်းဘက်စုံပညာ ထူးချွန်ကျောင်းသား ကျောင်းသူများ လေ့လာရေးအဖွဲ့သည် ပုဂံ-ညောင်ဦး ဒေသသို့ လေ့လာရေးခရီးစဉ်အဖြစ် မန္တလေး၊ မိတ္ထီလာမြို့များမှတစ်ဆင့် ထွက်ခွာလာရာ ညောင်ဦးမြို့ ကျောက်ကူးမြစ်ရေတင်အနီး ဧရာဝတီ မြစ်ကမ်းနံဘေးတွင် ဖွင့်လှစ်ထားသည့် ဘက်စုံပညာ ထူးချွန်လူငယ် အပန်း ဖြေစခန်း(ပုဂံ)သို့ ဧပြီ ၂၇ ရက် ညနေ ၃ နာရီ ၁၅ မိနစ်က ရောက်ရှိခဲ့ ရာ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ် အုပ်ချုပ်ရေးမှူး၊ ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူရည် ချွန်ဟောင်းကြီးများ၊ ဆရာ ဆရာမများ နှင့် ကျောင်းသား ကျောင်းသူများ၊ ကင်းထောက်လူငယ်မောင်မယ်များက လှိုက်လှဲစွာကြိုဆိုခဲ့ကြသည်။

အဆိုပါ အဋ္ဌမတန်းဘက်စုံပညာ ထူးချွန်ကျောင်းသား ကျောင်းသူများ အဖွဲ့၏ လေ့လာရေးခရီးစဉ်တွင် စခန်းမှူးအဖြစ် တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြား ရေးမှူးချုပ် ဒေါက်တာ စိုးမြင့်ထွန်း ဦးဆောင်သောကြီးကြပ်ရေးအဖွဲ့နှင့် အတူ အနီးကပ်ကြီးကြပ်သူများအဖြစ် ဆရာ ကိုးဦး၊ ဆရာမ ကိုးဦး လိုက်ပါ လျက် ကျောင်းသား ၈၈ ဦး၊ ကျောင်း သူ ၈၈ ဦး စုစုပေါင်း ၁၇၆ ဦးတို့ ပါဝင်ကြောင်း သိရသည်။

ဘက်စုံပညာထူးချွန်လူငယ် အပန်း ဖြေစခန်း (ပုဂံ)ဖွင့်ပွဲကို ဧပြီ ၂၉ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မန္တလေး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်မည် ဖြစ်ကြောင်း၊ ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများနှင့် လူရည်ချွန်ဟောင်းကြီးများ တွေ့ဆုံ ပွဲကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။



ထို့အဖွဲ့သည် အပန်းဖြေစခန်း(ပုဂံ) တွင် ဧပြီ ၂၇ ရက်မှ မေ ၃ ရက်အထိ တည်းခိုနေထိုင်မည်ဖြစ်ပြီး ယင်း အပန်းဖြေစခန်းမှတစ်ဆင့် ပုဂံဒေသရှိ ထင်ရှားကျော်ကြားသည့် တန်ခိုးကြီး ဘုရားများ၊ ပြတိုက်၊ ယွန်းပညာ ကောလိပ်တို့အပြင် ပုပ္ပားဒေသရှိ ပုပ္ပားတောင်ကလပ်၊ ကိုးခရိုင် စိမ်းလန်း စိုပြည်ရေးဆောင်ရွက်ထားမှု၊ ပုပ္ပား ပြတိုက် ပရဆေးစိုက်ခင်း၊ Popa Mountain Resort၊ စလေမြို့ရှိ စလေရုပ်စုံကျောင်းနှင့် ပခုက္ကူမြို့ရှိ ပခန်းကြီးစည်သူရှင်၊ ပခန်းကြီး ရှေးဟောင်းကျောင်း၊ သီဟိုဠ်ရှင်ဘုရား တို့ကိုလည်း လေ့လာရေးသွားရောက် မည်ဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# အင်းလေးကန်ရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေး

**တောင်ကြီး ဧပြီ ၂၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် UNDP တို့ပူးပေါင်းကျင်းပသည့် အင်းလေးကန်ရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေး ပွဲကို ဧပြီ ၂၈ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ သစ်တောဦးစီးဌာန ရတနာသစ်ခန်းမ၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် ဒုတိယအကြီးဆုံးနိုင်ငံ ဖြစ်ပြီး အရှေ့တောင်အာရှ ပင်မကုန်းမြေတွင်ရှိသည့် အာဆီယံအဖွဲ့ဝင် နိုင်ငံများထဲ၌ နယ်မြေအကျယ်အဝန်းအားဖြင့် အကြီးဆုံးနိုင်ငံဖြစ်ပါကြောင်း၊ နိုင်ငံအတွင်းတွင် မြစ်ချောင်းများ၊ သဘာဝရေချိုကန်များနှင့် လူတို့တည် ဆောက်ထားသော ရေလှောင်တမံများ အများအပြားရှိသည့်အတွက် ရေသယံ ဇာတပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ အာရှဒေသတွင် လူဦးရေ သိပ်သည်းမှု အနည်းဆုံးဖြစ်၍ လူတစ်ဦးချင်းစီ၏ ရေချိုသုံးစွဲနိုင်မှုပမာဏသည် အိန္ဒိယနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ လူတစ်ဦးချင်းရေသုံးစွဲနိုင်မှု ပမာဏထက် (၁၀)ဆကျော် များပြားပါကြောင်း၊ မြန်မာနိုင်ငံသည် ရေသယံ ဇာတအခြေခံစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အလားအလာ အလွန်တိုးတက်ကောင်းမွန်သည့် အနေအထားများရှိကြောင်း၊ အင်းလေးကန် ဒေသမှာရှိသည့် သဘာဝသယံဇာတများ ပျက်စီးယိုယွင်းမှုမရှိစေရန် အနာဂတ် သားစဉ်မြေးဆက်အတွက် ရေရှည်တည်တံ့စေရေး ထိန်းသိမ်းရာမှာ အဓိက မောင်းနှင်အားအဖြစ် တည်ရှိနေလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ လူသားနှင့် ဇီဝအဝန်းနယ်မြေ တည်ထောင်ရေးအစီအစဉ်နှင့်လည်း အံဝင်ခွင်ကျဖြစ်လိမ့် မည်ဟု မျှော်လင့်ပါကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အဖွင့်အမှာစကားပြောကြားသွားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူး ဦးဘိုနီက အင်းလေးကန် ရေရှည် တည်တံ့စေရန် ထိန်းသိမ်းရေးလုပ်ငန်းစီမံချက်များကို လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန သစ်တော ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းနိုင်သော်က ဇီဝအဝန်းနယ်မြေဆိုင်ရာ လုပ်ငန်းစဉ်များကို လည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ စဉ်ဆက်မပြတ်လာရောက်လည်ပတ်လျက်ရှိ

**ရန်ကုန် ဧပြီ ၂၈**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ခရီးသွားကုမ္ပဏီများ၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံ သို့ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် အပျော်စီး စက်တပ်ရွက်လှေများဖြင့်လည်းကောင်း၊ နယ်စပ် ဝင်ပေါက်များမှတစ်ဆင့် မော်တော်ယာဉ်တန်း၊ မော်တော် ဆိုင်ကယ်ယာဉ်တန်း၊ စက်ဘီးယာဉ်တန်း ခရီးစဉ်များဖြင့် လည်းကောင်း လာရောက်လည်ပတ်လျက်ရှိသည်။

Nava Andaman Travels & Tours Co.,Ltd ၏ စီစဉ်ဆောင်ရွက်မှုဖြင့် အင်္ဂလန်နိုင်ငံသားတစ်ဦးနှင့် စက်လှေဝန်ထမ်း ကိုးဦးပါဝင်သော S/y FIDELIS စက်တပ် ရွက်လှေသည် အိန္ဒိယနိုင်ငံ ပို့ဘလဲယားဆိပ်ကမ်းမှ ဧပြီ ၅ ရက်တွင် ထွက်ခွာလာရာ မြန်မာနိုင်ငံ ရန်ကုန်မြို့ နန်းသီတာဆိပ်ကမ်းသို့ ဧပြီ ၇ ရက်တွင် ရောက်ရှိခဲ့ပြီး အဆိုပါ အဖွဲ့သည် ရန်ကုန်- ပုဂံ- အင်းလေးဒေသများသို့ သွားရောက်လေ့လာကာ ဧပြီ ၂၀ ရက်တွင် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားခဲ့သည်။

ထို့အတူ Osuga Myanmar Travels & Tours Co.,Ltd. ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဗြိတိန်နိုင်ငံသား နှစ်ဦးသည် မော်တော်ဆိုင်ကယ်နှစ်စီးဖြင့် ဧပြီ ၂ ရက်မှ ဧပြီ ၁၄ ရက်အထိလည်းကောင်း၊ မင်္ဂလာရှုခင်းခရီးသွား Co., Ltd. ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဆွစ်ဇာလန်နိုင်ငံသား သုံးဦးသည် မော်တော်ယာဉ်တစ်စီးဖြင့် ဧပြီ ၃ ရက်မှ ၁၃ ရက်အထိလည်းကောင်း၊ အမေရိကန်နိုင်ငံသား ခုနစ် ဦးပါဝင်သော မော်တော်ယာဉ် နှစ်စီးသည် ဧပြီ ၁၀ ရက်မှ ၁၃ ရက်အထိလည်းကောင်း၊ Thanakha Travels & Tours Co.,Ltd. ၏ စီစဉ်ဆောင်ရွက်မှုဖြင့် မလေးရှား နိုင်ငံသား ၁၅ ဦးသည် အိပ်စင်ပါမော်တော်ယာဉ် ငါးစီး၊ မော်တော်ဆိုင်ကယ် တစ်စီးဖြင့် ဧပြီ ၅ ရက်မှ ၁၇ ရက် အထိလည်းကောင်း၊ Myanmar Senses Family Travels & Tours Co.,Ltd. ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ပြင်သစ်နိုင်ငံသား ခြောက်ဦးပါဝင်သော အဖွဲ့သည် မော်တော်ယာဉ် နှစ်စီးဖြင့် ဧပြီ ၅ ရက်မှ ၁၈ ရက် အထိလည်းကောင်း မြန်မာနိုင်ငံ၏ နယ်စပ်ဝင်ပေါက်များ ဖြစ်သော မြဝတီ၊ တမူး၊ မူဆယ် နယ်စပ်ဝင်ပေါက်များမှ ဝင်ရောက်ကြပြီး တမူး၊ ကလေး၊ မုံရွာ၊ ပုဂံ၊ မန္တလေး၊



အင်းလေး၊ လားရှိုး၊ မူဆယ်၊ နေပြည်တော်၊ ရန်ကုန်၊ ကျိုက်ထီးရိုး၊ ဘားအံ၊ မြဝတီမြို့များတို့သို့ သွားရောက် လည်ပတ်ခဲ့ကြသည်။

ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ ၏ ပြောင်းလဲလာသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများနှင့် သာယာလှပသော သဘာဝရေမြေ တောတောင် ရှုခင်းအလှများ၊ ရိုးရာဓလေ့ထုံးစံများကို သိရှိခံစားလို၍ အပြည်ပြည်ဆိုင်ရာ လေကြောင်း၊ ကုန်း ကြောင်း၊ ရေကြောင်းများဖြင့်သာမက နယ်စပ်ဝင်/ထွက် ပေါက်များမှတစ်ဆင့် ကိုယ်ပိုင်မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များဖြင့် နယ်စပ်ဖြတ်ကျော်ခရီးစဉ် များဖြင့် လာရောက်လည်ပတ်မှုမှာ တိုးတက်များပြားလျက် ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၉ - ၄ -၂၀၁၆ (သောကြာနေ့)]

### မြန်မာ့ရုပ်မြင်သံကြား News Channel

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၈း၃၅ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၉း၃၅ | အနုပညာသတင်းအစီအစဉ် |
| ၁၀း၃၅ | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၁း၃၅ | သိပ္ပံနှင့် နည်းပညာအစီအစဉ် |
| ၁၂း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေထီးဆောင်းမိသားစု" (အပိုင်း-၉) |
| ၁း၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါ ဂင်ချီ" (အပိုင်း-၉) |
| ၂း၀၀ | မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၂) |
| ၃း၃၅ | "ရှုမဆုံးတော့သည် လူချွန်လူကောင်း၏ ရုပ်ပုံလွှာ" (အပိုင်း-၂) |
| ၄း၃၅ | Football Magazine (ရတနာပုံယူနိုက်တက်အသင်း) |
| ၅း၁၅ | Catch Asia News |
| ၅း၃၅ | Hyper Sport |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၁၀) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၉း၀၀ | ပြည်တွင်းသတင်း -နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေထီးဆောင်းမိသားစု" (အပိုင်း-၁၀) -ချစ်သော၍ကမ္ဘာမြေ -သမိုင်းကိုဖော်ပြသော ဝါကျများ လူ့ရှင်တော်ကြီး ဦးမြတ်သာနှင့် တွေ့ဆုံခြင်း |

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | |
|---|---|
| ၆း၀၀ | အဖွင့် -မိုးလေဝသအစီအစဉ် -တေးဂီတအစီအစဉ် |
| ၆း၃၀ | ပြည်သူ့နီတိ "အိမ်မက်ဆိုးမှ နိုးလတ်သော်" |
| ၆း၅၀ | တေးဂီတအစီအစဉ် |
| ၇း၁၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်သော ပုစ္ဆာ" (အပိုင်း-၃၄) |
| ၇း၅၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "အချစ်စစ်ရဲ့ အလှတရား" (အပိုင်း-၃၄) |
| ၈း၄၀ | ကာတွန်းအစီအစဉ် "Scooby Doo Goes Hollywood" (Part-I) |
| ၉း၀၀ | တေးဂီတအစီအစဉ် |
| ၉း၁၀ | English Permier League (Review-III) (အပိုင်း-၂) |
| ၉း၃၀ | ကွဲအက ကရအောင်အစီအစဉ် |
| ၉း၄၀ | နိုင်ငံတကာ ရုပ်ရှင်ဇာတ်ဝင်တေးများ |
| ၉း၅၀ | ထန်းတော ဒိုးပတ်အစီအစဉ် |
| ၁၀း၀၀ | တေးဂီတအစီအစဉ် |
| ၁၀း၂၀ | မြန်မာဗီဒီယိုဇာတ်လမ်း "အိပ်မက်များကို ထုဆစ်ခြင်း" |
| ၁၂း၀၀ | အစီအစဉ်ပြီး၏ |

**တစ်နေ့(၆)နာရီစာ(၄)ကြိမ်ပြသပါမည်။**

### MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+ အာဠှာနာဋိယသုတ် |
| ၅း၄၀ | "ဒါန(၅)မျိုးကျောင်းအလှူပွဲ" တရားတော် [ဆရာတော်ဒေါက်တာ အရှင်ဉာဏိဿရ (သီတဂူဆရာတော်)] |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၄၆) |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၈း၀၀ | "မင်္ဂလာပါ" The Morning Show |
| ၉း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၉၄) |
| ၁၀း၁၀ | ခေတ်သစ်ပျိုမေ |
| ၁၀း၅၅ | အနုပညာမိုးကောင်းကင် |
| ၁၁း၁၅ | Food & D'ecor |
| ၁၁း၃၅ | MRTV-4 Stage |
| ၁၂း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ဓဝင်ကုန်သည်" (အပိုင်း-၆၆) |
| ၁၂း၃၅ | ရန်ကုန်မြင်ကွင်းကျယ် |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၁၂) |
| ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရ ချစ်သူသည်သာ" (အပိုင်း-၄၆) |
| ၃း၄၅ | Miss MyanmarWorld 2016 |
| ၄း၀၀ | Cartoon Series (Go Go Giggles) |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၄၇) |
| ၇း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၁၃) |
| ၈း၁၀ | ရသစုံညွှန်းတမ်းများ |
| ၈း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၉၅) |
| ၉း၁၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ဓဝင်ကုန်သည်" (အပိုင်း-၆၇) |
| ၉း၄၅ | ဘယ်သူ့တာဝန်အရှိဆုံးလဲ |
| ၁၀း၂၀ | အနုပညာမိုးကောင်းကင် |
| ၁၀း၄၅ | MRTV-4 Stage |
| ၁၁း၀၅ | World of Knowledge (Hooked : Asian Carp Invasion) |

### mitv

| | |
|---|---|
| 07:26 | Discovering Tribes- Pre Kayaw: Their Life and Customs (Part- I) |
| 07:52 | Tea Leaves |
| 08:26 | MOYINGYI WILDLIFE SANCTUARY |
| 08:44 | A Tourist Destination of Shan State |
| 09:26 | Nay Pyi Taw Zoological Garden "Safari World" |
| 09:37 | Sons of the lake |
| 10:26 | Interview with Chief Minister for Sagaing Region |
| 10:37 | Myanmar's Export: Mango |
| 10:47 | Shop Shop Shop - Bogyoke Market |
| 07:26 | Wonderful Indonesia |
| 07:53 | A Star for Great Achievement |
| 08:26 | Bogalay Tint Aung: A Man of Versatility (Part-1) |
| 08:51 | Myanmar Masterclass: Still Life (Glass) |









# Furious 8 ဇာတ်ကားမှာ ဘယ်သူတွေ ပြန်လည်ပါဝင်လာဦးမလဲ

ကားပြိုင်ပွဲအကြောင်း အသားပေးပုံဖော် ရိုက်ကူးထားတဲ့ Fast and Furious ဇာတ်လမ်းတွဲတွေ ကြိုက်နှစ်သက်ကြတဲ့ပရိသတ်တွေက အခုထပ်မံထွက်ရှိလာမယ့် ဇာတ်ကားသစ်တွေမှာ ဘယ်သူတွေ ပြန်လည်ပါဝင်လာမလဲ၊ နောက်ထပ်ရော Fast and Furious 9, 10 စသည်ဖြင့် ရှိလေဦးမလားဟု စိုးရိမ်စိတ်များထွက်ပေါ် လာလျက်ရှိနေပြီး ယခုအသစ်ထွက်ရှိလာမည့် Fast and Furious 8 ဇာတ်ကားတွင် မင်းသား ဗန်ဒီဇယ်၊ စကော့အိစ်ဝုဒ်နှင့် မင်းသမီး ချာလီသာရွန်တို့ ပြန်လည်ပါဝင်လာမည်ဖြစ်ကြောင်း ဟောလိဝုဒ်ရီပိုတာသတင်းဌာန၏ သတင်းတစ်ပုဒ်တွင် သတင်းဖော်ပြထားသည်။

Fast and Furious 8 ဇာတ်ကား ထုတ်လုပ်သူက အဆိုပါဇာတ်ကားကို ၂၀၁၇ ခုနှစ်တွင် ဖြန့်ချိရန်စီစဉ်ထားခဲ့သော်လည်း ဧပြီ ၁၇ ရက်က ယူနီဗာဆယ် ရုပ်ရှင်ထုတ်လုပ်ရေးက အမေရိကန်နိုင်ငံတွင်ဖြန့်ချိပြသခဲ့ခြင်းဖြစ်သည်။

Fast and Furious 8 ဇာတ်လမ်းတွဲများကို ၂၀၀၁ ခုနှစ်စတင်ကာ The Fast and The Furious အမည်ဖြင့် စတင်ထွက်ရှိခဲ့ပြီး ယခု ၂၀၁၆ ခုနှစ်တွင် Fast and Furious 8 ထိ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

၂၀၁၃ ခုနှစ်က Fast and Furious 6 ဇာတ်ကားထွက်ရှိအပြီးတွင် ယင်းဇာတ်ကားမှ အဓိကသရုပ်ဆောင် ပေါဝေါလ်ကာသည် ယာဉ်မတော်တဆမှုဖြင့် ကွယ်လွန်ခဲ့ရပြီး ၎င်းမကွယ်လွန်ခင်ရိုက်ကူးခဲ့ခြင်းကြောင့် ၂၀၁၅ ခုနှစ်တွင် ထွက်ရှိခဲ့သည့် Fast and Furious 7 တွင် ပါဝင်သရုပ်ဆောင်ခဲ့သေးသည်။ ■



# ဒစ်စနေးရဲ့ဇာတ်ကားသစ်တွေမှာ ဆက်လက်ပါဝင်သရုပ်ဆောင်မယ့် အမ်မာစတုန်း

မင်းသမီး အမ်မာစတုန်းက ဒစ်စနေးက ထုတ်လုပ်မယ့် Cruella ဇာတ်ကားမှာ Cruella de Vil ဇာတ်ကောင်အဖြစ်ပါဝင်သရုပ်ဆောင်မှာဖြစ်တယ်လို့ ဒစ်စနေးစတူဒီယိုက အတည်ပြုခဲ့ပြီး အဆိုပါ Cruella ဇာတ်ကားကို ဒီနှစ်ထဲမှာစတင်ရိုက်ကူးမှာဖြစ်ပါတယ်။

စပိုက်ဒါမန်းဇာတ်ကားတွေနဲ့ လူသိများလာခဲ့တဲ့ အသက်(၂၇)နှစ်အရွယ်ရှိ မင်းသမီး အမ်မာစတုန်းဟာ ကမ္ဘာ့ရုပ်ရှင်လောကမှာ အနုပညာကြေးအမြင့်ဆုံးမင်းသမီးတစ်ဦးလည်းဖြစ်ပါတယ်။ ဒါ့အပြင် အမ်မာစတုန်းဟာ ဒီနှစ်အတွင်းမှာ ဒစ်စနေးအပြင် အခြားထုတ်လုပ်ရေးတွေနဲ့လည်း အက်ရှင်ဇာတ်ကားသစ်တွေကိုလည်း ဆက်လက်ရိုက်ကူးသွားဖို့ရှိတယ်လို့လည်း သိရပါတယ်။

ဒစ်စနေးရုပ်ရှင်ထုတ်လုပ်ရေးအနေနဲ့ သရုပ်ဆောင် အမ်မီလီဘန့်ထ်နဲ့ Mary Poppins ဇာတ်ကားတွေရဲ့ နောက်ဆက်တွဲတွေအပြင် တောတွင်းဇာတ်ကား The Jungle Book ရဲ့နောက်ဆက်တွဲဇာတ်ကားတွေကို ဆက်လက်ရိုက်ကူးသွားမယ်လို့လည်းသိရပါတယ်။

# ဘီယွန်းစေးရဲ့ Formation ဂီတဖျော်ဖြေပွဲ မိုင်ယာမီတွင် အောင်မြင်စွာ ကျင်းပ

အမေရိကန်ဂီတအကျော်အမော်တစ်ဦးဖြစ်သူ တေးသံရှင် ဘီယွန်းစေးက သူ့ရဲ့ Formation လို့ အမည်ပေးထားတဲ့ ဂီတဖျော်ဖြေပွဲတစ်ခုကို ယမန်နေ့က မိုင်ယာမီမှာ စတင်ခဲ့ပြီး အဲဒီဖျော်ဖြေပွဲအပြီးမှာ ခင်ပွန်း၊ သမီးဖြစ်သူတို့နဲ့အတူ Halo သီချင်းကို တွဲဖက်သီဆို ဖျော်ဖြေကာ အောင်မြင်စွာပိတ်သိမ်းနိုင်ခဲ့ပါတယ်။

အဲဒီဖျော်ဖြေပွဲမှာ ဘီယွန်းစေးက သူ့ရဲ့သီချင်းသစ်တွေဖြစ်တဲ့ Formation၊ Sorry၊ Run the World၊ "Baby Boy" တို့အပြင် တီးဝိုင်းအဖွဲ့ရဲ့တီးခတ်ပေးမှုနဲ့ Purple Rain တေးသီချင်းကိုလည်း ပရိသတ်တွေနဲ့အတူ သီဆိုဖျော်ဖြေပေးခဲ့တယ်လို့သိရပါတယ်။

ဂရမ်မီဆု အကြိမ်(၂၀)ခန့် ဆွတ်ခူးရရှိခဲ့ဖူးသူ အမေရိကန်တေးသံရှင် ဘီယွန်းစေးက သူ့ရဲ့ Formation ဂီတဖျော်ဖြေပွဲတွေကို မြောက်အမေရိကနဲ့ ဥရောပတစ်လွှားမှာ ကျင်းပမယ်လို့ ကြေညာထားခဲ့ပြီး အခုလိုစည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့တာဖြစ်ပါတယ်။

ဒါ့အပြင် ဘီယွန်းစေးဟာ သူမရဲ့ Lemonade လို့ အမည်ပေးထားတဲ့ ဇာတ်လမ်းတိုတစ်ပုဒ်ကို ရိုက်ကူးထားပြီး HBO ရုပ်သံလိုင်းက ထုတ်လွှင့်ပြသမှာဖြစ်တယ်လို့လည်း ပြောကြားထားခဲ့ပါတယ်။



ဖြိုးစန္ဒာမြင့် - စုစည်းသည်

## အီဘရာဟီမိုဗစ်ချ်အားခေါ်ယူရန် အာဆင်နယ် ပစ်မှတ်ထားနေ

ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသည် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းမှ ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်အား ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

အသက်(၃၄)နှစ်အရွယ်ရှိ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်သည် လက်ရှိကလပ် ပီအက်စ်ဂျီအသင်းနှင့် စာချုပ်သစ်ထပ်တိုးချုပ်ဆိုရန် ပျက်ကွက်ခဲ့ခြင်းကြောင့် လာမည့်ဇွန်လအတွင်း အလွတ်ပြောင်းရွှေ့ကြေးဖြင့် အသင်းမှ ထွက်ခွာရန်ဆန္ဒရှိနေခဲ့သူဖြစ်သည်။

မန်ယူအသင်းကလည်း တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်အား ခေါ်ယူရန်ဆန္ဒရှိနေပြီး တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်ကလည်း ၎င်း၏ ကစားသမားဘဝကို အင်္ဂလန်ပရီမီယာလိဂ်တွင် အဆုံးသတ်ရန် ပစ်မှတ်ထားလျက်ရှိသည်။ သို့ရာတွင် အာဆင်နယ်အသင်းကလည်း အသင်း၏ တိုက်စစ်ပိုင်းကို အားဖြည့်ရန် တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်အား ပစ်မှတ်ထားနေခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် အဆင့်(၄) စာရင်းဝင်နေသော်လည်း သွင်းဂိုးမှာမူ အနည်းဆုံးအသင်းဖြစ်နေခဲ့သည်ကို နည်းပြအာစင်ဝင်းဂါးက သိနေခဲ့သည်။ ဆန်းချက်ဇ်နှင့် ဂီရော့ဒ်တို့သည်လည်း သွင်းဂိုး ၁၂ ဂိုးသာ သွင်းယူနိုင်ခဲ့သည်။ လက်ရှိပရီမီယာလိဂ် ဂိုးသွင်းအများဆုံးစာရင်းတွင်လည်း ဟယ်ရီကိန်းသည် သွင်းဂိုး ၂၄ ဂိုး၊ အဂူရိုသည် သွင်းဂိုး ၂၃ ဂိုး၊ ဗာဒီသည် သွင်းဂိုး ၂၂ ဂိုးတို့ အသီးသီးသွင်းယူထားကြသည်။



## စီရိုနယ်လ်ဒိုမှာ မန်စီးတီးနှင့်ပွဲတွင် ၈၀ ရာခိုင်နှုန်းသာ ကြံ့ခိုင်မှုရှိမည်ဟု မိခင်ဖြစ်သူ ဖွင့်ဟ

ရီးယဲလ်မက်ဒရစ်အသင်း၏ အားထားရသည့် တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် လာမည့်သီတင်းပတ်အတွင်း မန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ဒုတိယအကျော့တွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ပြန်လည်ပွဲထွက်လာနိုင်မည်ဖြစ်သော်လည်း ၈၀ ရာခိုင်နှုန်းသာ ကြံ့ခိုင်မှုရှိမည်ဟု စီရိုနယ်လ်ဒို၏ မိခင်ဖြစ်သူက ပြောကြားလိုက်သည်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ယခုတစ်ပတ်အတွင်း ရီးယဲလ်မက်ဒရစ်အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် တံကောက်ကြောဒဏ်ရာရရှိခဲ့ခြင်းကြောင့် မန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ပထမအကျော့တွင် ပါဝင်နိုင်ခြင်းမရှိခဲ့ဘဲ စီရိုနယ်လ်ဒိုမပါဝင်နိုင်ခဲ့ခြင်းကြောင့် မန်စီးတီးအသင်းနှင့် ပွဲစဉ်တွင် ဂိုးမရှိ သရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းကမူ အိမ်ကွင်းဘာနေဗျူး၌ ယှဉ်ပြိုင်ကစားမည့် ဒုတိယအကျော့ပွဲစဉ်တွင် တိုက်စစ်မှူး စီရိုနယ်လ်ဒို ပါဝင်လာနိုင်မည်လား သို့မဟုတ် မပါဝင်ဘဲ ဆက်လက်လွဲချော်မည်လားဆိုသည်ကို ချိတုံချတုံဖြစ်နေခဲ့ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် တိုက်စစ်မှူးစီရိုနယ်လ်ဒို၏ မိခင်ဖြစ်သူကလည်း "ကျွန်မရဲ့သားဟာ မန်စီးတီးနဲ့ပွဲစဉ်မှာ ရာနှုန်းပြည့် ကြံ့ခိုင်မှုမရှိနိုင်ပါဘူး။ ဒါပေမယ့် အဲဒီပွဲစဉ်မှာ ၈၀ ရာခိုင်နှုန်းသာ ကြံ့ခိုင်မှုပြည့်ဝလိမ့်မယ်၊ အကောင်းဆုံးအနေအထားနဲ့တော့ ယှဉ်ပြိုင်ကစားပါလိမ့်မယ်"ဟု ပြောကြားခဲ့သည်။

ငွေကြယ် - ရေးသားသည်




## စပါးနှင့် လေးနှစ်သက်တမ်းရှိစာချုပ်သစ်ချုပ်ဆိုရန် အဲရစ်ဆင်သဘောတူညီထား

စပါးအသင်းနှင့် အဲရစ်ဆင်တို့သည် လေးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန် သဘောတူညီထားကြောင်း သိရသည်။

အဲရစ်ဆင်သည် အဆိုပါစာချုပ်သစ်တစ်ရပ်ချုပ်ဆိုမည်ဆိုပါက တစ်ပတ်လုပ်ခလစာပေါင် ၆၀၀၀၀ ရရှိမည်ဖြစ်ပြီး ၂၀၁၃ ခုနှစ်အတွင်း အေဂျက်အသင်းမှ စပါးအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၁၁ သန်းဖြင့် ရောက်ရှိလာခဲ့သူဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ အဲရစ်ဆင်သည် လက်ရှိတစ်ပတ်လုပ်ခလစာပေါင် ၃၅၀၀၀ ဖြင့် စာချုပ်သက်တမ်း နှစ်နှစ်ကျန်ရှိနေသေးပြီး အကောင်းဆုံးကစားသမားများအနက် တစ်ဦးအပါအဝင်ဖြစ်သောကြောင့် စပါးအသင်းကစာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန် ပြင်ဆင်နေခြင်းဖြစ်သည်။

အဲရစ်ဆင်သည် ယခုနှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ပြိုင်ပွဲ၌ သွင်းဂိုးခြောက်ဂိုးအထိ သွင်းယူပေးထားပြီး ဂိုးဖန်တီးပေးမှု ၁၁ ကြိမ်အထိ ပြုလုပ်ထားသည့် ကစားသမားတစ်ဦးဖြစ်သည်။ အဲရစ်ဆင်အား ဂျူဗင်တပ်အပါအဝင် ဥရောပကလပ်အသင်းများက ခေါ်ယူရန်စီစဉ်လျက်ရှိပြီး စပါးအသင်းနှင့် စာချုပ်သစ်မချုပ်ဆိုမီ နည်းပြ ပိုချက်တီနို စပါးအသင်း၌ ဆက်ရှိနေမည်လားဆိုသည်ကို စောင့်ဆိုင်းနေကြောင်း သိရသည်။

ပိုချက်တီနိုသည် ပေါင် ၂၅ သန်းဖြင့် ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်ချုပ်ဆိုရန် ဆွေးနွေးမှုများပြုလုပ်လျက်ရှိပြီး မန်ယူအသင်း၊ ချယ်လ်ဆီးအသင်း၊ ပီအက်စ်ဂျီအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားခံနေရသူဖြစ်သည်။ စပါးအသင်းသည် လာမည့်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ဖလားကို အကောင်းဆုံးယှဉ်ပြိုင်နိုင်စွမ်းရှိစေရန်အတွက်ရည်ရွယ်လျက်ရှိပြီး အဲရစ်ဆင်အား စာချုပ်သစ်ချုပ်ဆိုရန် ပြင်ဆင်ခဲ့သည့်အပြင် ဟယ်ရီကိန်း၊ ဟူဂိုလိုးရစ်နှင့် လာမယ်လာတို့ကိုလည်း စာချုပ်သစ်ချုပ်ဆိုရန် ဆန္ဒရှိနေကြောင်း သိရသည်။

## စပါးရဲ့အိပ်မက်ကို အနှောင့်အယှက်ပေးမယ့် ချယ်လ်ဆီး

### ပရီမီယာလိဂ် ရင်ခုန်သံ - ၃၆

ရှိုင်းမင်းမင်း

**ပရီမီယာလိဂ်ပွဲစဉ်(၃၆)ကို လာမယ့် ဧပြီ ၃၀၊ မေ ၁၊ ၃ ရက်တွေမှာ ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ မန်ယူနဲ့လက်စတာ၊ ဆောက်သမ်တန်နဲ့ မန်စီးတီး၊ ချယ်လ်ဆီးနဲ့ စပါးတို့ ဆုံတွေ့တဲ့ ပွဲကောင်းတွေပါဝင်နေပြီး ဘယ်လိုရလဒ်တွေထွက်ပေါ်လာဦးမလဲဆိုတာ ဆက်လက်လေ့လာချင်စရာကောင်းနေပါတယ်. . . .**

**ဝက်ဖို့ဒ် - ဗီလာ** — **ည ၈း၃၀ (၃၀-၄-၂၀၁၆)**

ဗီလာဟာတန်းဆင်းရဖို့ သေချာနေတဲ့အသင်းဖြစ်ပေမယ့်လည်း နောက်ပိုင်းပွဲတွေမှာ သိက္ခာအရနိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားနေတာကိုတွေ့ရပါတယ်။ ဗီလာအနေနဲ့နောက်ဆုံးပွဲစဉ်မှာလည်း ဆောက်သမ်တန်ကိုရှုံးနိမ့်ခဲ့ရပေမယ့် အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒ့ါအပြင် ဝက်ဖို့ဒ်ကလည်းခြေစွမ်းပိုင်းသာမန်သာရှိတာကြောင့် ဒီပွဲစဉ်မှာတော့ ဗီလာတို့အခွင့်အရေးရနိုင်ကာ ဝက်ဖို့ဒ်ကို ထိန်းချုပ်ကစားသွားနိုင်မှာ သေချာနေပါတယ်။ အဝေးကွင်းဖြစ်ပေမယ့် ဗီလာတို့သရေလောက် ကစားသွားနိုင်မှာသေချာနေပါတယ်။

**အဲဗာတန် - ဘုန်းမောက်** — **ည ၈း၃၀ (၃၀-၄-၂၀၁၆)**

အဲဗာတန်ဟာ အခုနောက်ပိုင်းပွဲတွေမှာ ခြေကအတော်လေး အားနည်းနေပါတယ်။ အက်ဖ်အေဖလားပွဲစဉ်မှာ တိုက်စစ်ကအဆုံးသတ်သေချာမှုမရှိတာကိုတွေ့ခဲ့ရသလို ခံစစ်ပိုင်းကလည်း မန်ယူရဲ့တိုက်စစ်ကို ထိန်းချုပ်နိုင်မှုမရှိခဲ့တာကို တွေ့ရပါတယ်။ ဒါပေမယ့်လည်း အဲဗာတန်အနေနဲ့ အက်ဖ်အေဖလားပွဲစဉ်ကနေထွက်ခဲ့ရပြီဖြစ်တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်တွေမှာနိုင်ပွဲရယူနိုင်ဖို့ ပိုမိုအားစိုက်လာမှာသေချာနေပါတယ်။ ဒ့ါအပြင် ဘုန်းမောက်ကလည်းခြေစွမ်းပိုင်းအားနည်းမှုတွေများလွန်းနေကာ နောက်ဆုံးငါးပွဲမှာ လေးပွဲအထိ ရှုံးနိမ့်ခဲ့ရတာကိုတွေ့ရပါတယ်။ အဲဗာတန်ကွင်းလည်းဖြစ်လို့ အဲဗာတန်ပဲအနိုင်ရမယ်။

**နယူးကာဆယ် - ပဲလေ့စ်** — **ည ၈း၃၀ (၃၀-၄-၂၀၁၆)**

မန်စီးတီး၊ လီဗာပူးတို့နဲ့ကစားခဲ့တဲ့ပွဲတွေမှာ နယူးကာဆယ်ရဲ့ကစားပုံကောင်းမွန်ခဲ့သလို သရေတစ်မှတ်ဆီရယူနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒီပွဲစဉ်မှာလည်း နယူးကာဆယ်အနေနဲ့ တန်းမဆင်းရဖို့ပိုမိုအားစိုက်လာမှာဖြစ်တဲ့အပြင် အိမ်ကွင်းလည်းဖြစ်နေတာကြောင့် ဂရုတစိုက် ကစားသွားမှာ သေချာနေပါတယ်။ ပဲလေ့စ်ခြေသာမန်သာရှိလို့ နယူးကာဆယ် ကပ်နိုင်ဖို့ရှိပါတယ်။

**စတုတ် - ဆန်းဒါးလန်း** — **ည ၈း၃၀ (၃၀-၄-၂၀၁၆)**

မန်စီးတီးကိုဂိုးပြတ်အရေးနိမ့်ခဲ့ရပြီး နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲမှာ သုံးပွဲစလုံးရှုံးနိမ့်ခဲ့ရတဲ့ စတုတ်ခြေက အားနည်းမှုတွေများလွန်းနေပါတယ်။ အထူးသဖြင့် အဆိုပါသုံးပွဲမှာ ၁၂ ဂိုးအထိ ပေးခဲ့ရတဲ့ခံစစ်ပိုင်းက အားနည်းမှုတွေများလွန်းပါတယ်။ ဒါကြောင့်တန်းမဆင်းရဖို့ အားစိုက်ကစားလာမယ့် ဆန်းဒါးလန်းတို့အခွင့်အရေးရနိုင်ကာ အနိမ့်ဆုံးသရေလောက်ပါပဲ။

**ဝက်စ်ဘရွန်း - ဝက်စ်ဟမ်း** — **ည ၈း၃၀ (၃၀-၄-၂၀၁၆)**

အခုနောက်ပိုင်းမှာ ဝက်စ်ဘရွန်းရဲ့ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတာကို တွေ့ရပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းအခုနောက်ပိုင်းမှာ ဂိုးသွင်းခြေ အားနည်းလွန်းနေပါတယ်။ ဒါကြောင့် အိမ်ကွင်းဖြစ်ပေမယ့်ဝက်စ်ဟမ်းကိုအသာရယူနိုင်ဖို့အတွက် အခက်တွေ့နိုင်ပါတယ်။ ဝက်စ်ဟမ်းကတော့ ဥရောပဝင်ခွင့်ရယူနိုင်ဖို့အတွက် အားစိုက်ကစားနေသလို ခြေကလည်းကောင်းမွန်နေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာတော့ ခြေပိုကောင်းတဲ့ ဝက်စ်ဟမ်းကသာ အနိုင်ကပ်ရမှာပါ။

**အာဆင်နယ် - နော့ဝှစ်ချ်** — **ည ၁၁း၀၀ (၃၀-၄-၂၀၁၆)**

အာဆင်နယ်က ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရယူနိုင်ဖို့အတွက် မန်စီးတီးနဲ့အားပြိုင်နေရတာကြောင့် နောက်ပိုင်းပွဲတွေမှာ အားစိုက်ကစားနေသလို ခြေကလည်းကောင်းမွန်နေတယ်လို့ ဆိုနိုင်ပါတယ်။ အခုပွဲကလည်း အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့် နော့ဝှစ်ချ်ကလည်း တန်းမဆင်းရဖို့အတွက် အားစိုက်ကစားလာမှာလည်းဖြစ်နေတာကြောင့် အာဆင်နယ်တို့လွယ်လွယ်ကူကူ အနိုင်မရနိုင်ပါဘူး။ အာဆင်နယ်အိမ်ကွင်းမှာကပ်ပြီးသာ အနိုင်ရမှာသေချာနေပါတယ်။

**ဆွမ်ဆီး - လီဗာပူး** — **ညနေ ၅း၃၀ (၁-၅-၂၀၁၆)**

ဆွမ်ဆီးဟာတန်းမဆင်းရဖို့အတွက် အာမခံချက်မရှိသေးတာကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့အားစိုက်ကစားလာမှာ သေချာနေပါတယ်။ လက်ရှိဆွမ်ဆီးရဲ့ခြေကလည်း မဆိုးဘူးလို့ ဆိုနိုင်သလို အိမ်ကွင်းပွဲတွေမှာ ခြေကပိုကောင်းမွန်တတ်ပါတယ်။ အိမ်ကွင်းနောက်ဆုံးပွဲစဉ်မှာဆိုရင် ချယ်လ်ဆီးကိုတောင်အနိုင်ကစားနိုင်ခဲ့ပါတယ်။ လီဗာပူးကတော့ နယူးကာဆယ်နဲ့သရေကျခဲ့ရတာကြောင့် နိုင်ပွဲရရေးအားစိုက်လာမှာဖြစ်ပေမယ့် ယူရိုပါလိဂ်ပွဲတွေကြောင့် ခြေကုန်ထုတ်နိုင်ဖို့ခက်မှာပါ။ လီဗာပူးနိုင်ရင်တောင် ဂိုးမပြတ်ဘူး။

**မန်ယူ - လက်စတာ** — **ညနေ ၇း၃၅ (၁-၅-၂၀၁၆)**

မန်ယူဟာအက်ဖ်အေဖလားပွဲစဉ်မှာ ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ပြီဖြစ်တာကြောင့် ပရီမီယာလိဂ်ထိပ်ဆုံးလေးသင်းဝင်ရောက်နိုင်ရေး ပိုမိုအားစိုက်ကစားလာမှာသေချာနေပါတယ်။ မန်ယူခြေကလည်း ကောင်းမွန်နေကာ တိုက်စစ်ပိုင်းမှာ မာတီရယ်နဲ့ ရက်ရှ်ဖို့ဒ်တို့တွဲဖက်မိနေတာကြောင့်လည်း ထိုးဖောက်ကစားပုံကောင်းမွန်နေပါတယ်။ လက်စတာကတော့ ချန်ပီယံဖြစ်နိုင်ဖို့ခြေကုန်ထုတ်ကစားလာမှာ သေချာနေပေမယ့်လည်း ခြေစွမ်းပိုင်းကျဆင်းနေပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းဂိုးသွင်းခြေမတည်ငြိမ်သလို ဗာဒီမပါဝင်နိုင်ခဲ့ရင် ပိုမိုအားနည်းနိုင်ပါတယ်။ လက်စတာ အမြင့်ဆုံးသရေပါ။

**ဆောက်သမ်တန် - မန်စီးတီး** — **ညနေ ၁၀း၀၀ (၁-၅-၂၀၁၆)**

ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရဖို့နဲ့ ထိပ်ဆုံးလေးသင်းစာရင်းဝင်နိုင်ရေး သေချာမှုမရှိသေးတာကြောင့် မန်စီးတီးဟာ ဒီပွဲမှာလည်းအားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒ့ါအပြင် ခြေကလည်းကောင်းမွန်နေပါတယ်။ ဒါပေမယ့် မန်စီးတီးဟာချန်ပီယံလိဂ်ပွဲစဉ်တွေကြောင့် ခြေကုန်ထုတ်နိုင်ဖို့ ခက်ခဲလာနိုင်တာကိုတော့ သတိပြုရမှာဖြစ်ပါတယ်။ ဒ့ါအပြင် ဆောက်သမ်တန်ကလည်း ခြေစွမ်းပိုင်းကောင်းမွန်နေတာကြောင့် မန်စီးတီးတို့မထင်မှတ်ဘဲ အခက်တွေ့နိုင်ပါတယ်။ ဆောက်သမ်တန်ရဲ့ အိမ်ကွင်းဖြစ်နေတာကြောင့်လည်း မန်စီးတီးတို့ ပိုမိုခက်ခဲနိုင်ကာ နိုင်မယ်ဆိုရင်တောင်ဂိုးပြတ်ဖို့ခက်ပါတယ်။

**ချယ်လ်ဆီး - စပါး** — **နံနက် ၁း၃၀ (၃-၅-၂၀၁၆)**

လက်စတာက မန်ယူနဲ့ဆုံတွေ့နေတာကြောင့် ခြေချော်ခဲ့ရင် အခွင့်အရေးရယူနိုင်ဖို့အတွက် စပါးတို့နိုင်ပွဲရယူနိုင်ရေး အားစိုက်ကစားလာမှာသေချာနေပါတယ်။ လက်ရှိအချိန်မှာစပါးခြေကလည်း ကောင်းမွန်နေကာ တိုက်စစ်ပိုင်းကလည်းဂိုးသွင်းခြေရရှိနေပါတယ်။ ဒါပေမယ့်လည်းချယ်လ်ဆီးက မြို့ခံပြိုင်ဘက်စပါးကိုချန်ပီယံမဖြစ်နိုင်အောင် အိမ်ကွင်းမှာအားစိုက်ကစားလာမှာသေချာနေပါတယ်။ စပါးတို့အခက်အခဲတွေ့နိုင်ကာ သရေလောက်ပဲကစားနိုင်မယ်။

## သစ်တင်ယာဉ် တိမ်းမှောက်၍သစ်လုံးများပိကာ လူခြောက်ဦးသေဆုံး

**စေတုတ္တရာ မေ ၂၈**

မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်တွင် မေ ၂၇ ရက် နံနက်ပိုင်းက သစ်လုံးများတင်ဆောင်သည့် ခြောက်ဘီး ယာဉ်တစ်စီးတိမ်းမှောက်၍ သစ်လုံးများပိကာ လူခြောက်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ နံနက် ၃ နာရီခန့်က ရေနံချောင်း မြို့နယ်နေ သန်းဇော်ဦး (၄၀)နှစ် မောင်းနှင်လာသည့် ဆ/----- ခြောက်ဘီး GMS ခေါင်းရှည်ယာဉ်သည် စေတုတ္တရာမြို့နယ် တပွင်နယ်မြေရဲစခန်းပိုင် ဟန်ဒေါက် ကျေးရွာအုပ်စု အလယ်ဟန်ဒေါက်ကျေးရွာမှ သစ်လုံးများ တင်ဆောင်လာပြီး ပွင့်ဖြူမြို့နယ် ကျောင်းကုန်းကြီးကျေး ရွာသို့သယ်လာစဉ် စလင်း-စေတုတ္တရာကားလမ်း မိုင်တိုင် အမှတ် (၂၄/၄)ခန့်အရောက်တွင် အရှိန်လွန်ပြီး လမ်း ဘေးတောင်စောင်းကိုဝင်တိုက်ကာ တိမ်းမှောက်ခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် သစ်လုံးတင်ကားပေါ်တွင် လိုက်ပါလာသည့် ပွင့်ဖြူမြို့နယ် ကျောင်းကုန်းကြီးကျေး ရွာတွင် နေထိုင်ကြသည့် စည်သူ (၂၅နှစ်)၊ ကျော်မင်းအောင် (၂၀)နှစ်၊ ဝေသူကျော် (၂၀)နှစ်၊ အောင်ကိုဦး(၂၁)နှစ်၊ ရဲနိုင်ထွန်း(၁၈)နှစ်၊ ရဲမင်းနိုင်(၂၀)နှစ်တို့တွင် ဒဏ်ရာများ ရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ယာဉ်မောင်း သန်းဇော်ဦးမှာ ဒဏ်ရာမရရှိဘဲ တိမ်းရှောင်ထွက်ပြေး သွားသဖြင့် စေတုတ္တရာမြို့နယ်ရဲစခန်းက ၎င်းအား ဖမ်းဆီးအရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**



## စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၈**

မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် ကလောမြို့အထွက် ခုနစ်မိုင်ခန့်အကွာ ပြည်ထောင်စု လမ်းမပေါ်တွင် မင်းသူမောင်းနှင်ပြီး ကျော်ဝဏ္ဏလိုက်ပါလာသည့် မော် တော်ယာဉ်ကို မေ ၂၆ ရက်က ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ ကို လည်းကောင်း၊ အလားတူ လားရှိုးမြို့ ဟိုပိတ်အိုရီယမ်တယ်တိုး ဂိတ်အနီးတွင် ကွမ်းပေါင်မောင်းနှင်ပြီး ယောဆမ်လိုက်ပါလာသည့် ဆိုင် ကယ်ကိုရှာဖွေရာ ဘိန်းဖြူအလေးချိန် ၃၃ ဂရမ်ကိုလည်းကောင်း။

ထို့အတူ မေ ၂၆ ရက်က ရေးမြို့ နယ် အစင်ကျေးရွာ နယ်မြေ(၃)နေ စိုးမိုးဦး၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၂၂၈ ပြားနှင့် MG1 အမျိုးအစား LOT 66/2001 စာတန်း ပါ အစိမ်းရောင်ပလတ်စတစ်လက် ပစ်ဗုံးတစ်လုံးကို လည်းကောင်း၊ အလားတူ ယင်းနေ့က လားရှိုး-မိုင်း ယော်သွားကားလမ်း နားဖကျေးရွာ စာကြည့်တိုက်အနီးတွင် နော်ဂျာ မောင်းနှင်ပြီး လောက်ခိုက် လိုက်ပါ လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၀ ကို လည်းကောင်း။

တာချီလိတ်မြို့ ဝိန်းကျောက်ရပ် ကွက် အာခါဈေးလမ်းရှိ မအားမွေ ငှားရမ်းနေထိုင်သည့် အခန်းကို မေ ၂၅ ရက်က ရှာဖွေရာ ၎င်းနှင့်အတူ မမိငယ်၊ မစိမ်းမို့မို့၊ မအေးမြင့်တို့အား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၂၇၀ နှင့် အအေးစုပ်ပိုက် ၁၅ ချောင်း ဖြင့်ထည့်လျက် အိုက်စ် ၁ ဒသမ ၅ ဂရမ်ကိုလည်းကောင်း သိမ်းဆည်း ရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေး ဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



မင်းသူနှင့်ကျော်ဝဏ္ဏတို့အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## ကျောက်မဲတွင် ဆွဲမိုင်းနှစ်လုံးပေါက်ကွဲမှုဖြစ်

**ကျောက်မဲ မေ ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ချောင်း ချောက်ကျေးရွာအုပ်စု နောင်အန်းကျေးရွာအနီးတွင် မေ ၂၇ ရက် ည ၈ နာရီခန့်က ဆွဲမိုင်းနှစ်လုံးပေါက်ကွဲ၍ ကားတစ်စီးပျက်စီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နောင်ချိုမြို့မှ လားရှိုးမြို့သို့ ထွက်ခွာလာ သော တပ်မတော်မှ FAWယာဉ်ကြီးလေးစီးသည် ကျောက်မဲမြို့နယ် ချောင်းချောက်ကျေးရွာအုပ်စု နောင်အန်း ကျေးရွာ၏ အရှေ့မြောက်ဘက် တစ်မိုင်အကွာရှိ နတ်စင် အနီး ပြည်ထောင်စုကားလမ်း (၁၁၈)မိုင်တိုင် အလွန်တွင် လမ်း၏ တောင်ဘက်ခြမ်း လယ်ကန်သင်းရိုးအနီးမှ ဆွဲမိုင်း ဟုယူဆရသည့် မိုင်းနှစ်လုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အဆိုပါပေါက်ကွဲမှုကြောင့် ယာဉ်ကြီးတစ်စီးမှာ ရှေ့လေကာမှန်ကွဲ၊ ရှေ့ဘီးပေါက်ကွဲခဲ့သော်လည်း လူထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်းနှင့် ယာဉ်တန်းမှာ ည ၈ နာရီခွဲခန့်တွင် ဆက်လက်ထွက်ခွာသွားကြောင်း သိရ သည်။

**(သိန်းထွန်းအောင်)**

■

## တောင်ငူမြို့ ငါးရှဥ့်ချောင်းကျေးရွာအနီး နှလုံးထိလောင်းကစားသူအား ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းမိ

**နေပြည်တော် မေ ၂၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကျွန်းကုန်းနယ်မြေရဲစခန်းမှ အမျိုး သမီးရဲတပ်ဖွဲ့ဝင်ပါဝင်သော တပ်ဖွဲ့ ဝင်များသည် လောင်းကစားသတင်း အရ ငါးပယ်အင်းကျေးရွာအုပ်စု ငါး ရှဥ့်ချောင်းကျေးရွာအရှေ့ဘက်ရှိ လယ်ကွင်းအနီးတွင် မေ ၂၆ ရက် ညနေ ၃ နာရီ မိနစ် ၄၀ ခန့်က စောင့် ဆိုင်းနေစဉ် လမ်းလျှောက်လာသည့် ကြိုတင်သတင်းရရှိထားသူ တလိုင်း နွယ်ကုန်းကျေးရွာနေ မသန်းသန်း အေး(၂၈)နှစ်အား တွေ့ရှိရ၍ ရပ်တန့် ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာ မသန်းသန်းအေး၏ လက်ထဲ၌ ကိုင်ဆောင်ထားသည့် အိတ်အတွင်းမှ နှစ်လုံးထီလောင်း ကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် လောင်းကြေး ငွေကျပ် ၁၂၀၁၀၀ တို့ တွေ့ရှိသိမ်း ဆည်းရမိခဲ့သဖြင့် ၎င်းအား ကျွန်း ကုန်းနယ်မြေရဲစခန်းက လောင်းကစား ဥပဒေဖြင့် အမှုဖွင့်အရေးယူထား ကြောင်း သိရသည်။

**(ကြေးမုံ)**

## ယင်းမာပင်မြို့နယ် ကပိုင်ကျေးရွာ၌ တရားမဝင်သစ်စက်များ ရှာဖွေဖမ်းဆီးလျက်ရှိ

**ယင်းမာပင် မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် ကပိုင်ကျေးရွာ တောင်ဘက်ချောင်းအနီးရှိ ဦးဘကြည်(၅၃)နှစ်၏ စိုက်ပျိုးရေးခြံအတွင်း တရား မဝင်သစ်စက်လုပ်ကိုင်ရန်စီစဉ်နေကြောင်း သတင်းအရ မေ ၂၆ ရက် ည ၁၁ နာရီခွဲခန့်က အလောင်းတော်ကဿပ အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးရဲထွန်းဦးဆောင်သော ဝန်ထမ်းများ၊ ကပိုင်ဘိနယ်သစ်တောဝန်ထမ်းများ၊ ကပိုင်ရဲကင်းစခန်း ရဲအုပ် တင်မောင်လတ်နှင့်တပ်ဖွဲ့ဝင်များ၊ ကပိုင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမိုးဝင်းနှင့်အတူ ပူးပေါင်းရှာဖွေဖမ်းဆီးရာ ပျဉ်းကတိုးသစ် တစ်လုံး(သုည ဒသမ ၁၁၈၈တန်)၊ သန်းသစ်နှစ်လုံး(သုည ဒသမ ၃၃၃၀ တန်)၊ အင်ကြင်းသစ်သုံးလုံး(သုည ဒသမ ၄၇၁၆)တန် စုစုပေါင်း သစ်အလေးချိန် သုည ဒသမ ၉၂၃၄ တန်နှင့်အတူ သစ်ခွဲရာတွင်အသုံးပြုသော တရုတ် အင်ဂျင်စက် (၂၅)ကောင်တစ်လုံး၊ သုံးပေလွှဝိုင်းနှင့် သစ်စက်ပစ္စည်းအစုံတို့အား ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

အဆိုပါဖမ်းဆီးရမိသစ်စက်၊ လွှဝိုင်းအစုံနှင့်သစ်များအား အလောင်းတော် ကဿပအမျိုးသားဥယျာဉ်ရှေ့တန်းရုံး(ကပိုင်)ရွာတွင် ခေတ္တသိမ်းဆည်းထားရှိ ပြီး ယင်းမာပင်မြို့နယ် သစ်တောဦးစီးဌာနသို့လွှဲပြောင်း၍ တရားမဝင်သစ်စက် လုပ်ကိုင်သူအား သစ်တောဥပဒေအရ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။



**ထွန်းကိုကို(ယင်းမာပင်)**

## ခိုးမှုမသင်္ကာဖြင့် ဖမ်းဆီးထားသူအား စစ်ဆေးရာမှ ဆိုင်ကယ်ခိုးမှုများပေါ်ပေါက်

**နေပြည်တော် မေ ၂၈**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အမှတ်(၂)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မေ ၂၆ ရက် မွန်းလွဲ ၂ နာရီခန့်က အမှတ်(၄)နယ်မြေ ရဲစခန်း(ပ)၅၉/၂၀၁၆၊ ပြစ်မှုပုဒ်မ ၃၇၉၊ ကျင့် ၅၄ အမှုမှ မသင်္ကာသူ အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်ကွက်နေ တင်လင်းထက်(ခ) ငထက်(၁၉)နှစ်အား စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ တင်လင်းထက်(ခ)ငထက်သည် ထွန်းကိုဇော်(စုံစမ်းဆဲ) နှင့်အတူ လွန်ခဲ့သော ၁၅ ရက်ခန့်က အောင်မြေသာစံမြို့နယ် (၆၂)လမ်း (၁၉×၂၀)လမ်းကြားရှိ နေအိမ်တစ်အိမ်ရှေ့တွင်ရပ်ထားသော Follow Me-125 ဆိုင်ကယ်နှင့် လွန်ခဲ့သောနှစ်လခန့်က အောင်မြေသာစံမြို့နယ် (၁၂) လမ်းရှိ ရှင်အရဟံသိမ်ကျောင်းရှေ့တွင်ရပ်ထားသည့် New Anbo-125 ဆိုင်ကယ်တို့အား ခိုးယူရောင်းချထားကြောင်း သိရ၍ သက်သေခံပစ္စည်းများကို သိမ်းဆည်းပြီး ၎င်းတို့အား အမှတ်(၁)နယ်မြေရဲစခန်းနှင့် အမှတ်(၄) နယ်မြေရဲစခန်းတို့တွင် အသီးသီး ထပ်မံအမှုဖွင့်အရေးယူထားကြောင်းနှင့် ထွန်းကိုဇော်အား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၂၈**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၇၈၃၀၀၀ - ၇၈၃၀၀၀ | မန္တလေး(ရွှေဈေး) | ၇၈၃၀၀၀ - ၇၈၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၇၀/၅၀၀ ကျပ်၊ | ၅၁၀/၅၃၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၇၃၀/၇၄၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၃၀/၅၅၀ ကျပ်၊ | ၆၀၀/၆၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၁၀/၅၄၀ ကျပ်၊ | ၅၆၀/၅၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၃၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၇၇ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၄၉၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၇၃. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၂၇. ၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၈၀. ၆၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၃. ၄၀၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၀. ၈၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၆၆၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၅၁. ၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၂. ၃၇ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၈၉၁. ၀၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၇၀. ၁၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## မူဆယ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**မူဆယ် မေ ၂၈**

မူဆယ်မူးယစ်တပ်ဖွဲ့စု (၂၂)မှတပ်ဖွဲ့ဝင်များသည် မေ ၂၇ ရက်က မူဆယ်မြို့ အဝင် တိုးဂိတ်အနီး၌ သတင်းအရစောင့်ဆိုင်းနေစဉ် (၁၀၅)မိုင် မိုင်းယုကျေးရွာ ဘက်မှ မောင်းနှင်လာသော ရန်ကျုံးရင်၏ ဆိုင်ကယ်ကိုတွေ့ရှိ၍ ရပ်တန့်စစ် ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ ၎င်းဝတ်ဆင်ထားသည့် ဘောင်းဘီအိတ်ကပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၄၀ ကို သိမ်းဆည်းရမိသဖြင့် ၎င်းအား မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးဆိုင်ရာဥပဒေအရ အရေးယူ ထားကြောင်း သိရသည်။

**ဆရာမောင်(မူဆယ်)**

*သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်၏ ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်ကို စာဖတ်ပရိသတ်များ ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြပေးလျက်ရှိသည်။ (ကြေးမုံ)*

# ဝင်းတွေနဲ့တည်ခဲ့သည့်မင်းနေပြည်

နတ်မောက်ထွန်းရှိန်

**ယခင်အပတ်မှအဆက်**

**ဖန်ကျိုဝင်း**

မြန်မာ့ဖန်ကျိုလုပ်ငန်းမှာ မြန်မာ့ရိုးရာယဉ်ကျေးမှု လက်မှုအနုပညာလုပ်ငန်းတစ်ခုဖြစ်ပြီး ယခုအခါ ယင်းလုပ်ငန်း တိမ်ကောသွားပြီဖြစ်သည်။ ဖန်ကျိုပညာရှင် မိသားစုများမှာ မြောက်ကြယ်ခတ်ဝင်းအတွင်း ယခုတိုင် ရှိသေးသည်။ ဖန်ကျိုလုပ်ငန်းမှ ဖန်ထည်လူသုံးကုန်ပစ္စည်းများဖြစ်သော ဖန်လက်စွပ်၊ ဖန်လက်ကောက်၊ ဖန်နားတောင်း၊ ဖန်ကြယ်သီး၊ ဖန်ပွတ်လုံးစသည်ဖြင့် ဖန်ထည်ပစ္စည်းများ မြန်မာမင်းလက်ထက်မှစ၍ ထုတ်လုပ်ခဲ့ကြသည်။ မြန်မာမင်းလက်ထက်၌လည်း ဖန်ချက်ဝန်ဟူ၍ရှိခဲ့ရာ ဖန်ချက်လုပ်ငန်း၊ ဖန်ကျိုလုပ်ငန်းသည် မြန်မာမှုလုပ်ငန်းအဖြစ် ထွန်းကားခဲ့သည်။ ဖန်ချက်ရာတွင် ထုံး၊ကျောက်၊ သဲနှင့်အခြားပစ္စည်းများဖြင့် ရောစပ်မီးအပူပေးပြီး ဖန်ချက်လုပ်ငန်း လုပ်ကိုင်ကြသည်။ ပလတ်စတစ်ပစ္စည်းများ၊ သတ္တုပစ္စည်းများ ထွန်းကားလာသဖြင့်မြန်မာ့ဖန်ကျိုပညာမှာ တိမ်မြုပ်သွားသည်။ ဖန်ကျိုလုပ်ငန်းမှာ မိသားစု တစ်နိုင်တစ်ပိုင် လုပ်ငန်းဖြစ်သဖြင့်စိတ်ဝင်စားဖွယ် မြန်မာမှုအနုပညာရပ်ဖြစ်သည်။

**မလွန်ဈေး၊ မလွန်ဆန်လှူသင်း**

အကွက် (၅၆၁) မှာ မလွန်ဆေးရိုးဝင်းဖြစ်သည်။ ၈၅ လမ်း၊ ၈၆လမ်းနှင့် ၃၃လမ်း၊ ၃၄ လမ်းကြားရှိသည်။ ဆေးရိုးလုပ်ငန်းများ၊ ဆေးရိုးဂိုဒေါင်များရှိသဖြင့် ဆေးရိုးဝင်းတွင်သည်။ ဤရပ်ကွက်များမှာ မလွန်ဈေးဟောင်းရပ်ကွက်ဟူ၍ လူသိများသည်။ မဟာသကျသီဟဘုရားတောင်ဘက် ရပ်ကွက်ကြီးများကို ခြုံ၍ခေါ်ဆိုခြင်းဖြစ်သည်။ မလွန်ရပ်ကွက်ကြီး၌ ထင်ရှားသော မှတ်တိုင်တစ်ခုမှာ မလွန်ဈေးကြီးကို အကြောင်းပြု၍ မလွန်ဈေးဆန်လှူအသင်း ကြီး ၁၂၅၈ ခုနှစ်က စတင်ဖွဲ့စည်းထူထောင်နိုင်ခဲ့ခြင်းဖြစ်သည်။ မလွန်ဈေးဟောင်းရပ်လူကြီးလူငယ်များက ထို ခေတ်က ဆွမ်းဆန်တော် အခက်အခဲရှိသော စစ်ကိုင်းမင်းဝံတောင်တန်း၊ မင်းကွန်းတောင်တန်းများမှ ရဟန်းသာမဏေ၊ သီလရှင်သူတော်များအတွက် လှူဒါန်းရန်နှင့် မန္တလေး လေးပြင်လေးရပ်မှ ဝါဆိုသံဃာတော်များအား လှူဒါန်းရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ကြခြင်းဖြစ်ရာ ယခုအခါ နှစ်ပေါင်း ၁၀၃ ခုနှစ်တိုင် အဓွန့်ရှည် တည်တံ့လျက်ရှိပြီး တစ်ပြည်လုံး သင်းထောက်ခွဲပေါင်း ၃၀၀ ကျော်ဖြင့် နှစ်စဉ် စစ်ကိုင်းမင်းဝံမင်းကွန်း၊ မန္တလေး ရဟန်း သံဃာ၊ သာမဏေ၊ သီလရှင် လေးသောင်းကျော်တို့အား ဆွမ်းဆန်တော်များ၊ ဝတ္ထုငွေများ လှူဒါန်းလျက်ရှိသည့် ထင်ရှားသော ဆန်လှူတော်အသင်းကြီးဖြစ်သည်။ ၃၂လမ်းနှင့် ၃၃လမ်းကြား၊ ၈၅ လမ်း၊ ၈၆လမ်းကြား၊အကွက်နံပါတ် ၅၆၄ တွင် ရုံးအဆောက်အအုံနှင့် တည်ရှိသည်။

**မလွန်မင်းသားကြီး**

မလွန်ရပ်ကွက်ဟူသည်မှာ မလွန်မင်းသားကြီး နေထိုင်ခဲ့ရာဝင်းကို အကြောင်းပြု၍ မလွန်ရပ်ကွက်တွင်သည်။ မလွန်မင်းသားကြီးမှာ ဘိုးတော်မင်းသားတော်ဖြစ်၍ မင်းတုန်းမင်းသားကဲ့သို့ လွှတ်တတ်မင်းသားကြီးဖြစ်သည်။ မလွန်မင်းသားကြီး၏ အိမ်တော်မှာ ယခု မလွန်ခရေပင်ဝိုင်း မူလတန်းကျောင်းအနီး ဖြစ်သည်။

> **မလွန်ရပ်ကွက်ဟူသည်မှာ မလွန်မင်းသားကြီး နေထိုင်ခဲ့ရာဝင်းကို အကြောင်းပြု၍ မလွန်ရပ်ကွက်တွင်သည်။ မလွန်မင်းသားကြီးမှာ ဘိုးတော်မင်းသားတော်ဖြစ်၍ မင်းတုန်းမင်းသားကဲ့သို့ လွှတ်တတ်မင်းသားကြီးဖြစ်သည်။ မလွန်မင်းသားကြီး၏ အိမ်တော်မှာ ယခု မလွန်ခရေပင်ဝိုင်း မူလတန်းကျောင်းအနီး ဖြစ်သည်။**

မလွန်ရပ် မလွန်ဈေးဟောင်းအတွင်း ကုန်သည်ပွဲစားဈေးတန်းများ ရှေးယခင်ကတည်းက ရှိခဲ့သလို ယခုတိုင် နာမည်နှင့်အတူ ကုန်သည်ပွဲစားရပ်ကွက်ကြီးအဖြစ် ထင်ရှားသည်။ မလွန်ထုံးတန်း၊ မလွန်ထန်းလျက်တန်း၊ မလွန်ငါးပိတန်း၊ မလွန်ခဲလံတန်း၊ မလွန်အိုးတန်း တစ်ပြအတွင်း ဈေးတန်းကြီး ငါးတန်းရှိသည်။ ၃၂လမ်းမှ ၃၃ လမ်းအတွင်း မလွန်ကွမ်းသီးတန်း၊ မလွန်ဆားတန်း၊ မလွန်ချင်းတန်း၊ မလွန်ကြက်သွန်တန်း၊ ၃၃ လမ်းမှ ၃၄ လမ်းအတွင်း မလွန်ဆေးရိုးဝင်း၊ မလွန်ပွတ်တန်း၊ မလွန်နီးပါးတန်း၊ ၃၃ လမ်းကို မလွန်ကျောက် စိမ်းတန်း၊ ၃၄ လမ်းမှာ ညောင်ဇင်တန်းဖြစ်သည်။

**ယွန်းဝင်း၊ ဆင့်ဝင်း၊ ယပ်ဝင်း**

အကွက် (၅၆၃) မှာ ၃၂လမ်း၊၃၃လမ်းကြား၊ ၈၅လမ်း၊ ၈၆လမ်းကြားရှိပြီး မလွန်ခရေပင်ဝိုင်း၊ မလွန်မင်းသားကြီး အိမ်နေရာဖြစ်သည်။ အကွက် (၅၆၅) မှာ ၃၂လမ်း၊ ၃၃လမ်းကြား၊ ၈၄လမ်းနှင့် ၈၅ လမ်းကြားဖြစ်သည်။ ဆင်ဝင်း၊ ယပ်ဝင်း၊ ယွန်းဝင်းများဟု အမည်တွင်သည်။ ယွန်းဝင်းတွင်ယွန်းထည်လုပ်ငန်း လုပ်ကိုင်သူများ၊ ယပ်လုပ်ကိုင်သူများ နေထိုင်ကြသဖြင့် လုပ်ငန်းအစွဲပြု အမည်တွင်ခဲ့သည်။ယပ်ဝင်းမှာ မြန်မာမင်းလက်ထက်စလူယပ်လုပ်ကိုင်ကြရပြီး ရွှေနန်းတော်အတွင်းသို့ ပေးသွင်းရသည်။ဆင်ဝင်းမှာ ကာလရွေ့လျော၍ ဆင့်ဝင်းမှ ဆင်ဝင်းခေါ်နေခြင်းဖြစ်သည်။သံတော်ဆင့်မှုထမ်း၊ စာချွန်တော် ဆင့်ဆိုရသည့် မှုထမ်းများနေထိုင်ခဲ့ရာ ဝင်းဖြစ်သည်။ သျှန် ကျောင်းရှိခဲ့သဖြင့်သျှန်ဝင်းဟုလည်းခေါ်သည်။

ယွန်းဝင်းအတွင်း၌ ဉာဏ်တော် ပေလေးငါးဆယ်မြင့် စေတီတော်တစ်ဆူတည်ထားသည်။ ဘုရားဒကာမှာ တရုတ်တန်းမှ ဦးထင်၊ ဒေါ်မမလေးတို့ဖြစ်ကြောင်း သိရသည်။ ကျောက်စာရေးထိုးထားသည်။ မဟာလောကဇိနရံသိ စေတီတော်ကမ္ပည်းရေးထိုးထားသည်။ ပုဂံမင်း၏ မဟာလောကဇိနရံသိ စေတီတော်ကမ္ပည်းရေးထိုးထားသည်။ ပုဂံမင်း၏ မဟာလောကရံသိအိမ်တော်ရာစေတီပုံသဏ္ဌာန်ဖြစ်သည်။ ယွန်းဝင်းအတွင်း၌ ဤဘုရားပတ်လည်တွင် ဓမ္မာရုံများ ပတ်ပတ်လည် တွေ့ရသည်။ တောင်ဘက်ဓမ္မာရုံကြီးအတွင်းတွင် နှစ် ၁၀၀ ကျော်က ရှေးဟောင်းဘုရား မုဒြာမျိုးစုံ ၅၀ ကျော် ဖူးတွေ့နိုင်သည်။ ဘုရားအရိပ်တွင် နေအိမ်များ မကျရောက်စေရေးအတွက် ဓမ္မာရုံများ တည်ဆောက်ထားခဲ့သည်ဟု ယူဆရသည်။ ဝင်းသုံးဝင်းပူးတွဲတည်ရှိနေသည့် ယွန်းဝင်းတွင် အရှေ့ယပ်ဝင်း၊ အနောက်ယပ်ဝင်း ခွဲခြားခေါ်ဝေါ်သေးသည်။ယပ်ဝင်းအတွင်း ပန်းချီအနုပညာရှင်များလည်း နေထိုင်ကြသည်။ ပန်းချီဦးဘရင်ကလေး၏တပည့် ပန်းချီညွှန့်ဝေသစ်(ပန်းသမုဒ္ဒရာ)မိသားစု နေထိုင်သည်။ ကဗျာဆရာ မောင်နွေထက် မိသားစုနေထိုင်ကြသည်။ ယွန်းဝင်းအတွင်းမဟာလောကဇိနရံသိ စေတီတော်မြောက်ဘက်တွင် ဓမ္မာရုံနှင့် သုံးလောကမာရဇိန်မြတ်စွာဘုရားရုပ်ပွားတော်ကိုလည်း ဖူးတွေ့နိုင်သည်။

**ဟင်္သပဒါးဝင်း**

အကွက် (၅၇၄)မှာ ၃၁လမ်း၊ ၃၂လမ်းနှင့် ၈၄လမ်း၊ ၈၅လမ်းကြား တည်ရှိပြီးကုက္ကိုဝင်းဟုခေါ်သည်။အကွက် (၅၇၅)မှာ မလွန်ထုံးတန်းဖြစ်သည်။ ၃၁ လမ်းနှင့် ၃၂ လမ်းကြား၊ ၈၅ လမ်းနှင့် ၈၆ လမ်းကြားဖြစ်သည်။ အကွက် (၅၇၇) မှာ မဟာသကျသီဟဘုရားဝင်းဖြစ်သည်။ ရှေးယခင်က မင်းတုန်းမင်းသား အိမ်ဝင်းနေရာဖြစ်သည်။ အကွက် (၅၈၇၈) မှာ မဟာသကျသီဟဘုရား အရှေ့ဘက် လမ်း ၃၀ နှင့် ၃၁လမ်းကြား၊ ၈၄လမ်းနှင့် ၈၅ လမ်းကြားတည်ရှိသည်။ ဟင်္သပဒါးဝင်းဟုတွင်သည်။ ရှေးက ဟင်္သပဒါးလုပ်ကိုင်ကြသူများ လုပ်ငန်းတည်ရှိရာဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှု လက်မှုအနုပညာလုပ်ငန်းဖြစ်သည်။ ယွန်းထည်လုပ်ငန်းဖြစ်သည်။ ယွန်းထည်လုပ်ငန်း၊ မှန်လုပ်ငန်း၊ နိဗ္ဗာန်ကုန်လုပ်ငန်းများနှင့် ဆက်သွယ်လျက်ရှိသည်။

ဘုရားစောင်းတန်းများမှ နိဗ္ဗာန်ကုန်လုပ်ငန်းများ၊ ဘုရားကျောင်းဆောင်၊ ဟင်္သပဒါးသုတ် တိုင်လုံးကြီးများသည် ယဉ်ကျေးမှု အဆောက်အအုံပစ္စည်းများဖြစ်ရာ ယင်း လုပ်ငန်းများတည်သရွေ့ ဟင်္သပဒါးလုပ်ငန်းတွင် ကျယ်နေ မည်ဖြစ်သည်။ မှန်စီရွှေချ၊ ယွန်းလုပ်ငန်းများသည်လည်း ကျယ်ပြန့်သော အနုပညာလုပ်ငန်းဖြစ်သည်။ ဟင်္သပဒါးကို ဟင်းရိုင်းတုံးများမှ ထုတ်လုပ်ခြင်းဖြစ်သည်။ အမှုန့်ထောင်းပြီး ရေဆေးချပ် ဆေးခတ်ချက်ယူခြင်းဖြစ်သည်။ ရှေးရိုးစဉ်လာအတိုင်း ထိန်းသိမ်းလုပ်ကိုင်လျက်ရှိသည်။

**လမ်းလယ်ဘုရား**

ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာ အရှေ့ရပ်ကွက်မှာ လမ်း ၃၀မှ ၃၅လမ်းနှင့် လမ်း ၈၀မှ ၈၄လမ်းအတွင်း ရပ်ကွက်များဖြစ်သည်။ ရပ်ကွက်ပေါင်း (၂၀)ရှိကျယ်ပြန့်သော ရပ်ကွက်ကြီးဖြစ်သည်။ အကွက်(၅၇၉)မှ တောင်ဗလု ဗလီဝင်းဖြစ်သည်။ ၈၄ လမ်း၊ ၈၃ လမ်းနှင့် လမ်း ၃၀၊ ၃၁ လမ်းကြား တည်ရှိသည်။ ထင်ရှားသော အဆောက်အအုံမှာ လမ်းလယ်ဘုရားဖြစ်သည်။ လမ်း ၃၀ ပေါ်တည့်တည့် အလယ်မှာ ဘုရားတည်ရှိနေသဖြင့် လမ်းလယ်ဘုရားဟု လူအများက ခေါ်တွင်နေခြင်းဖြစ်သည်။ စေတီပေါက်တစ်ဆူရှိပြီး အရှေ့ဘက်လှည့်၍ ဓမ္မာရုံမုခ်ဦး ထားရှိသည်။ မန္တလေးမြို့မတည်ခင်ကတည်းက တည်ရှိနေသော ဘုရားတစ်ဆူဖြစ်သည်။ မြောက်ဘက်တွင် လမ်းခြား၍ ရှင်ဘို့ မယ်ဘုရား တည်ရှိသည်။ လမ်းလယ်ဘုရားကို ၁၂၀၉ ခုနှစ်တွင် ပန်းပဲမင်းကြီး (ခေါ်) မြတောင်မြို့စားသေနတ်ဝန်ကြီး သတိုးမင်းကြီး မင်းလှမဟာကျော်သူက တည်ထားခဲ့ခြင်းဖြစ်သည်ဟု မှတ်သားရသည်။ တောင်ဗလုမှာလည်း အင်းဝတောင်ဗလုမှ ပြောင်းရွှေ့လာခြင်းဖြစ်သည်။ ၁၂၂၅ ခုနှစ်တွင် တိုင်တားမင်းကြီး ကတော်ဒေါ်နက်က လှူဒါန်းခဲ့သည်။

**မြန်မာညွှန့်ရုပ်ရှင်ရုံ**

အကွက်နံပါတ် (၅၈၀) မှာ လမ်း ၃၀နှင့် ၃၁လမ်းကြား၊ ၈၂ လမ်းနှင့် ၈၃လမ်းကြား ဖြစ်သည်။ မြောက်ဘက်မှ ဝင်းထဲဝင်လျှင် တရုတ်ဖူးကျင့်ကွမ်ရင်ဘုရားရှိခိုးကျောင်းဝင်းကျယ်တည်ရှိသည်။ ၁၈၇၀ ခုနှစ်က တည်ထောင်ခဲ့သော ဘုရားကျောင်းဖြစ်သည်။ တောင်ဘက်ခြမ်း ၃၁လမ်း၊ ၈၃လမ်းထောင့်တွင် မြို့ဂုဏ်ရောင်ရုပ်ရှင်ရုံတည်ရှိသည်။ ရှေးခေတ်က မြန်မာညွှန့်ရုပ်ရှင်ရုံဖြစ်သည်။ မြန်မာညွှန့်ဦးချစ်မောင်တို့ ခေတ်ကတည်းက အသံတိတ်ရုပ်ရှင်ရုံဖြစ်သည်။ မြန်မာညွှန့်ရုပ်ရှင်ရုံတွင် လေဘာတီမမြရင်၊ ရွှာစား စိန်ဗေဒါတို့လည်း တီးမှုတ်ကပြခဲ့ကြသည်။ မန်းညွှန့်ဦး မောင်ကလေးက မြန်မာညွှန့်အငြိမ့်တည်ထောင်ခဲ့သည်။ မြန်မာညွှန့်ရုပ်ရှင်ရုံကိုလည်း ၁၀ ဦးစပ် စုပေါင်းတည် ထောင်ခဲ့ကြသည်။ နောက်ပိုင်းတွင် မြို့တော်၏ ဂုဏ်ကျက်သရေဆောင် မြို့ဂုဏ်ရောင် အမည်ပြောင်းလာသည်။

အကွက် (၅၈၁)မှာ ယခင်က စီကေကေဝင်းဟုလည်း ခေါ်သည်။ သံထည်ဝင်းဟုလည်းခေါ်သည်။ စစ်ပြီးခေတ် သံထည်အဟောင်းများ ရောင်းဝယ်ရာဝင်းဖြစ်၍ သံထည်ဝင်းခေါ်ခြင်းဖြစ်သည်။ ယခု ရီရီဓာတ်ပုံတိုက်ဝင်း ဖြစ်နေသည်။ ဝင်းများတွင် ရှေးယခင်ကလိုမဟုတ် လမ်းများကောင်းမွန်လာသည်။ မီးရေးထင်းရေး အန္တရာယ်ကင်းရန်ကားများအလွယ်တကူဝင်နိုင်ထွက်နိုင်ရန် ပြုလုပ်လာကြသည်။

**နေရှင်နယ်ဝင်း**

အကွက် (၅၈၂)မှာ လမ်း ၃၀ နှင့် ၃၁ လမ်းကြား၊ လမ်း ၈၀နှင့် ၈၁လမ်းကြား တည်ရှိသည်။ ယခု အထက(၂)၊ ယခင် ဗဟိုအမျိုးသား အထက်တန်းကျောင်း (နေရှင်နယ်ကျောင်း)ဝင်းဖြစ်သည်။ အာဇာနည်ဆရာကြီး ဦးရာဇတ်တို့ တည်ထောင်ခဲ့သော အမျိုးသားကျောင်းဖြစ်သည်။ အမျိုးသားကျောင်းဆောင်ရှေ့၌ အမျိုးသားကျောင်းအထိမ်းအမှတ် ခြင်္သေ့ရုပ်တုကြီး ထုလုပ်ထားရှိသည်။ လွတ်လပ်ရေးသမိုင်းအစဉ်အလာ ကြီးမားသော ကျောင်းကြီးဖြစ်၍ ဤကျောင်းတော်မှ နိုင်ငံ့ခေါင်းဆောင်များအများအပြားပေါ်ထွန်းခဲ့သည်။ နှစ်စဉ် အမျိုးသားနေ့ အထိမ်းအမှတ် ကျင်းပကြရာ ခြင်္သေ့ကျောင်းဆောင် ဖြစ်သည်။ ၁၉၂၂ ခုနှစ်တွင် ဆရာကြီးဦးရာဇတ် စတင်ဖွင့်လှစ်သည်။ ၁၉၅၃ ခုနှစ်တွင် အမှတ်(၂) အစိုးရအထက်တန်းကျောင်း ဖြစ်လာသည်။ ခြင်္သေ့ကျောင်းဆောင်အား ၁၃၁၇ ခု၊ တန်ဆောင်မုန်းလဆုတ် ၉ရက် (၁၉၅၅၊နိုဝင်ဘာ ၂၃)တွင် ပြန်လည်တည်ဆောက်ခဲ့သည်။

**အထက်ဆင့်ဝင်း**

အမျိုးသားကျောင်းဝင်း အရှေ့ဘက်ခြမ်းတွင် အထက်ဆင့်ဝင်းဟူ၍ ဝင်းကြားတစ်ခုတည်ရှိပြီး အနောက်ဘက်တွင် ဆိုင်းဝင်းတည်ရှိသည်။ ဗဟိုအမျိုးသားကျောင်း မြောက်ဘက်လမ်း ၃၀ လမ်းမတန်းတွင် ရှေးယခင်က ရွှာစားကြီး စိန်ဗေဒါတို့ ဆိုင်းအဖွဲ့နေထိုင်ခဲ့ကြရာအရပ်ဖြစ်ကြောင်း မှတ်သားရသည်။ အထက်ဆင့်ဝင်းဟုတွင်ခြင်းမှာ လမ်း ၃၀အောက် ယွန်းဝင်းအတွင်း၌ ဆင့်ဝင်းတစ်ခု တည်ရှိသည်ကို အကြောင်းပြု၍ အထက်ဆင့်ဝင်းဟု ခေါ်တွင်ကြောင်းလည်းမှတ်သားရသည်။

**ကျောက်သွေးတန်း၊ ကျောက်ဝင်း**

အကွက် (၅၇၃) မှာ ၈၄ လမ်း၊ ၈၃ လမ်းနှင့် ၃၁လမ်း၊ ၃၂ လမ်းကြား တည်ရှိသည်။ ကျောက်ဝင်းဟု လူသိများသည်။ ကျောက်သွေးလုပ်ငန်းရှင်များ နေထိုင်သဖြင့် ကျောက်ဝင်းဟုတွင်သည်။ ၈၄လမ်းမကြီးပေါ် ဝဲ၊ ယာ အတန်းများကိုလည်း ကျောက်သွေးတန်းဟုခေါ်သည်။ မြန်မာမင်းလက်ထက်ကစ၍ ကျောက်သွေးလုပ်ငန်းများတွင်ကျယ်ခဲ့သည်။ မိုးကုတ် ကျောက်တွင်းတော်၊ ကျပ်ပြင်ကျောက်တွင်းတော်တို့က ဆက်သသည့် ပတ္တမြားကျောက်တော်တို့ကို ငွေတော်ထုတ်ပေး ဝယ်ယူသည့် ပတ္တမြားကျောက်တော်များကို နန်းတော်တွင်း တောင်စမုတ်တော်သို့ဝင်၍ လုံးချောတာပနာ စသည်များသွေးရသည်။ ထိုခေတ်ကစ၍ ကျောက်သွေးပညာသည်များ ထွန်းကားခဲ့သည်။ ၎င်းကျောက်သွေးအမှုထမ်း ၁၁ ဦး တို့မှာ တစ်လလျှင် စပါးတော် တင်း ၂၁၀ သနားတော်မြတ်ခံရသည်။

**တိုင်တာမင်းကြီးဝင်း၊ နေသူရိန်ဝင်း**

တိုင်တာမင်းကြီးဝင်း(ခေါ်) နေသူရိန်ဝင်းမှာ အကွက်(၅၇၂)၊ ၃၂လမ်းနှင့် ၃၁လမ်းကြား၊ ၈၃လမ်းနှင့် ၈၂လမ်းကြား အောင်နန်းရိပ်သာ အရှေ့ရပ်ပင်ဖြစ်သည်။ အရှေ့ဘက်ခြမ်းပိုင်းမှာ တိုင်းတာမင်းကြီးဖြစ်၍ လူထုဒေါ်အမာ၏ အဘိုးဦးဖြိုးအောင်တို့က ဝယ်ယူပြီး အမျိုးသားကျောင်းသုံးထပ်ဆောင် ဆောက်လုပ်လှူခဲ့ကြောင်း မှတ်သားရသည်။ ဒုတိယကမ္ဘာစစ်ကာလထိ ဗုဒ္ဓဘာသာသာသနနုဂ္ဂဟဘီတီအင် ယောကျာ်းလေးကျောင်းအဖြစ် ထင်ရှားသည်။ ကျောင်းဝင်းအတွင်း နေသူရိန်ဇာတ်ရုံကြီး တည်ဆောက်ခဲ့ရာ နေသူရိန်ဝင်းဟု ထင်ရှားသည်။ ၁၉၄၅ ခုနှစ် ဒီဇင်ဘာ လ (၃၁)ရက်က နေသူရိန်လူထုအစည်းအဝေးကြီး ကျင်းပခဲ့သည်။ ထိုဝင်းအတွင်း၌ မြို့မကြက်တောင်ကလပ်ဟူ၍ ရှိခဲ့သည်။ ယခု အထက (၂၃)ဖွင့်လှစ်ထားသည်။

**ဆက်လက်ဖော်ပြပါမည်။**

**[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသားစာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့ တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]**

ကြေးမုံ


ဆောင်းပါး



# ငလျင်ဘေးဒဏ်နှင့် ကမ္ဘာ့လူသား

**à** မြန့်ဂုဏ်ဆောင်

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) နံနက် ၅ နာရီကျော်ခန့်က နှစ်ဦးကာလ ဖွေဆော်ဦး မြေငလျင်စတင်လှုပ်ခတ်ခဲ့ရာ အောင်မြင်သော အောင်နိမိတ် အောင်အတိတ်ကို ဝေဒပညာရှင် ဗေဒင်ပညာရှင်များက ကောင်းခြင်းလက္ခဏာ တိုင်းပြည်အေးချမ်းမည့်အသွင်ကိုဆောင်ကြောင်း တစ်ညီတစ်ညွတ်တည်း ပြောဆိုလာ ကြသည်။ ငလျင်လှုပ်ခတ်ခြင်း ဘေးအန္တရာယ်ကို မည်သူမျှကြိုတင်တွက်ဆ၍မရ။ ငလျင်လှုပ်မည့်အရေး ကြိုမသိ။ ကြိုတင်အသံမပေး၊ ကြိုတင်အယောင်မပြ၊ ကြိုတင်အချက်မပေး၊ အလွန်ပြင်းထန်သော၊ အန္တရာယ်များသော ငလျင်ရှိသကဲ့သို့ အန္တရာယ်မများသောငလျင်များလည်း တည်ရှိဖြစ်ပျက်ခဲ့သည်။

'ငလျင်လှုပ်ပြီဟေ့'ဆိုလျှင် တစ်မဟုတ်ချင်း အလန့်ကြီးလန့်ကြသည်။ စက္ကန့်ပိုင်း မိနစ်ပိုင်းမှာပင် ဟိုးလေးတကျော်ပြောကြဆိုကြသည်။ ငလျင်လှုပ်လျှင် အခန်းတွင်းမှပစ္စည်း အသုံးအဆောင်များက ဘယ်ညာ ရှေ့နောက် ယိမ်းထိုးကြသည်။ အချို့က ကမ္ဘာမြေဆွဲအားကြောင့် အမြင့်မှ အောက်သို့ လိမ့်ကျကြသည်။

ငလျင်ဆိုလျှင် ဖြူဖြူ မည်းမည်း၊ ကြီးကြီး၊ ငယ်ငယ် သူရောကိုယ်ပါ လူကြီးလူငယ်မရွေး အထိတ်တလန့် ဖြစ်ကြရသည်။ သဘာဝဘေးအန္တရာယ် မိသားစုနွယ်ဝင် ရေ၊ မီး၊ လေဘေးတို့အတွက် ကြိုတင်သိရှိကာကွယ်မှု ပြုနိုင်စွမ်းသော်လည်း ငလျင်ဘေးက ကြိုတင်သိရှိနိုင်ခြင်းမရှိ။ ဖြစ်ပေါ်ကာမှသိရသော ငလျင်၏ ထူးခြားမှုဖြစ်စဉ်ပင် ဖြစ်သည်။

ရှေးလူကြီးများက ငလျင်နှင့်ပတ်သက်၍ တစ်ဆင့်စကား တစ်ဆင့်ပြောဆို၍ဆုံးမကြသည်။ 'ငလျင်ချက်မိတယ်' ဆိုသောစကားကို နားမလည်၍မေးကြည့်သော်လည်း အဖြေကတိတိပပမရှိ။ သူ့အထင် သူ့အတွေး၊ ကိုယ့်အထင် ကိုယ့်အတွေးဖြင့်သာ ခေါင်းညိတ်ခဲ့ရသည်။

စာသင်ကျောင်းမှ ပထဝီသင်ကြားနေသော ဆရာ၊ ဆရာမများအားမေးမြန်းကြည့်ရာ လည်ပတ် လှုပ်ရှားနေသော ကမ္ဘာ့မြေပြင်သည် ရေပေါ်တွင် ဖောင်များသဖွယ် ပေါလောမျှောနေရာမှ ကမ္ဘာ့မြေထု (Plate)များ တစ်ခုနှင့်တစ်ခုပွတ်တိုက်မိခြင်းကြောင့် ငလျင်ဖြစ်ပေါ်ရခြင်းဖြစ်သည်'ဟူ၍ ဖြေဆိုသည်။

အမိမြန်မာပြည်ပေါ်တွင် မြေငလျင်ဖြစ်ပေါ်မှုက India Plate များရွေ့လျားပြီး Burma Plate နှင့် China Plate တို့ ပွတ်တိုက်မိခြင်းကြောင့် ဖြစ်သည်ဟူ၍ ကမ္ဘာ့သုတေသီများကညွှန်းဆိုသည်။

ကမ္ဘာ့မြေထု၊ ရေထု၊ လေထု၊ နေ၊ လနှင့် ဂြိုလ်များ၏ဆွဲအားကြောင့် ဒီရေအတက်အကျဖြစ်ကြသည်။ ဂြိုလ်နှင့် ကမ္ဘာမြေကြီး တစ်ဖြောင့်တည်းကျချိန်တွင် ငလျင်လှုပ်သောအားဖြစ်ပေါ်လာသည်ဟူ၍ အိန္ဒိယနိုင်ငံသား ငလျင်ကျွမ်းကျင်ပညာရှင်များက ညွှန်းဆိုကြသည်။

သို့ရာတွင် ငလျင်လှုပ်ခြင်း၊ မလှုပ်ခြင်းကို မှတ်တမ်းတိုင်းတာစက်များဖြင့် တိုင်းတာတွက်ချက်၍ မရစကောင်းပေ။ သို့သော် သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုဖြစ်စဉ်၊ ဘူမိဗေဒဖြစ်စဉ်များကိုချိန်ဆ၍ ငလျင်လှုပ်မည့်အသွင်သဏ္ဌာန်နှင့် အခြေအနေကို ကြိုတင်ခန့်မှန်းနိုင်ကြောင်း ဘူမိဗေဒပညာရှင်အချို့က ညွှန်းဆိုသည်။

ကမ္ဘာ့သဘာဝဖြစ်စဉ်များတွင် အသိဉာဏ်ရှိသောလူသားတို့ထက် အဟိတ်တိရစ္ဆာန်များက ပိုမိုစွမ်းဆောင်မှုအားသာချက်များရှိကြသည်။ အသိဉာဏ်ရှိသောလူသားတို့ မကြားနိုင်သော အသံလှိုင်း၏တုန်ခါမှုကို ကျေးငှက်တို့က ဦးစွာကြိုတင်သိနိုင်သောကြောင့် ငလျင်ဖြစ်ရာရပ်ဝန်းတွင် ကျေးငှက်တို့က ဂနာမငြိမ်ဖြစ်ရသည်။ လူးလာပျံသန်းကြသည်။ ငှက်အုပ်ကြီးများ အလန့်တကြားထပျံကြသည်။ တွင်းအောင်းပုရွက်ဆိတ်သတ္တဝါတို့ နေရာပြောင်းရွှေ့မှု အလျင်အမြန်ဆောင်ရွက်ကြသည်။

ထိုအချက်ဖြစ်ရပ်များက ငလျင်၏ ရှေ့ပြေးနိမိတ်ပုံရိပ်များသာဖြစ်ကြသည်။ ငလျင်ဖြစ်စဉ်ကို အတွေ့အကြုံရှိသူ သက်ကြီးရွယ်အိုပညာရှင်များထံမှ အတွေ့အကြုံကို နည်းနာနိဿျပြုအပ်ပါသည်။ အကြံဉာဏ်ရယူသင့်သည်။

ကမ္ဘာ့ငလျင်နှင့် ဆက်နွယ် ရင်ဆိုင်ကြုံတွေ့ရဖူးသော နိုင်ငံတိုင်း၏ နိုင်ငံသားတိုင်းက သူတို့ဘာသာစကားဖြင့် 'ငလျင်လှုပ်၍ လူမသေ၊ ငလျင်လှုပ်ပြီး အဆောက်အအုံပြိုကျ၍ လူသေရသည်'ဟူ၍ဖြစ်သည်။ ဤဆိုရိုးစကား၊ ဤဆောင်ပုဒ်က ငလျင်အကြောင်း ဆွေးနွေးညှိနှိုင်းကြရာတွင် ပြောစမှတ်ဖြစ်နေသော စကားလေးတစ်ခွန်းဖြစ်သည်။

ကမ္ဘာမြေထုတည်ရှိနေသမျှ မြေငလျင်က လှုပ်ရှားနေမည်သာဖြစ်သည်။ ငလျင်လှုပ်ခြင်းက မြေထုမြေသားနှင့် တိုက်ရိုက်ပတ်သက်နေရာ မြေထုမြေသားပေါ်ဆောက်လုပ်ထားသော အထပ်မြင့်အဆောင်အအုံ၊ အိုမင်းဆွေးမြေ့ အဆောက်အအုံများပြိုကျရာမှ လူသားအသက်များ ဆုံးရှုံးသေကျေကြရစမြဲဖြစ်သည်။

သို့ဖြစ်ရာ မြေထုမြေသားပေါ်တွင်တည်ရှိနေသော အဆောက်အအုံ၊ လမ်း၊ တံတားများပျက်စီးမှု လျော့နည်းအောင် အသိဉာဏ်ရှိသောလူသားတို့၏နည်းပညာများဖြင့် ကြိုတင်ကာကွယ်ရပေမည်။

ကျွမ်းကျင်သောအင်ဂျင်နီယာ၊ ဘူမိဗေဒပညာရှင်များ၏အကူအညီဖြင့် ဆောက်လုပ်ရေးဝန်ဆောင်မှု ကုမ္ပဏီအကျိုးတော်ဆောင်လူသားများက လူသားချင်းစာနာမှုအပြည့်အဝဖြင့် မိမိတာဝန်ခံ တာဝန်ယူ ဆောက်လုပ်သော အဆောက်အအုံစီမံရေး၊ မုန်တိုင်း၏ လေတိုက်ပြင်းအားခံ အဆောက်အအုံဖြစ်ရေး၊ အသုံးပြုသော ဆောက်လုပ်ရေးပစ္စည်းများ ပေမီဒေါက်မီ စံချိန်မီဖြစ်ရေး၊ အဆောက်အအုံအောက်ခံ (Foundation) ခိုင်မာရေး၊ ခေတ်မီနည်းပညာဖြင့် အောက်ခံနှင့် ပင်မဆောက်အအုံကြား ဆက်မထားဘဲ ရော်ဘာထည့်သွင်းဆောက်လုပ်ရေး၊ (Base Isolation) နည်းပညာကျင့်သုံးရေး၊ အောက်ခံသစ်သားတိုင် အင်္ဂတေတိုင်ကို အဆက်အစပ်မထားဘဲ တင်ထားရုံ အသွင်ပုံသဏ္ဌာန်ဆောက်ရေး၊ ငလျင်ဘေးတိုက်ရွေ့ပြောင်းလျှင် အဆောက်အအုံယိမ်းယိုင်မသွားဘဲ ငလျင်ဒဏ်ခံနိုင်ရေးတို့ပင်ဖြစ်သည်။

အဆိုပါအဆောက်အအုံ တည်ဆောက်နည်းကို ကမ္ဘာတစ်ဝန်းတွင် အဆောက်အအုံ ၇၀၀၀ ကျော် ကို ကြားခံပစ္စည်းအဖြစ် ရော်ဘာနှင့် ဆယ်ဖာကို မီးအပူပေး၍ မာကျောသော အချပ်လွှာကို ပါးလွှာအောင် စတီးလွှာ (Steel) ဖြင့်တပ်သော နည်းပညာသစ်ဖြင့် အသုံးပြုနေပြီဖြစ်သည်။

ကမ္ဘာ့ငလျင်ဒဏ်၏ စိန်ခေါ်မှုကို မှန်ကန်စွာ တုန့်ပြန်နိုင်ရန် မြေငလျင်ဒဏ်ခံအဆောက်အအုံများကို တည်ဆောက်ကြရာတွင် ထောက်ခံတိုင် (Column) အရေအတွက်၊ အရွယ်အစားပြည့်မီစနစ်ကျရေး၊ အဆောက် အအုံ၏ Wind Load, Seismic Load, Acceleration Unit ပြည့်မီတိကျရေးကို အဓိက ဇောင်းပေးသင့်ပါသည်။

အင်ဒိုနီးရှားငလျင်သည် ဆူနာမီမဖြစ်ခင်အချိန်က မြေအောင်းတွင်းနေပုရွက်ဆိတ်များ အမြောက်အများ ရွှေ့ပြောင်းမှုအသွင်ကို မြင်တွေ့ခဲ့ရသည်။

ကယ်လီဖိုးနီးယားဒေသတွင် ၇ ဒသမ ၆ ရစ်ချ်တာစကေးပြင်းအားငလျင်ကြောင့် လူ ၅၀ ကျော် သေဆုံးခဲ့ရသည်။ ကက်ရှမီးယားဒေသတွင် ၇ ဒသမ ၆ ရစ်ချ်တာစကေးပြင်းအား မြေငလျင်ကြောင့် လူ ၃၀၀၀ ကျော်သေဆုံးခဲ့ရသည်။

အဆိုပါငလျင်နှစ်ခု၏ ပြင်းအားရိုက်ခတ်ချက်တွင် ၇ ဒသမ ၆ ရစ်ချ်တာစကေးချင်းတူညီသော်လည်း ဖြစ်ပျက်ဖြစ်ပွားရာဒေသတွင်နေထိုင်ကြသောလူသားတို့၏ အသိဉာဏ်၊ အတွေးအခေါ်၊ ပညာဗဟုသုတ၏ အနိမ့်အမြင့် ကွာခြားမှု၊ ဆောက်လုပ်ထားသော အိုးအိမ်အဆောက်အအုံ အရည်အသွေးကွာခြားမှု၊ လူနေထူထပ်မှု၊ လူနေကျဲပါးမှု၊ သတင်းအချက်အလက် ထုတ်ပြန်ရေးနောက်ကျမှု၊ သတင်းထုတ်ပြန်မှားယွင်းမှု၊ ကယ်ဆယ်ရေး နှေးကွေးကြန့်ကြာမှု၊ လူသားချင်း အသိတရား စာနာမှုကင်းမဲ့မှုတို့၏ ဘေးထွက်ဆိုးကျိုးများက လူအသေအပျောက် ဆုံးရှုံးမှုကိန်းဂဏန်းကို ခြားနားစေပါသည်။

ကမ္ဘာ့မြေထုရပ်ဝန်း ငလျင်ရပ်ဝန်းနှစ်ခုတွင် ပစိဖိတ်မီးတောင်ရပ်ဝန်းနှင့် အယ်လ်ပိုက်ရပ်ဝန်းတို့က မြေငလျင်အတွက် အစိုးရိမ်ရဆုံးရပ်ဝန်းဖြစ်သည်။ အယ်လ်ပိုက်ရပ်ဝန်းဒေသတွင်ရှိသော ဟိမဝန္တာတောင်တန်း၊ တရုတ်၊ မြန်မာ၊ ကပ္ပလီကျွန်းစု၊ အင်ဒိုနီးရှားတို့က ငလျင်အတွက်စိုးရိမ်ကြရသည်။

မြန်မာပြည်ရှိ ရခိုင်ရိုးမ၊ နာဂတောင်တန်း၊ ချင်းတောင်တန်း၊ ပဲခူးရိုးမရှိ ကျောက်လွှာများ တည်ငြိမ်မှုမရှိခြင်းကြောင့် ပြင်းထန်သော ငလျင်ကို ဂရုစိုက်နေကြရသည်။

မြန်မာပြည်၏ ထင်ရှားသောငလျင်များတွင် ၁၉၃၀ ပြည့်နှစ် မေ ၅ ရက်က ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အတွင်း ၇ ဒသမ ၃ ရစ်ချ်တာစကေးပြင်းအားရှိ ငလျင်ဖြစ်ခဲ့ရာ လူ ၅၅၀ ဦးသေဆုံးခဲ့သည်။ ၁၉၇၅ ခုနှစ်က ပုဂံ၊ ညောင်ဦးငလျင်က အင်အား ၆ ဒသမ ၈ အဆင့် ရစ်ချ်တာစကေးဖြစ်ခဲ့သည်။ ၂၀၁၁ ခုနှစ် မတ် ၂၄ ရက် တာချီလိတ်မြို့၌ ကလေးငလျင်လှုပ်ခတ်ခဲ့ပြီး ပခုက္ကူရေဘေးသည် ၂၀၁၁ ခုနှစ် အောက်တိုဘာ ၁၉ ရက်တွင် ရခိုင်ပြည်နယ်သို့ဝင်ရောက်ခဲ့သော မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသည်။ အိမ်ခြေ ၉၅၂၃ အိမ် ရေနစ်မြုပ်ပြီး လူ ၂၉၇၅၁ ဦး အိမ်မဲ့ယာမဲ့၊ လူ ၁၆၁ ဦးသေဆုံးခဲ့သည်။

၂၀၁၂ ခု နိုဝင်ဘာ ၁၁ ရက် စစ်ကိုင်းငလျင်ကို နံနက် ၇ နာရီ ၄၂ မိနစ် ၂၇ စက္ကန့်က စစ်ကိုင်းနှင့် မန္တလေးတိုင်း ဒေသကြီးတို့တွင် စစ်ကိုင်း၊ ရွှေဘို၊ ကျောက်မြောင်း၊ ခင်ဦး၊ မန္တလေး၊ အမရပူရ၊ စဉ့်ကူး၊ ကျောက်ဆည်နှင့် သပိတ်ကျင်းမြို့နယ်တွင် ၆ ဒသမ ရစ်ချ်တာစကေးပြင်းအားငလျင်ဖြစ်ခဲ့သည်။

၂၀၁၆ ခုနှစ် ဧပြီ ၁၃ ရက် ည ၈ နာရီ ၂၈ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ တိုင်းတာတွက်ချက်မှုအရ ကလေးမြို့အရှေ့တောင်ဘက် ၄၂ မိုင်အကွာ မန္တလေးမြို့ အနောက်မြောက်ဘက် ၁၁၂ မိုင်တွင် ဗဟိုပြု၍ ၆ ဒသမ ၈ ရစ်ချ်တာစကေးဖြင့် မြေငလျင်လှုပ်ခတ်ခဲ့ရာ ဆားလင်းကြီး၊ ကနီ၊ မင်းကင်း၊ မုံရွာ၊ ချောင်းဦးမြို့နယ်များတွင် ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရသည်။

ရန်ကုန်မြို့ ကမ္ဘာအေးမြေငလျင်ဌာန၏ လမ်းညွှန်မှတ်တမ်းအရ စစ်ကိုင်း၊ မန္တလေး၊ အမရပူရ၊ ပဲခူး၊ ဖြူးတို့တွင် အမြင့်ဆုံးအဆင့် ၁၀ ရစ်ချ်တာစကေး၊ တောင်ကြီး၊ လားရှိုး၊ ဗန်းမော်၊ မြစ်ကြီးနား၊ စစ်တွေ၊ ကျောက်ဖြူ၊ မော်လိုက်၊ ကလေးဝ၊ တောင်ငူ၊ ပြည်၊ သရက်တို့တွင် ၉ ရစ်ချ်တာစကေး၊ ပျဉ်းမနား၊ ရမည်းသင်း၊ မကွေး၊ မုံရွာ၊ မော်ချီး၊ လွိုင်ကော်၊ ရန်ကုန်၊ ပုသိမ်တို့တွင် ၈ ရစ်ချ်တာစကေး၊ မိတ္ထီလာ၊ ပခုက္ကူ၊ ချောက်တို့တွင် ၇ ရစ်ချ်တာစကေး၊ မော်လမြိုင်၊ ထားဝယ်၊ မြိတ်တို့တွင် ၆ ရစ်ချ်တာစကေးတို့ဖြစ်ကြောင်းသိရသည်။

ငလျင်၏ သဘောသဘာဝက ငလျင်ကြီးမလှုပ်မီ အကြိုငလျင်နှင့် နောက်ဆက်တွဲငလျင်များများ တစ်ဆက်တည်းဖြစ်ပေါ်လာရသည်။ ၁၉၇၀ ပြည့်နှစ် စက်တင်ဘာ ၉ ရက်က ရန်ကုန်မြို့တွင် ငလျင်ကြီးလှုပ်စဉ်က အကြိုငလျင် ၂၅ ကြိမ်နှင့် နောက်ဆက်တွဲငလျင် အကြိမ် ၅၀ လှုပ်ခတ်ခဲ့သည်။

ကမ္ဘာ့နိုင်ငံကြီးများဖြစ်သော ဂျပန်၊ အိန္ဒိယ၊ အီကွေဒေါ၊ မြန်မာတို့တွင် ၂၀၁၆ ခုနှစ်၊ ဧပြီလအတွင်း ကိုင်လှုပ်လိုက်သော သဘာဝ၏ စိန်ခေါ်မှု ငလျင်လှုပ်ခတ်မှုသတင်းများနှင့် ရုပ်မြင်သံကြား၊ စကိုင်းနက် သတင်းများက ကမ္ဘာသူကမ္ဘာသားများကို အိပ်ပျော်နေရာမှ လှုပ်နိုးလိုက်သည်။ စာမျက်နှာ ၁၇ သို့

# ငလျင်ဘေးဒဏ်နှင့်ကမ္ဘာ့လူသား . . .

စာမျက်နှာ ၁၆ မှ

နိုင်ငံအချို့တွင် ဖြစ်ပျက်လိုက်သော တိုက်တာ၊ အိုးအိမ်၊ အဆောက်အအုံများပျက်စီးမှု၊ လူသေကြေမှုများက ရင်နာစဖွယ် အနိဋ္ဌာရုံမြင်ကွင်းအဖြစ် ဆွေးမြည့်ပူလောင်ခံစားကြရသည်။

မြေငလျင်၏ သဘောသဘာဝသည် ကြိုတင်ခန့်မှန်းပြီး ရင်ဆိုင်ရသောအရာမဟုတ်။ မမျှော်လင့်သောအချိန်၊ မမျှော်လင့်သောနေရာတွင်၊ မမျှော်မှန်းနိုင်သောဖြစ်ရပ် ဖြစ်ပုံ အလုံးစုံကို မြင်ကြရ၊ ကြုံကြရသည်ချည်းသာဖြစ်သည်။

ကမ္ဘာ့မြေငလျင်ပညာရှင်၊ ဘူမိဗေဒအတတ်ပညာရှင်များက မြေငလျင်သည် 'ကမ္ဘာမြေကြီးအောက်ရှိ ကျောက်သား၊ ကျောက်ထု၊ ကျောက်လွှာတို့ ရုတ်တရက်ရွေ့လျားမှုကြောင့်ဖြစ်ပေါ်လာသော မြေသားများ ပြင်းထန်စွာတုန်ခါခြင်းဟူ၍ အနက်ဖွင့်ဆိုသည်။

ငလျင်သည် မြေအောက်ကျောက်လွှာများ လှုပ်ရှားမှုကြောင့် အများဆုံးဖြစ်ပွားသည်။ ဂျပန်၊ ပီရူးနိုင်ငံတွင် မီးတောင်မှ ချော်ရည်များထွက်သည်။ အမိမြန်မာပြည်သည် အာရှဒေသ ဟိမဝန္တာတောင်တန်းရှိ ငလျင်ရပ်ဝန်းကြောင့် ကချင်ပြည်နယ် ပူတာအိုဒေသ၊ ဧရာဝတီမြစ်ကြောင်းမှ စစ်တောင်းမြစ်ဝှမ်းတစ်လျှောက်၊ မုတ္တမပင်လယ်ကွေ့အထိ ပြတ်ရွေ့ကြောရှိသည်။ ပြင်ဦးလွင်၊ တောင်ကြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ် ငလျင်ပြတ်ကြောတို့က မြေသားထုကို တုန်လှုပ်နိုင်စွမ်းသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး ငလျင်ရပ်ဝန်းဒေသတွင် ကွန်ကရစ်အုတ်ခံအဆောက်အအုံ၊ ထပ်နိမ့်အုတ်တိုက်များဆောက်လုပ်၍ ငလျင်ဒဏ်ကို ကြိုတင်ကာကွယ်သင့်သည်။ အထပ်မြင့်ထက် အထပ်နိမ့်အဆောက်အအုံများသာ ဆောက်လုပ်သင့်ပါသည်။

မြေငလျင်ဒဏ်ကျရောက်လျှင် ရေဖိအားများမြင့်တက်ပြီး မြေပြင်မှ ရေများ၊ သဲများ ပန်းထွက်ပြီး လူကိုဒုက္ခပေးနိုင်သည်။ မည်သည့်အချိန်တွင်ဖြစ်ပေါ်လာမည်ကို ကြိုတင်မသိနိုင်သောကြောင့် ပင်လယ် ဒီလှိုင်း ဆူနာမိကျရောက်တတ်သည့်ဒေသ၊ မြေသားမခိုင်မာသည့်နေရာများတွင် အဆောက်အအုံများကို နိမ့်နိမ့် ဆောက်လုပ်ခြင်းဖြင့်သာ ကြိုတင်ကာကွယ်သင့်သည်။

ငလျင်လှုပ်လျှင် စိတ်ကိုငြိမ်သက်စွာထားပါ။ အမြင့်မှ ပြုတ်ကျနိုင်သောပစ္စည်း၊ ကွဲနိုင်သောပစ္စည်းများကို မြေနိမ့်သို့ချပါ။ မြေငလျင်လှုပ်လျှင် ခုတင်၊ စားပွဲခုံအောက်ဝင်၍ အကာအကွယ်ပြုပါ။ အိမ်ပြင်မထွက်ရ။ အိပ်ရာထဲတွင် ခေါင်းကို ခေါင်းအုံးအောက်ထား၍ကာကွယ်ပါ။ အထပ်မြင့်တိုက်တွင်နေပါက ပြတင်းပေါက်ဝရံတာနှင့်ဝေးစွာနေပါ။ မြေညီထပ်တွင်ရောက်နေပါက အိမ်အပြင်သို့ထွက်ပါ။ အိမ်အမြင့်မှဆင်းပါက ရိုးရိုးလှေကားဖြင့်သာဆင်းပါ။ ဓာတ်လှေကားဖြင့် ဆင်း၍ လျှပ်စစ်မီးပြတ်တောက်ပါက ဒုက္ခရောက်နိုင်သဖြင့် ဓာတ်လှေကားကိုအသုံးမပြုပါနှင့်။ သစ်ပင်၊ လျှပ်စစ်မီးတိုင်၊ ဓာတ်ကြိုးတို့နှင့် ဝေးသောနေရာတွင်နေပါ။ မော်တော်ယာဉ်၊ မော်တော်ကားပေါ်တွင် ရောက်ရှိနေပါက ကားအရှိန်ကိုလျှော့ပြီး ဘေးလွတ်ရာသို့ မောင်းပါ။





### ငလျင်မလှုပ်မီ ကြိုတင်ပြင်ဆင်ရေး

မိမိအိမ်တွင်း နံရံမျက်နှာကြက်များတွင် ကပ်၍ရိုက်၊ ကပ်၍ထောင်၊ ကပ်၍ချိတ်ဆွဲထားသော အရာဝတ္ထုများကို ပိုမိုခိုင်မြဲအောင်ပြုလုပ်ထားရမည်။ အိမ်တွင်း၊ အိမ်ပြင် အန္တရာယ်ကင်းနိုင်သောနေရာများကို သတိပြုမှတ်သားထားရမည်။ မိသားစုအတွင်း ငလျင်တိမ်းရှောင်ရေး ပညာပေးဆွေးနွေးပြီး ဇာတ်တိုက်ထားရမည်။ အမြဲတမ်းအသုံးအဆောင် လက်နှိပ်ဓာတ်မီး၊ မိုဘိုင်းလ်ဖုန်း၊ ရှေးဦးသူနာပြုဆေးသေတ္တာများ၊ အရေးကြီး စာရွက်၊ စာတမ်းများ၊ စာချုပ်များကို ဂရုပြုထားရှိရမည်။

### ငလျင်လှုပ်နေစဉ် အန္တရာယ်ကင်းရေး

ဘေးကင်းသောနေရာ၌ နေရာယူနိုင်ရေး၊ ဘေးမကျရောက်နိုင်သည့်နေရာသို့ ဖြည်းဖြည်းချင်း ပြောင်းရွှေ့နိုင်ရေး၊ အိမ်အတွင်းနေစဉ် မြေငလျင်လှုပ်ပါက အပေါ်မှကျလာမည့်အရာကိုကြည့်ရှုပြီး ကျစရာမရှိပါက နေမြဲနေရာ၌နေထိုင်ရေး၊ လျှပ်စစ်မီးဖြတ်တောက်မည် ကြိုတင်သိရှိပြီး ဓာတ်လှေကားကိုအသုံးမပြုရေး၊ ရိုးရိုး လှေကားမှသာဆင်းရေး၊ ကယ်ဆယ်ရေးသမားကိုသတင်းပို့ရေးတို့ကို ဦးစားပေးဆောင်ရွက်ရမည်။

### ငလျင်လှုပ်ပြီးနောက် လုပ်ဆောင်ရေး

ငလျပ်လှုပ်ပါက အလတ်စား ငလျင်၊ နောက်ဆက်တွဲငလျင်ငယ်များ လှုပ်ခတ်လာနိုင်သည်။ ငလျင်လှုပ်ခါပြီးနောက် နာရီပိုင်း၊ ရက်ပိုင်း၊ သီတင်းပတ်ပိုင်း အချိန်တိုကာလအတွင်း ငလျင်တစ်ကျော့ပြန်လာနိုင်၍ သွားလာနေထိုင်မှုကို အထူးဂရုပြုကြရပါမည်။ အဆောက်အအုံများပျက်စီးရာနေရာနှင့် ဝေးဝေးနေပါ။ အုပ်ချုပ်ရေးအဖွဲ့အစည်း၊ ကယ်ဆယ်ရေးစခန်း၏ခွင့်ပြုချက်ရပါမှ မိခင်နေရာအိမ်သို့ပြန်ပါ။ မိမိအိုးအိမ်သို့ရောက်ပါက ပစ္စည်းများကိုစိစစ်၍ဖွင့်ပါ။ ပစ္စည်းများထွက်ကျလာနိုင်သည်။ မီးလောင်နိုင်သောနေရာ၊ လျှပ်စစ်ပစ္စည်းများ၊ ဓာတ်ဆီ၊ ဓာတ်ငွေ့ပိုက်လိုင်း၊ ဂက်စ်မီးဖို၊ ရေခဲသေတ္တာတို့ကို စိစစ်ပါ။ မသင်္ကာဖွယ်ရာတွေ့က သက်ဆိုင်ရာဌာနသို့ ချက်ခြင်း အကြောင်းကြားသတင်းပို့ပါ။ ကြောက်စရာအကောင်းဆုံး မြေငလျင်ဒဏ်ကို ကြုံတွေ့တိုင်း မိမိတို့တစ်ဦးချင်းစီက သက်လုံကောင်းရန်ကြိုးစားရပါမည်။

ဂျပန်နိုင်ငံတွင်လှုပ်ခတ်သွားသော အင်းအားပြင်းမြေငလျင်ကြီးနှစ်ခုကြောင့် သေဆုံးသူ ၄၄ ဦး ဖြစ်ကြောင်း၊ ထိခိုက်ပျက်စီးအဆောက်အအုံများကို ဂျပန်အာဏာပိုင်များက ပြန်လည်ပြုပြင်ရန်ကြိုးပမ်းနေကြောင်း China Xinhua News သတင်းဌာနကဆိုသည်။ အင်အားရိုက်ချက် ၆ ဒသမ ၅ နှင့် ၇ ဒသမ ၃ ပြင်းအားရှိ ငလျင်နှစ်ခုဖြစ်ပြီး နောက်ဆက်တွဲငလျင်ငယ် ၃၀၀ ခန့် လှုပ်ခတ်သွားကြောင်း သိရသည်။

တောင်အမေရိကတိုက် အနောက်ဘက်ကမ်းခြေ အီကွေဒေါနိုင်ငံတွင် ဧပြီ ၁၆ ရက်က ဒေသစံတော်ချိန် ည ၆ နာရီ ၅၈ မိနစ်က အီကွေဒေါနိုင်ငံတွင် ၇ ဒသမ ၈ အဆင့်ရှိ မြေငလျင်လှုပ်ခတ်ခဲ့ရာ ၅၈၇ ဦးသေဆုံးပြီး လူပေါင်း ၄၀၂၇ ကျော် ထိခိုက်ဒဏ်ရာရရှိကာ လူ ၂၀၅၀၃ ဦးကျော် အိုးမဲ့အိမ်မဲ့ဖြစ်ပြီး အဆောက်အအုံ ၈၀၅ လုံး ပျက်စီးဆုံးရှုံးခဲ့ရသည်။

တောင်အာရှဒေသကို ခြိမ်းခြောက်နေသော ငလျင်ဘေးက ၂၀၁၆ ခုနှစ်အတွင်းတွင် ငလျင်ကြီး ခြောက်ကြိမ်ရိုက်ခတ်သည်။ အိန္ဒိယ၊ နီပေါ၊ တရုတ်နှင့် မြန်မာနိုင်ငံသို့ ဂယက်ရိုက်သွားသည်။ ဂျပန်နိုင်ငံတွင် လူ ၄၀ ကျော်သေဆုံးပြီး ၂၀၀ ခန့် ပြင်းထန်ဒဏ်ရာရရှိသည်။ ၂၀၀၀ ကျော် ဆေးကုသမှုခံယူရသည်။ ဇန်နဝါရီ ၃ ရက်က အိန္ဒိယနိုင်ငံတွင် လှုပ်ခတ်သွားသော အင်အား ၆ ဒသမ ၇ ရစ်ချ်တာစကေးအဆင့်ရှိငလျင်သည် လူ ၁၁ ဦး၏ အသက်ကိုနှုတ်ယူခဲ့ပြီး လူ ၂၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

၂၀၁၆ ခုနှစ်အတွင်း ကမ္ဘာနှင့်အဝန်းတွင် အင်အား ၇ မှ ၇ ဒသမ ၉ ရစ်ချ်တာစကေးအတွင်းရှိငလျင် ငါး ကြိမ် ဖြစ်ပွားခဲ့ပြီး အင်အား ၆ မှ ၆ ဒသမ ၉ ရစ်ချ်တာစကေး အဆင့်ရှိငလျင် ၃၉ ကြိမ်တိတိဖြစ်ပွားခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံတွင် မတ် ၂ ရက်က အင်အား ၇ ဒသမ ၈ ရစ်ချ်တာစကေးအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ပြီး ဇန်နဝါရီ ၃၀ ရက်က ရုရှားနိုင်ငံတွင် အင်အား ၇ ဒသမ ၁ ရစ်ချ်တာစကေးအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့သည်။ မတ် ၂ ရက်ကလည်း အင်ဒိုနီးရှားနိုင်ငံတွင် အင်အား ၇ ဒသမ ၈ ရစ်ချ်တာစကေးအဆင့်ရှိ မြေငလျင်လှုပ်ခတ်ခဲ့ပြီး ဧပြီ ၁၅ ရက်က ဂျပန်နိုင်ငံတွင် အင်အား ၇ ရစ်ချ်တာစကေးအဆင့်ရှိ မြေငလျင်လှုပ်ခတ်ခဲ့ရာ လူ ၃၉ ဦးသေဆုံးခဲ့သည်။ ဧပြီ ၁၆ ရက်တွင်လှုပ်ခတ်ခဲ့သော အီကွေဒေါနိုင်ငံငလျင်သည် အင်အား ၇ ဒသမ ၈ ရစ်ချ်တာစကေးအဆင့်ရှိပြီး လူ ၅၈၇ ဦးထိ သေဆုံးမှုရှိသွားပြီဖြစ်ပြီး ထိခိုက်ဒဏ်ရာရသူ ၂၅၂၇ ဦးရှိသွားပြီဖြစ်သည်။

၂၀၁၁ ခုနှစ်က ဟိမဝန္တာငလျင်ပြတ်ရွေ့ပြီး ပြန်လည်အင်အားပြည့်ဖြိုးနလံထလာခြင်းကို ညွှန်းဆိုကြသည်။ ငလျင်ပညာရှင်များက အင်အား ၈ မဂ္ဂနီကျူထက် ပိုမိုပြင်းထန်သော ငလျင်လေးခု ဟိမဝန္တာ ကျောက်ချပ်လွှာကြီးနှင့် အင်ဟိုဗမာကျောက်ချပ်လွှာကြီးတို့ကြား ပွတ်တိုက်မှုမြင့်မားခြင်းကြောင့် တောင်အာရှဒေသတစ်ခုလုံးကို ငလျင်ကျရောက်နိုင်ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံသည် ငလျင်ကို အထူးပိုမို ဂရုစိုက်ရမည့်နှစ်ဖြစ်ကြောင်း ပညာရှင်သုတေသီတို့ကညွှန်းဆိုကြသည်။

တောင်အာရှဒေသကို အလွန်ပြင်းထန်သောငလျင် ရိုက်ခတ်မည်ဟူ၍သိပ္ပံပညာရှင်များက ခန့်မှန်းထားသည်။ ၂၀၁၅ ခုနှစ် ဧပြီ ၂၅ ရက်ကလှုပ်ခတ်ခဲ့သော အင်အား ၇ ဒသမ ၈ ရစ်ချ်တာစကေးအဆင့်ရှိ နီပေါငလျင်က လူစုစုပေါင်း ၈၈၅၇ ဦးသေဆုံးခဲ့ရပြီး လူ ၂၃,၀၀၀ ကျော်ထိခိုက်ဒဏ်ရာရခဲ့သည်။

ငလျင်လှုပ်ခတ်မှုကြောင့် ကမ္ဘာကြီးကို တုန်လှုပ်စေနိုင်သောသတင်းများက မီဒီယာကဏ္ဍမျိုးစုံတွင် မြင်ကြ၊ ကြားကြ၊ နားဆင်နေကြရသည်။

ပစိဖိတ်ကမ်းရိုးတန်းပေါ်ရှိ အီကွေဒေါနိုင်ငံကို ဗဟိုပြု၍ ၂၀၁၆ ခုနှစ် ဧပြီ ၁၆ ရက်က ပြင်းအား ၇ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ရာ လူ ၅၈၇ ဦး သေဆုံးခဲ့ပြီး ၂၅၂၇ ဦး ထိခိုက်ဒဏ်ရာရရှိကာ လူပေါင်း ၂၅၀၀၀ ကျော် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရသော သတင်း။

ဂျပန်ငလျင်သည် ငလျင်လှုပ်ခြင်းနှင့် မီးတောင်ပေါက်ကွဲခြင်း သဘာဝဘေးအန္တရာယ်ကို အများဆုံး ရင်ဆိုင်နေရသော ကျွန်းစုနိုင်ငံဖြစ်သောသတင်း။

ဂျပန်နိုင်ငံ ကူမာမိုတိုစီရင်စုတွင် အင်အား ၇ ရစ်ချ်တာစကေးအဆင့်ရှိငလျင်လှုပ်ခတ်ခဲ့ပြီး ငလျင်ဒုက္ခသည် ၁၈၀၀၀၀ ဦးအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးရာတွင် နှောင့်နှေးကြန့်ကြာမှုမဖြစ်စေရန် အမေရိကန်ပို့ဆောင်ရေးကူညီထောက်ပံ့မှုကို ဂျပန်နိုင်ငံအနေဖြင့် လက်ခံရရှိရန်သဘောတူကြောင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက မီဒီယာသို့ ၂၀၁၆ ဧပြီ ၁၇ ရက်က ပြောကြားခဲ့သောသတင်း။

၂၀၁၆ ခုနှစ် ဧပြီ ၁၇ ရက်က အီကွေဒေါနိုင်ငံတွင် ဆယ်စုနှစ်များအတွင်း အင်အားအပြင်းဆုံး မြေငလျင်ကြောင့် သေဆုံးသူ ၅၈၇ ဦး ဖြစ်လာသည်။ အီကွေဒေါကမ်းရိုးတန်း၏ ၁၅ ကီလိုမီတာအကွာ ပိုးတိုင်ဂျိုမြို့ ငလျင်ကြောင့် အကျဉ်းထောင်နံရံပြိုကျကာ အကျဉ်းသား ၁၀၉ ဦးလွတ်မြောက်သွားသောသတင်း။

အိန္ဒိယနိုင်ငံ နယူးဒေလီတောင်ပိုင်း ပြည်နယ်များဖြစ်သော တီလန်ဂန်နာနှင့် အန်ဒရာပရာဒေ့ရှ် ပြည်နယ်များတွင် ဧပြီ ၁၀ ရက်က အပူလှိုင်းကြောင့် လူ ၁၁၁ ဦးသေဆုံးမှုဖြစ်ရာ အပူချိန်မှာ ၄၅ ဒီဂရီဆဲလ်စီးရပ်စ် ဖြစ်သည်။ အပူလှိုင်းဖြတ်ပြီး အပူရှပ်မှုကြောင့် တီလန်ဂန်နာပြည်နယ်တွင် လူ ၆၆ ဦးသေဆုံးပြီး အန်ဒရာပရာဒေ့ရှ်တွင် လူ ၄၅ သေဆုံးကာ ယခင်စံချိန်တင်အပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ် ပိုသောသတင်း။

၂၀၁၆ ခုနှစ် ဧပြီ ၃ ရက်က ကက်ရှ်မီးယားအရှေ့မြောက်ပိုင်းဒေသများနှင့် ခိုင်ဘာပက်ခ်ဘွန်ခွါ (ကေပီပီ)ပြည်နယ် အနောက်မြောက်ပိုင်း ပါကစ္စတန်မြောက်ဘက် ဂယ်ဂစ်ဘယ်လ်တစ်စတန်ဒေသများတွင်လည်း မိုးရွာသွန်းမှုကြောင့် လူ ၄၉ ဦးသေဆုံးပြီး အမြောက်အများ ဒဏ်ရာရရှိသောတင်း။

မန္တလေးမြို့တွင် ၂၀၁၆ ခုနှစ် ဧပြီ ည ၈ နာရီ ၂၈ မိနစ်အချိန်ခန့်က မန္တလေးမြေငလျင်စခန်းမှ အနောက်ဘက် ၁၁၂ မိုင်ခန့်အကွာ ကလေးမြို့အရှေ့တောင်ဘက် ၄၂ မိုင်ကိုဗဟိုပြု၍ အင်အား ၆ ဒသမ ၈ ရစ်ချ်တာစကေး မြေငလျင်လှုပ်ခတ်ခဲ့သည်။ ဘုရားစေတီတော်များ ယိုင်နဲ့ခြင်း၊ စိန်ဖူးတော်မြေခြင်း၊ ဖောင်းရစ်တော် အက်ကွဲပြီး အဆောက် အအုံအချို့ ပျက်စီးခြင်းများ ကြုံတွေ့ရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကနီ၊ ရွှေဘို၊ ဆားလင်းကြီး၊ မုံရွာတို့တွင် သာသနိက အဆောက်အအုံများ ပျက်စီးရသည်။ ချင်းပြည်နယ် တွန်းဇံ၊ တွီလွီချောင်းဖျား၊ ရာဇဂြိုဟ်၊ ကလေးတို့တွင် မြေပြိုခဲ့ရသည်။

ငလျင်ဘေးကြုံတွေ့ရင်ဆိုင်ရလျှင် သတင်းဦး သတင်းထူးကို ပြည်သူထဲသို့ အမြန်ဆုံးသတင်းပေးဖို့လိုအပ်ပါသည်။ ရုပ်မြင်သံကြား၊ ရေဒီယို၊ ကြေးနန်း၊ အင်တာနက်၊ တယ်လီဖုန်းနှင့် ဖေ့စ်ဘုတ်တို့မှတစ်ဆင့် အမြန်ဆုံးသတင်းပေးပို့ကြရပါမည်။

ရေကြီးရေလျှံမှု၊ မိုးကြိုးဘေး၊ မုန်တိုင်းအန္တရာယ်တို့မှရရှိသော သဘာဝသင်ခန်းစာများကိုအခြေခံ၍ အတွေ့အကြုံရယူပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများကို လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုရေးအသင်းအဖွဲ့တို့ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။ အားလုံးက တာဝန်ရှိသည် ဟူသောအသိစိတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။ အားလုံးက တာဝန်ရှိသည်ဟူသော အသိစိတ်ဖြင့် ဝိုင်းဝန်းကြရပါမည်။

မိမိတို့ဒေသတွင် လုပ်ဆောင်နိုင်သည်များကို ပူးပေါင်းလုပ်ဆောင်ကြပြီး မနိုင်သောလုပ်ငန်းကိစ္စရပ်များကို ပြည်ထောင်စုအဆင့်သို့ တင်ပြဆောင်ရွက်ကြရပါမည်။

ငလျင်ဘေးဒဏ်နှင့် ကမ္ဘာ့လူသား၊ ကမ္ဘာ့လူသားနှင့် ငလျင်တို့က ခွဲမရနိုင်သော အတွဲလေးများသာ ဖြစ်သည်။

လူသားသည် မြေကြီးနှင့်ကင်းကွာ၍ ဘဝကိုတည်ဆောက်၍မရပါ။ မြေကြီးနှင့်မကင်းနိုင်သရွေ့ ငလျင်နှင့်တွေ့ကြုံရင်ဆိုင်ကြရမည်သာဖြစ်သည်။ မြေကြီးနှင့်နွှယ်ယှက်နေသော မြေငလျင်ဒဏ်ကို ကြိုတင်ကာကွယ်ရန် နည်းလမ်းမရှိသေးသော်လည်း လူသားတိုင်းက မြေကြီးမှ သဘာဝပေးလက်ဆောင်ကောင်းတစ်ခုအနေဖြင့် ထိုက်ထိုက်တန်တန် ခံယူပိုက်ထွေးပြီး အကောင်းဆုံးထဲက အကောင်းဆုံးအရာများကို ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုက်ရပါသည်။

# ပဲခူးတိုင်းဒေသကြီးအတွင်း စားသောက်ဆိုင်များနှင့် ဖျော်ဖြေရေးလုပ်ငန်းများ အခွန်ထမ်းမှု အားနည်းနေ

**ပဲခူး မေ ၂၈**

ပဲခူးတိုင်းဒေသကြီးအတွင်း စားသောက်ဆိုင်လုပ်ငန်းများအပါအဝင် ဖျော်ဖြေရေးလုပ်ငန်းများရှိသော်လည်း နိုင်ငံတော်သို့ အခွန်ထမ်းဆောင်ရာ၌ နိုင်ငံတော်မှရသင့်ရထိုက်သော အခွန်ဝင်ငွေများ နစ်နာဆုံးရှုံးမှုများစွာ ရှိနေသည်။

ပဲခူးမြို့ပေါ်နှင့် ပတ်ဝန်းကျင်ဒေသများ၌ စားသောက်ဆိုင်များအပါအဝင် ဖျော်ဖြေရေးလုပ်ငန်းများဖြစ်သော KTV နှင့် အနှိပ်ခန်းများစွာရှိနေသော်လည်း နိုင်ငံတော်သို့ တရားဝင်အခွန်ထမ်းဆောင်ရာတွင် တိတိကျကျလိုက်နာမှု မရှိကြောင်း သိရသည်။

စားသောက်ဆိုင်လုပ်ငန်းနှင့်ပတ်သက်၍ လုပ်ငန်းရှင်မှ ယစ်မျိုးလိုင်စင်ရယူပြီး သတ်မှတ်အခွန်ငွေအဆင့်ဆင့်ဆောင်ပြီး လုပ်ငန်းလိုင်စင်ရယူဆိုင်ဖွင့်ကြသည်။ စားသောက်သူများမှလည်း စားသောက်ခွန်ပေးဆောင်ကြရမည်ဖြစ်သည်။ စားသောက်ဆိုင်များအား အခွန်တံဆိပ်ခေါင်းကပ်နှိပ်ပြီး ကျသင့်ငွေကို အခွန်ဌာနမှ ကောက်ခံစေသော်လည်း စားသောက်ဆိုင်များဘက်မှ ပူးပေါင်းပါဝင်ဆောင်ရွက်ရာတွင် အားနည်းလျက်ရှိရာ နိုင်ငံတော်အခွန်ငွေ နစ်နာဆုံးရှုံးမှုများစွာ ရှိနေသည်။

လိုင်စင်ကြေးမသွင်း၊ အခွန်မဆောင်၊ နားလည်မှုယူထားပြီး လိုင်စင်မရှိသောစားသောက်ဆိုင်များလည်း ရှိပေသည်။ ပဲခူးတိုင်းဒေသကြီးတစ်တိုင်းလုံးဆိုလျှင် နားလည်မှုယူထားသော စားသောက်ဆိုင်ပေါင်းမြောက်မြားစွာရှိနိုင်ပေသည်။ စားသောက်ဆိုင်များ တရားဝင်အခွန်ထမ်းစေပြီး စားသောက်သူများထံမှ အမှန်တကယ်စားသောက်ခွန်များ တံဆိပ်ခေါင်းကပ်ပြီး ကောက်ခံရပါက တစ်နေ့တစ်နေ့ အခွန်ဝင်ငွေ သန်းနှင့်ချီပြီး ဝင်ငွေရနိုင်သဖြင့် နိုင်ငံတော်အတွက် များစွာဝင်ငွေရရှိနိုင်မည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးများ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ပဲခူးမြို့ပေါ်ရှိ ဖျော်ဖြေရေးလုပ်ငန်းများ ဆယ်ဂဏန်းအထက်ရှိသည်။ ၎င်းဖျော်ဖြေရေးလုပ်ငန်းများတွင်လည်း အရက်၊ ဘီယာများ ရောင်းချနေပြီး တရားဝင်ယစ်မျိုးလိုင်စင်လျှောက်ထားသောဆိုင်အနည်းအငယ်သာရှိကြောင်း စုံစမ်းသိရှိရသည်။

ဖျော်ဖြေရေးလုပ်ငန်းများ တရားဝင်လိုင်စင်အမှန်ရယူထားပြီးဖြစ်သည်ဟုဆိုကြသော်လည်း ဥပဒေလက်တစ်လုံးခြားမျိုးမဖြစ်အောင် တရားဥပဒေနှင့်ညီညွတ်စေရန် ဥပဒေဘောင်အတွင်း ဖွင့်လှစ်ရောင်းချရန်ခွင့်ပြုမိန့်ပေးရာတွင် တိုင်းဒေသကြီးအစိုးရမှ ကြပ်ကြပ်မတ်မတ်သတိထားစောင့်ကြည့်သင့်သည်။ ဥပဒေနှင့်မညီလျှင် ပြတ်ပြတ်သားသား အရေးယူပြီး တရားဥပဒေစိုးမိုးရေးအနေဖြင့် စံပြလုပ်ဆောင်သင့်ပေသည်။

ပဲခူးမြို့ ဥဿာမြို့သစ်အမှတ်(၃)ရဲစခန်းအနီးပတ်ဝန်းကျင်တွင် ယနေ့အထိ ဖျော်ဖြေရေးလုပ်ငန်းများ လေးခုထက်မနည်း လုပ်ကိုင်လာသည်မှာ ဆယ်စုနှစ်မကရှိနေရာ မြို့ခံအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်နေပြည်သူများမှ နိုင်ငံတော်ဝင်ငွေများ အမှန်တကယ်ရရှိခြင်းရှိ-မရှိ မေးခွန်းထုတ်လျက်ရှိနေသည်။ ပဲခူးမြို့ ဥဿာမြို့သစ်ရှိ မြို့တော်ခန်းမအား ဖျော်ဖြေရေးလုပ်ငန်းဖြစ်သော KTV နှင့် အနှိပ်ခန်းအား ခွင့်ပြုငှားရမ်းထားရာ တစ်နှစ်ဝင်ငွေမည်မျှရရှိသည်ကို ဒေသခံများက ပွင့်လင်းမြင်သာစွာ သိရှိလိုကြသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း စားသောက်ဆိုင်လုပ်ငန်းများနှင့် ဖျော်ဖြေရေးလုပ်ငန်းများအား သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအနေဖြင့် ထိန်းသိမ်းကြပ်မတ်၍ တည်ဆဲဥပဒေများထုတ်ပြန်ပြီး လုပ်ငန်းရှင်များအား ပညာပေးခြင်း၊ ဆွေးနွေးညှိနှိုင်းမှုများဆောင်ရွက်ခြင်းဖြင့် အခွန်ရယူရမည်ဖြစ်သည်။ အခွန်ထမ်းဆောင်လိုသော ယဉ်ကျေးမှုထွန်းကားမှသာ ရသင့်ရထိုက်သောအခွန်ငွေများ တိုင်းပြည်ဘဏ္ဍာထဲသို့ စီးဝင်မည်ဖြစ်သည်။

(၄၂၈)

# ကျွန်းလှတွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အချို့နှင့် လျှပ်စစ်မီးတိုင်များကျိုးကျ

**ကျွန်းလှ မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်အနောက်ဘက် လိပ်စင်းတောင်ကျေးရွာနှင့်အနီးတွင် မေ ၂၅ ရက် ညနေ ၅ နာရီမှ ၅ နာရီ မိနစ် ၂၀ အထိ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အချို့ နှင့် လျှပ်စစ်ကွန်ကရစ်တိုင်များ ကျိုးပဲ့ပျက်စီးသွားခဲ့ကြောင်း သိရသည်။

ယင်းသို့ လေပြင်းတိုက်ခတ်မှုကြောင့် လိပ်စင်းတောင်ကျေးရွာစေတီတစ်ဆူ ထီးတော်ပြုတ်ခြင်း၊ ဘုန်းတော်ကြီးကျောင်း၊ ဓမ္မာရုံ၊ လူနေအိမ် ၁၈ လုံး၊ လျှပ်စစ်ဓာတ်အားခွဲရုံ၊ မြဝတီထပ်ဆင့်လွှင့်ရုံ၊ သရက်ပင်ကျေးရွာတွင် နေအိမ်နှစ်လုံး၊ ဖာလောကျေးရွာတွင် နေအိမ်တစ်လုံး၊ ခပေါင်းရုံကျေးရွာတွင် နေအိမ်တစ်လုံးနှင့် လိပ်စင်းတောင်-ဖာလောကျေးရွာကြားရှိ 33KVA ကွန်ကရစ် တိုင် ၁၉ လုံးတို့ ကျိုးပဲ့ပျက်စီး၍ စုစုပေါင်းငွေကျပ် ၅၅ သိန်းခန့် ဆုံးရှုံးသွားပြီး အမျိုးသမီးနှစ်ဦး ဒဏ်ရာရရှိသော်လည်း စိုးရိမ်စရာမရှိကြောင်း သိရသည်။

အဆိုပါပျက်စီးမှုအခြေအနေအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးသန်းလွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ခန့်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးလှိုင်ဦး၊တာဝန်ရှိသူတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ **မျိုးဝင်းညို(ကျွန်းလှ)**



# စားသုံးသူပြည်သူများ အန္တရာယ်ကင်းဝေးစေရေး သတိပြုရမည့်အချက်များ အသိပညာပေး

**သုံးခွ မေ ၂၈**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အောင်ဘုံသာကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ စားသုံးသူပြည်သူများ အန္တရာယ်ကင်းဝေးစေရေးအတွက် သတိပြုလိုက်နာဆောင်ရွက်ရမည့်အချက်များ အသိပညာပေးခြင်းလုပ်ငန်းကို မေ ၂၆ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

အသိပညာပေးပွဲ၌ သုံးခွမြို့နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးက ပြည်သူများအနေဖြင့် စားသုံးသူဆိုင်ရာ အခွင့်အရေးများအား အပြည့်အဝရရှိခံစားနိုင်စေရန်နှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာ ပညာရပ်များအား ကျယ်ကျယ်ပြန့်ပြန့်ရရှိလာရန် ယခုကဲ့သို့ လာရောက်အသိပညာပေးခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး ရန်ကုန်မြို့မှထုတ်ဝေသော 'စားသုံးသူပြည်သူများ အန္တရာယ်ကင်းစေဖို့ သတိပြုလိုက်နာဆောင်ရွက်စို့' လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **ကြည်စိုးလွင်(သုံးခွ)**

**နန်းဦးလှိုင်** ပေလီကမ်းခြေ(၃)ညအိပ်အပန်းဖြေခရီးစဉ်(မေ-၆)

- ပေလီကမ်းခြေ(၃)ညအိပ် ခရီးစဉ် (ထမင်းကျွေး၊ တည်းခမပါ) (၆-၅-၂၀၁၆)ထွက်မည်။
- တောင်ကြီး၊ အင်းလေး၊ ထမ့်စမ်းဂူ၊ မွေတော်ကက္ကူ(၄)ရက်-လွိုင်ကော်ပါ(၅)ရက်။
- ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ခမီ၊ စက်စဲ(၅)ရက်။ ကားစီးလုံးငှားအော်ဒါလက်ခံသည်
- အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်းစေတီ(၅)ရက်။
- မန္တလေးဘုရားစုံဖူး၊ ပြင်ဦးလွင်၊ ဒီးဒုတ်ရေပြာအိုင် နှင့် ဝေဧရာစနကျောက်စိမ်းစေတီ(၁)ညအိပ်။
- မြဝတီ၊ မဲဆောက်၊ ကျောက်ကလပ်၊ ကော့ဂွန်းဂူ၊ ရသေ့ပျံဂူ၊ ဘုရင်ညီဂူ(၃)ရက်။ (မဲဆောက်ကားခနှင့် မြဝတီတည်းခငြိမ်း)
- မော်လမြိုင်ဘုရားစုံဖူး၊ ကျိုက္ခမီ၊ စက်စဲကမ်းခြေ၊ နွားလပို့တောင်(၂)ရက်။ ဆက်၍-ဘားအံ ဂူ(၅)ဂူပါ(၃)ရက်။
- ပုဂံဘုရားစုံဖူး-ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ-သီဟိုဠ်ရှင်(၄)ရက်။ (အပတ်စဉ်-သောကြာထွက်သည်)

ပန်းဆိုးတန်း 01-391577, သန်လျင် 09-5122961, 09-254340569, ကျောက်မြောင်း 09-254821597

**မြေညီထပ် တိုက်ခန်းကျယ်ငှားမည်**

ပေ (၂၀× ၁၀၀)၊ အမြင့် (၉)ပေ

ရေ၊ မီး၊ တယ်လီဖုန်း အစုံ

အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗိုလ်စိန်မှန်မီးပွိုင့်အနီး၊

တာမွေမြို့နယ်။

ဖုန်း-၀၉-၄၃၁၅၈၄၉၀၊ ၀၉-၂၅၄၃၁၇၈၄၉၃

MOPAR

**ပျောက်ဆုံးကြောင်း** ဂရုဝ်ဇ် အေးရှားဂျင်နရယ်ဆားဗစ် ကုမ္ပဏီလီမိတက် အမည်ဖြင့် ကုမ္ပဏီမှတ်ပုံတင်အမှတ် ၄၀၄၁သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပါရန်။ ဖုန်း-၀၉-၂၆၀၃၅၄၂၉၀

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့
## စည်ပင်သာယာရေးဝန်ကြီးဌာန
## ရခိုင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်အတွင်း ရခိုင်ပြည်နယ်၊ မြို့နယ်များတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကျေးလက်လမ်း/တံတား၊ ကျေးလက်ရေပေးရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါသည်

| စဉ် | လုပ်ငန်းအမျိုးအစား | အရေအတွက်/အရှည်မိုင် |
|---|---|---|
| (၁) | ကတ္တရာလမ်း | (၁/၆) မိုင် |
| (၂) | ကွန်ကရစ်လမ်း | (၃/၂. ၈၃) မိုင် |
| (၃) | ကျောက်လမ်း | (၂၁/၆. ၅) မိုင် |
| (၄) | မြေသားလမ်း | (၂၄/၅) မိုင် |
| (၅) | ကွန်ကရစ်တံတား | (၅၄၀) ပေ |
| (၆) | ရေပြွန် | (၃၃၅) ပေ |
| (၇) | မြေသားရေကန် | (၁၂၇) ကန် |
| (၈) | စိမ့်စမ်းရေသွယ်လုပ်ငန်း | (၁၅) ခု |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၉-၄-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် လာရောက်ထုတ်ယူနိုင်ပြီး ၃၀-၅-၂၀၁၆ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး ဖုန်း-၀၄၃-၂၂၆၄၄၊ ၀၄၃-၂၂၉၂၃နှင့် လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ)၊ ၀၉၄၂၁၇၁၀၃၂၂ တို့တွင် စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## မွန်ပြည်နယ်၊ လမ်းဦးစီးဌာန
## မော်လမြိုင်မြို့
## ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်
## လုပ်ငန်းသုံးပစ္စည်းများအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မွန်ပြည်နယ်၊ လမ်းဦးစီးဌာနလက်အောက်ရှိ မော်လမြိုင်ခရိုင်၊ သထုံခရိုင် လမ်းဦးစီးဌာနများတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ပြည်နယ် ရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သော ကတ္တရာ၊ လမ်းခင်းကျောက်မျိုးစုံ၊ ဘိလပ်မြေ၊ သံချောင်း၊ မြစ်သဲ၊ ကျောက်စရစ်၊ တောသစ် စသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါသည်။

(က) တင်ဒါလျှောက်လွှာရယူနိုင်သည့်နေ့ရက် - ၂-၅-၂၀၁၆ရက်(တနင်္လာနေ့)

(ခ) တင်ဒါလျှောက်လွှာရယူနိုင်သည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့။ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ သထုံခရိုင်၊ သထုံမြို့။

(ဂ) တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် - ၂၄-၅-၂၀၁၆ရက်(အင်္ဂါနေ့) - နံနက် ၁၀း၀၀ နာရီ

(ဃ) တင်ဒါဖွင့်မည့်နေ့ရက်အချိန် - ၂၄-၅-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီ

(င) တင်ဒါဖွင့်မည့်နေရာ - ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဖုန်း-၀၅၇-၂၄၇၅၉

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၉၆၇/ခ)၊ မြေကွက်တည်နေရာအမှတ်(၉၆၇/ခ)၊ လမ်း(၃၀)၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ (ဦးသိန်းမောင်)(CE-၀၆၆၈၅၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးသိန်းမောင် (ဇနီး)ဒေါ်လှမြင့်၊ (သမီး)ဒေါ်ရင်ရင်မေ၊ (သား)ဦးအေးသန့်(အပျိုကြီး၊ လူပျိုကြီးဘဝဖြင့်) အသီးသီးကွယ်လွန်သဖြင့် ဒေါ်ကြည်ကြည်ဝင်း[၁၂/ဥကတ(နိုင်)၀၈၈၁၅၈]၊ ဒေါ်မြမြဝင်း [၁၂/ဥကတ(နိုင်)၀၈၂၇၇၉]၊ ဦးမြင့်ဝေ[၁၂/ဥကတ(နိုင်)၀၈၀၆၁၅]၊ ဒေါ်မိမိခိုင်[၁၂/ဥကတ (နိုင်)၀၈၂၇၇၄]၊ ဦးရွှေသီးအောင်[၁၂/ဥကတ(နိုင်)၀၈၈၁၄၉]၊ ဒေါ်ခင်ဝင်းမြင့်[၁၂/ဥကတ (နိုင်)၀၈၈၀၅၁]တို့က သား၊သမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများနှင့် ၎င်းတို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၉၇၀၅(၄-၁၁-၂၀၁၄)ဖြင့်ရရှိသူ ဒေါ်ခင် ဝင်းမြင့်[၁၂/ဥကတ(နိုင်)၀၈၈၀၅၁]က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်း ကြောင်း ကျမ်းကျိန်လွှာ-၁၃၅(၁၅-၁၂-၂၀၁၄)ရက်ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့ (၂)ရပ်ကွက်နေ မဇင်နွေဦး(ခ) နွေးနွေး [၁၃/နစန(နိုင်)၀၄၃၀၁၈]သည် မိဘများ၏ဆိုဆုံးမခြင်းကို လက်မခံဘဲ အိမ်မှထွက်သွားပါသဖြင့် ၎င်းအား ယနေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ (ဆက်သွယ်မေးမြန်းခြင်းသည်းခံပါ။)

**ဦးသန်းဦး**
**ဒေါ်ဌေးဌေးဝင်း**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၄၅၊ မြေကွက်အမှတ် - ၁၀၆၃၊ မြေအကျယ် (အလျား ၄၀ပေ× အနံ ၆၀ပေ) မြေကွက်တည်နေရာအမှတ် (၁၀၆၃)၊ ပြည်ထောင်စုလမ်း၊ (၄၅) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ဦးမြလှိုင် (၁၂/ဒဂန (နိုင်) ၀၃၃၃၀၃) ၏ အမည်ပေါက်ပါမစ်မြေအား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် တဆင့်ပြန်လည် ရောင်းချသူ ဦးသန်းထွဋ် (၁၂/ဥကတ (နိုင်) ၁၄၀၃၂၅) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ပြန်လည် ဝယ်ယူရာ စရံငွေ တစ်စိတ်တစ်ဒေသကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့် ရက်မှ (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း (မူရင်း) များပြသ၍ ကျွန်ုပ်ထံတွင် လာရောက်ကန့်ကွက်နိုင်သည်၊ သတ်မှတ်ရက်ကျော်လွန်ပါက မြေနှင့် အိမ် အရောင်းအဝယ်ကို အပြီးအပိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အများသိစေရန် ကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

